
www.burmeseclassic.com

မောင်းယဂ ဝေ

# ဒယကျော်စွာ



BURMESE CLASSIC .com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပြည့်ပြည့်ဝဝဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၁၆၀၆၅၀၉

❖

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၁၀၆၈၀၀၆၀၉

❖

ထုတ်ဝေသည့်ကာလ
ဇွန်လ၊ ၂၀၀၉

❖

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်
ဒေါ်မေသက်ခိုင် (ပြည့်စုံပုံနှိပ်တိုက်)

❖

အုပ်ရေ
၅၀၀

❖

တန်ဖိုး
၁၄၀၀

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း (CIP)

ဒဿကျော်စွာ ၈၉၅.၈၃

စောင်းသံကာဝေ/ဒဿကျော်စွာ ။ ရန်ကုန်။
ငါတို့စာပေ၊ ၂၀၀၉။
(၂၃၈) စာ၊ ၁၂ စင်တီမီတာ × ၁၈.၅ စင်တီမီတာ
(၁) စောင်းသံကာဝေ

www.burmeseclassic.com



ငါတို့စာပေ

မှ

မေလနှင့် ဇွန်လအတွင်း
ထွက်ရှိမည့်စာအုပ်များ . . .

| | | |
|---|---|---|
| ၁။ ပဥ္စမံဒီရိုင်း | - | တက္ကသိုလ်လှပျော် |
| ၂။ နှန်းကြော့သျှင် | - | သိကြားမင်းစမ |
| ၃။ ဟာသလွှင်ပြင် | - | အမှတ်(၉) |
| ၄။ ဒဿကျော်စွာ | - | စောင်းသံကဝေ |
| ၅။ မင်းလူ | - | ရယ်စရာမောစရာ |
| ၆။ ဒဿကျော်စွာ | - | သမန်းကျားရှာ |

# စောင်းသံကဝေ

# ဒဿကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

အဝေးမှ မြင်ရသည်ကပင် ဘုရားကုန်းတော်လေးက မှိုင်းညို့၍ နေ၏။ အမွန်သည် မသေချာစိတ်တစ်ဝက်ဖြင့် ဒေါ်အေးပုံကို မေးလိုက်မိသည်။

"ရှေ့က မြင်ရတာ အဒေါ်ကြီးပြောတဲ့ တောဘုရားလေးလားဟင်"

"ဟုတ်တယ် တူမကြီးရဲ့၊ ဘယ့်နှယ့်လဲ၊အဝေးက မြင်ရုံနဲ့တင် သပ္ပါယ်တယ် မဟုတ်လား၊ သာယာတယ်နော်"

ခေါင်းသာ ညိတ်ပြလိုက်ရသော်လည်း အမွန်တစ်ယောက် ထိုသာယာကြည်နူးဖွယ်ကို တကယ်ခံစား

www.burmeseclassic.com

www.burmeseclassic.com



တိတိပပ မခံစားမိခဲ့သေးပါ။

အခေါ်ကြီး အတင်းခေါ်သဖြင့်သာ လိုက်လာခဲ့ရသော်လည်း ဒီနေရာသို့ လာရောက်ရန် သိပ်စိတ်မပါမိ။ ရွာမှာမွေး၍ ရွာမှာပင် ကြီးပြင်းသည့် တောရပ်သူပင် ဖြစ်သော်လည်း အမွန်မှာ မြို့ကိုသာ အထင်ကြီးပြီး မြို့ရှုခင်း အလှအပများကိုသာ မြင်တွေ့မွေ့ပျော်လိုသူ ဖြစ်လေသည်။

ဒါတွေဟာ သူမ မိဘတွေရဲ့ အမြဲမပြတ် ပြောဆို သွန်သင်မှုများကလည်း အဓိက ပါဝင်လိမ့်မပေါ့။ သို့မို့ကြောင့်လည်း သူမ စိတ်အတိုင်းသာဆိုလျှင်ဖြင့် ဒီနေရာသို့ ဘယ်တော့မှ ရောက်ဖူးခဲ့လိမ့်မည် မထင်ပါ။ သို့ဆိုလျှင်လည်း အံ့သြဘနန်း အဖြစ်ဆန်းများနှင့် သူမ ဘယ်တော့မှ ကြုံတွေ့ရလိမ့်မည် မဟုတ်ချေ။

တကယ်တော့ အရာအားလုံးမှာ ဒီနေရာမှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။

✸

BURMESE CLASSIC .com

[၁]

စိမ်းညို့ညို့ သစ်ပင်အုပ်တို့ကြားမှ လမ်းပြေပြေကလေးသည် ရုတ်တရက်ဆိုသလို မတ်စောက်သော တောင်ကုန်းလမ်းကလေး ဖြစ်သွားလိုက်၊ နိမ့်ဆင်းသော ဆင်ခြေလျှောလမ်းကလေး ဖြစ်သွားလိုက်နှင့် ဘုရားကုန်းတော်ပေါ်သို့ တိုင်ခဲ့လေ၏။

ဘုရားရင်ပြင်ဟုဆိုသာရုံ မြေပြောင်ပြောင်၏ အလယ်တွင် စေတီကလေးမှာ ဆည်းလည်းသံ တချွင်ချွင်ဖြင့် တိတ်ဆိတ်အေးချမ်းသော ပတ်ဝန်းကျင်ကို ကြည်နူးဖွယ်အတိ ဖြစ်စေသည်။ ဘုရားပရဝုဏ်အတွင်း ဝင်ရောက်လိုက်မိသည်နှင့် ငြိမ်းအေးသော ခံစားမှုကို အမွန် အလိုလိုခံစားလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကုန်းတော်ပေါ်မှ မျှော်ကြည့်လျှင် ကွေ့ဝိုက်တက်လာသော တောင်တက်လမ်းကျဉ်းကလေးနှင့် သစ်ပင်အုပ်အုပ်များကို စီးမိုးမြင်ရလေသည်။ လေလေးတဖြူးဖြူးနှင့်မို့ လန်းဆန်းကြည်လင်သော တောတောင်သဘာဝ၏ အရသာကို အပြည့်အဝ ရရှိနေရသည်။

အမွှန် ထိုနေရာလေးကို သဘောကျနှစ်ခြိုက်သွားမိသည်။ စေတီတော်ကို ဦးချရှိခိုးလိုက်ပြီး ...

"အဒေါ်ကြီး ဒီနေရာကို ဘယ်လိုများ ရှာရှာဖွေဖွေ ရောက်ဖူးတာလဲဟင်"

ဟု တအံ့တသြလေး မေးလိုက်မိသည်။ ဒေါ်အေးပုံမှာ တွေတွေငေးငေး ပြုံးလိုက်ရင်း ...

"ပြောရရင် တိုက်ဆိုင်မှုပေါ့ သမီးရယ်၊ အဒေါ်ကြီးလေ ... အဒေါ်ကြီးခင်ပွန်း ဆုံးခါစက တစ်ယောက်တည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်းမသိ၊ စားဝတ်နေရေးကလည်း အဆင်မပြေ၊ အဲဒီအချိန်တုန်းက တူမကြီးအဖေတို့တွေနဲ့ မတွေ့သေးဘူးကွဲ့၊ ခိုကိုးရာမဲ့နေတယ် ဆိုပါ



တော့ကွယ်၊ ရွာထဲမှာ ကြုံရာကျရာ လုပ်စားနေရတာ၊ သူဌေးကကယ်တင်ထားလို့ အဒေါ်ကြီးအခုလို ဝမ်းဝခါးလှအောင်နေရတာလေ၊ အင်း ... ပြန်တွေး ကြည့်ရင် သူဌေးကျေးဇူးတွေအများကြီးပါပဲ"

လိုရင်းမရောက်ဘဲ ရှည်လျားစွာ ရှင်းပြနေသောကြောင့် အမွှန် စိတ်မရှည်တော့ဘဲ ...

"အဒေါ်ကြီးကလည်း ဘာတွေဗာတ်စုံခင်းနေရတာလဲ... အမွှန်က ဒီဘုရားလေးကို အဒေါ်ကြီး ဘယ်လို ရှာတွေ့ခဲ့သလဲ သိချင်တာပါဆို"

"ဩော် ... အေး ... ခုနပြောတာ ဘယ်ရောက်သွားပါလိမ့်၊ သိပြီ၊ သိပြီ၊ အဒေါ်ကြီးယောကျ်ားလည်း ဆုံးသွားရော စိတ်ညစ်ညစ်နဲ့ ဒီတောစပ်လေးကို လမ်းလျှောက်ထွက်လာတာပေါ့၊ အဲဒီမှာတင် ဒီ ဘုရားကုန်းတော်လေးကို အမှတ်မထင် လှမ်းမြင်လိုက်ရတာ၊ အဲဒီတုန်း

www.burmeseclassic.com



က ဒီစေတီလေးက ချုံနွယ်ပိတ် ပေါင်းတွေဖုံးပြီး ပျောက်လုနီးပါးပဲ၊ အဲ … အဲဒီတစ်ခေါက်ရောက်ပြီး နောက် မရောက်ဖြစ်တော့ဘူး၊ နောက် အတော်လေးကြာလို့ ပြန်သွားတော့ စေတီလေးမှာ ဘာချုံနွယ်မှုလည်း မရှိတော့ဘူး၊ ဘုရားရင်ပြင်တော်တစ်ခုလုံးကလည်း တစ်ယောက်ယောက် ရှင်းထားသလို ဖြစ်နေတာ၊ ဒါနဲ့ အဒေါ်ကြီးလဲ အသေအချာအကျအန ဝင်ဖူးဖြစ်ခဲ့တယ်၊ တိုက်ဆိုင်မှုလားတော့ မသိဘူးပေါ့လေ၊ အဲဒီတုန်းက အဒေါ်ကြီးစိတ်ညစ်ညစ်နဲ့ ဆုတောင်းခဲ့တာ၊ ကျွန်မကို ကူညီမယ့်သူ၊ ကယ်တင်မယ့်သူ ပေါ်ပေါက်ပါစေပေါ့၊ တကတည်း ချက်ချင်းကို ပြည့်ခဲ့တာတော်၊ ဘာကြာသလဲ၊ သူဌေးနဲ့ သူဌေးကတော်တို့က အဒေါ်ကြီးကိုခေါ်ပြီး စောင့်ရှောက်ထားခဲ့တာ"

အဒေါ်ကြီးမှာ စိတ်ရှည်လက်ရှည် ရှင်းပြနေ

BURMESE CLASSIC .com



လေ၏။ အမွန်က စိတ်ဝင်တစား နားထောင်နေရင်းမှ သူမ သိချင်သည်များကို ဖြတ်ဝင်မေးမြန်းလေ၏။

"အမွန်သိသလောက်ဆိုရင် အဒေါ်ကြီး ဒီကို အခုမှ လာတာပဲ၊ မရောက်တာကြာပြီပေါ့ ဟုတ်လား"

ဒေါ်အေးပုံက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါ့ သမီးရယ်၊ အဒေါ်ကြီး မရောက်တာကြာပြီပေါ့၊ လူဆိုတာက အဆင်မပြေတုန်းသာ ဘုရားကို သတိရတတ်တယ်နဲ့ တူပါတယ်လေ၊ သမီးတို့ အိမ်မှာပဲ ဝိုင်းလုပ် ဝိုင်းစားသဘောနေရင်း အဆင်ပြေနေတော့ ဒီကို သိပ်မလာဖြစ်တော့ဘူး၊ အခုတော့ သမီးအဖေနဲ့ အမေ မြို့သွားတဲ့အခိုက် အိမ်မှာ သမီးတစ်ယောက်တည်း ပျင်းနေတယ်ဆိုလို့ ဒီ ခေါ်လာတာ"

အမွန် ဘုရားရင်ပြင်တော်ဝန်းကျင်သို့ ဝေ့ဝဲကြည့်လိုက်သည်။ စေတီတော်ဘေးတစ်ဝိုက်တွင် မြက်

www.burmeseclassic.com

www.burmeseclassic.com



ချုံများ ရှုပ်ပွနေခြင်းမရှိ။ ပကတိ ရှင်းလင်းလျက်။ လူသူမနီး တောကြီးမျက်မည်းတွင် ထီးထီးတည်ရှိသော ဘုရားစေတီလေးမှာ တိတ်ဆိတ်အေးချမ်းနေသည်မှအပ အမှိုက်သရိုက်များ ရှုပ်ထွေးပွနေခြင်းမရှိဘဲ တစ်စုံတစ်ယောက်က ရှင်းလင်းပေးထားသလို သပ်ရပ်သန့်ရှင်းနေ၏။ မကြာခင်အချိန်က ကြွေကျခဲ့ဟန်ရှိသော ရွက်ခြောက်အနည်းငယ်သာ မဆိုစလောက်တွေ့ရသည်။ သူမစိတ်ထဲတွင် ထူးဆန်းသလို ခံစားလိုက်မိသည်။

"ရင်ပြင်တော်တစ်ခုလုံး သန့်ရှင်းသပ်ယပ်နေတာပဲနော်၊ ကောင်းလိုက်တာ"

သူမ နှုတ်မှထုတ်၍ ချီးကျူးလိုက်မိသည်။ ဒေါ်အေးပုံမှာ သူမပြောသည်ကို ကြားဟန်မတူ၊ ရေတစ်ခွက်ရှာလာကာ စေတီတော်ရင်းရှိ ကျောက်သားဆင်းတုတော်များအား ရေသပ္ပါယ်နေလေသည်။ အတန်ငယ်ကြာတော့မှ ...

"သမီးရေ ... အမွှန်၊ အဒေါ်ကြီး ဟိုဖက်နားလေးမှာ ဘုရားကပ်ဖို့ တောပန်းလေးတွေ သွားခူးလိုက်ဦးမယ်နော်"

"သြော်၊ ဟုတ်ကဲ့ အဒေါ်ကြီး"

"သမီးရော၊ လိုက်ဦးမလား ဟင်"

"နေပါစေ သမီး၊ ဒီမှာပဲ သဘာဝ အလှအပလေးတွေ ခံစားနေချင်သေးလို့"

ဒေါ်အေးပုံမှာ သူမအနီးမှ ထွက်သွားတော့၏။ ရင်ပြင်တော်ပေါ်တွင် ကြည်နူးစရာရှုခင်းများကို ငေးရင်းအမွှန်တစ်ယောက်တည်း။

စေတီတော်အထက်ဆီမှ ဆည်းလည်းသံလွင်လွင်ကို သူမ သာယာနေမိစဉ် ရုတ်တရက် နားထဲသို့ သံစဉ်တစ်ခု စီးမျောလာသယောင် ခံစားလိုက်ရသည်။ အသေအချာ နားထောင်လိုက်သောအခါ ထိုအသံက တိုးတိမ်ပျောက်ကွယ်သွားပြန်၏။

ထိုစဉ် တောပန်းရနံ့လိုလို အမွှေးနံ့များကိုလည်း ရှူရှိုက်လိုက်မိ၏။ သို့သော် ထိုရနံ့တို့သည်လည်း ခဏချင်းပင် ကွယ်ပျောက်သွားပြန်ရာ ကြောင်တက်တက်ဖြင့် ဟိုဟိုဒီဒီ ငေးကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုနက ကြားရသော ဂီတသံစဉ်ကို ပြန်ကြားရပြန်၏။ ဒီတစ်ခါတော့ ပို၍ပီသသည်။ ဂီတသံစဉ်၏ အမျိုးအစားကိုပင် ခွဲခြားလိုက်နိုင်၏။

ထူးခြားလှသော ထိုအသံမှာ …

'စောင်းသံ' ဖြစ်လေသည်။

ဒီလောက် လူသူမနီးတောကြီးမျက်မည်းထဲမှာ ထူးထူးခြားခြား ဒီစောင်းသံက ဘယ်လိုများ ရောက်လာရပါသလဲ။

ရင်ထဲ ဇဝေဇဝါဖြစ်မိသော်လည်း ကြားနေရသည်က ပြတ်ပြတ်ထင်ထင် ရှိလွန်းလှ၏။

အသံက ထူးခြားနေ၏။ တိုးတိုး ညင်းညင်း လွင့်ပျံလာသော စောင်းသံမှာ အလွန်သာယာ နာပျော်ဖွယ်ကောင်းလှသည်။

"ထူးဆန်းလိုက်တာ"

ဟု သူမနှုတ်မှ တိုးတိုးလေး ပြောလိုက်မိ၏။ မယုံမရဲစိတ်နှင့်အတူ စောင်းသံထွက်ပေါ်လာရာဆီသို့ တရွေ့ရွေ့ ချဉ်းကပ်သွားမိသည်။ တိုးညင်းစွာ ထွက်ပေါ်



နေသော စောင်းလက်သံသည် သူမအားညို့နေသယောင်။ မည်သည့်နေရာမှ ထွက်ပေါ်နေမှန်းမသိသော်လည်း သိချင်စိတ်ကြောင့် တွေ့လိမ့်နိုးနိုး လျှောက်ရှာရင်း ကြီးမားလှသော သစ်ပင်ကြီးအနီးသို့ ရောက်မှန်းမသိ ရောက်သွားမိသည်။ စောင်းသံကို ပိုပြီး ပီပီသသ ကြားရသည်။ လွမ်းမောဖွယ် တေးသွားကို ဖော်ကျူးနေသော လက်သံပင် ဖြစ်၏။

သစ်ပင်ကြီးပတ်လည်ကို သူမ လှည့်ပတ် ရှာကြည့်လိုက်သည်။ စောင်းသံသည် တဖြည်းဖြည်း တိုးညင်းသွားရာမှ ရုတ်ချည်း ပျောက်ကွယ်သွားတော့၏။ ထိုစဉ် သစ်ပင်ကြီး၏ ပင်စည်ကို သူမ အမှတ်မထင် ကြည့်လိုက်မိသည်။

နုတ်စင်လိုလို သစ်သားစင်ကလေးတစ်ခုနှင့် သစ်ပင် ပင်စည်တွင် ကပ်ယောင်ထားသော ပန်းချီကားတစ်ချပ်ကို တွေ့ရသည်။ သူမ ပန်းချီကားကို အသေအချာ ကပ်ကြည့်လိုက်တော့ စောင်းပိုက်ထားသော လုလင်ပျိုတစ်ဦး၏ပုံ ဖြစ်သည်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားပေါ်မှ ဖုန်မှုန့်များကို ဖယ်ရှားကြည့်လိုက်သောအခါ စောင်းတီးနေသော လုလင်ပျို့မှာ အလွန်အသက်ဝင်ပြီး အခြားနတ်ပုံ ပန်းချီကားများနှင့် မတူဘဲ တကယ့်သက်ရှိ လူသားတစ်ယောက်အား ပုံတူဆွဲထားသည့်နှယ် ဖြစ်နေသည်ကို အံ့သြစွာ သိလိုက်ရသည်။

ထိုစဉ် ဆွတ်ပျံ့လွမ်းမောဖွယ်ကောင်းသော စောင်းသံသည် တစ်ဖန် ထွက်ပေါ်လာပြန်လေ၏ စောင်းသံသည် ပန်းချီကားထဲမှ ထွက်ပေါ်လာသည့်နှယ် သူမစိတ်ထဲ ခံစားမိသည်။ ပန်းချီကားထဲမှ လုလင်ပျို၏ မျက်လုံးများသည် တောက်ပစူးရှပြီး သူ၏နှုတ်ခမ်းများမှာ တဖြည်းဖြည်း ကော့ညွတ်ကာ ပြုံးပြလိုက်တော့မယောင်ပင်။

၂

စောင်းသံတွင် သူမစိတ်အာရုံတို့ တိမ်းညွတ်မိန်းမူးသွားပြီး အညို့ခံရသလို ဖြစ်နေသည်။ ပို၍ ထူးခြားသည်မှာ ပန်းချီကားထဲမှ လုလင်ပျို့နှင့် သူမ မျက်ဝန်းအကြည့်ချင်းဆုံကာ မျက်နှာလွှဲမရဘဲ သတိ လက်လွှတ်ငေးစိုက်ကြည့်နေမိခြင်းပင် ဖြစ်၏။



အာရုံတို့က တဖြည်းဖြည်းလွင့်ပါးလာသည်။

စောင်းသံက ကြာလေလေ ပိုပြင်းထန် လေလေ။ သူမရင်ထဲက တစ်စုံတစ်ရာအား သိမ်းနှုတ် ခေါ်ငင်နေသလိုလို။

တဖြည်းဖြည်း ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် ထိန်းကွပ်နိုင်စွမ်းမဲ့လာသလိုလို ဖြစ်ခဲ့မိ၏။

အဝေးကြီးဆီသို့ အမြန် လွင့်မျောသွားတော့မလို ခံစားနေရစဉ် ...

“ဘာတွေ ဒီလောက်တောင် စိတ်ဝင်တစား ငေးနေရတာလဲ သမီးရဲ့”

လှမ်းအော်ပြောသံနှင့်အတူ ဒေါ်အေးပုံရောက်လာပြီး သူမပခုံးကို ဖျတ်ခနဲ လှမ်းပုတ်ခေါ်မှ သတိဝင်လာခဲ့လေသည်။ သူမရင်ထဲ တလှပ်လှပ် ခုန်နေမိ၏။

“ဟယ် ... ဒီမှာလည်း နတ်စင်လေး ရှိတာပဲ၊ အတော်ပဲ ဘုရားပန်းတော့ တင်ပြီးပြီ၊ ဒီမှာ လည်း ပန်းဆက်ဦးမှ”

ဒေါ်အေးပုံက နတ်စင်ကလေးကို မြင်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



၏။ သို့သော် ဘယ်လိုမှ ထူးခြားဟန်မပြ။

"အဒေါ်ကြီး ဒီ စောင်းပိုက်ထားတဲ့ နတ် အကြောင်း သိလားဟင်"

အမွန် မနေနိုင်ပဲ မေးလိုက်မိသည်။

ဒေါ်အေးပုံသည် ပန်းအိုးလေးကို ဆေးကြော ကာ ရေဖြည့်ပြီး ပန်းထိုးနေရင်းမှ ပန်းချီကားကို အသေအချာ ကြည့်၍ ...

"ဟင့်အင်း၊ အဒေါ်ကြီး သိဘူးကွဲ့၊ ပြီးခဲ့တဲ့ အခေါက်တွေ လာတုန်းကလည်း ဒီနတ်စင် လေးရှိတာ သတိမထားမိဘူး၊ အခုမှ သမီး ဒီ ကပ်ရောက်နေလို့ လိုက်လာရင်း တွေ့တာ၊ မှန်းစမ်း နတ်နဲ့ မတူသလိုပဲနော်၊ ချောလိုက်တဲ့ ပုံနှယ်၊ ငါ့တစ်သက် ဒီလောက်ချောတဲ့ ယောကျ်ားမျိုး တစ်ခါမှ မတွေ့ဖူးပါဘူး၊ကြည့် ပါဦး... မျက်ခုံး မျက်လုံးကလည်း လှ၊ နှာတံ လေးဆို စင်းဖြောင့်ပြီးနေတာပဲ၊ ရွှေရောင် ဝင်းတဲ့အသားဆိုတာ ဒါမျိုး၊ နှုတ် ခမ်းက

လည်း လေးကိုင်းကျနေတာပဲ၊ ဟဲ့ ငါကလည်း ဘာတွေ လျှောက်ပြောနေမှန်း မသိပါဘူး၊ နတ် ကြိုက်မှန်းမသိ၊ မကြိုက်မှန်း မသိ၊ သမီး တော် အမိုက်အမဲကို ဗွေမယူပါနဲ့ဘုရား"

အဒေါ်ကြီးမှာ စိတ်လွတ်ကိုယ်လွတ် လျှောက် ပြောနေပြီးမှ နတ်စင်လေးရှေ့တွင် ပွစိပွစိ တောင်းပန် နေသောကြောင့် အမွန့် ရယ်ချင်သွားရ၏။

"အဒေါ်ကြီး ... ဒီနတ်ပုံက တခြားပုံတွေလို မဟုတ်တာတော့ ထူးဆန်းတယ်နော်"

အမွန်မှာ ပြောရင်းသားက ပန်းချီကားသို့ မရှုံ့ မရဲဖြင့် တစ်ခါ ပြန်ကြည့်မိပြန်သည်။ အဒေါ်ကြီးမှာ လက်ကာပြရင်း ...

"အမယ်လေး ... တော်ပါတော့ သမီးရယ်၊ မပြောပါနဲ့တော့၊ နတ်စင်ရှေ့မှာ ပေါက် တက်ကရတွေ စကားစမနေနဲ့တော့၊ တော်ကြာ ငါကလည်းနေနိုင်တာမဟုတ်ပဲ ပြောမိလိမ့် မယ်၊ လာ လာ ... ဘုရားသွားရှိခိုးရအောင်"

www.burmeseclassic.com



ပြောပြောဆိုဆို သူမလက်ကို ဆွဲကာ စေတီလေးဆီ ထွက်ခဲ့တော့၏။ အမွန်မှာ ဒေါ်အေးပုံ ဆွဲခေါ်ရာနောက် လေးကန်စွာ လိုက်ပါရင်း ပန်းချီထဲမှ လုလင်ကို တစ်ချက် ပြန်လှည့်ကြည့်လိုက်မိသည်။ ထိုစဉ်မှာပင် စိတ်ထဲ ထိတ်ကနဲ ဖြစ်သွားရ၏။

သူမအား ပြုံးပြလိုက်သလို ခံစားလိုက်ရသောကြောင့် ဖြစ်လေသည်။

အဒေါ်ကြီးက ဘုရားပန်းကပ်လှူပြီးသောအခါ

"သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေယျသုခိတ၊ ဒုက္ခိတ၊ သတ္တဝါများနှင့် သဗ္ဗေသတ္တာသတ္တဝါအပေါင်း ကျွန်ုပ်နှင့်တကွ ချမ်းသာကြ၍ အမျှကြရသည် ဖြစ်ကြပါစေသော်၊ တမလွန်ရပ်ခြား ပြောင်းရွှေ့ကွယ်လွန်သွားသော တပည့်တော်မ၏ ခင်ပွန်းသည်လည်း ရောက်ရာဘဝ ဘုံဌာနက အမျှရ၍ ကျန်းမာချမ်းသာပါစေ၊ တပည့်တော်မ ၏ ကျေးဇူးရှင် သူဌေးဦးမြသီးနှင့် ဒေါ်တင်မေတို့



လည်း ကျန်းမာချမ်းသာကြပါစေ။ အားလုံးကြားကြားသမျှ အမျှ ... အမျှ ... အမျှ ယူတော်မူကြပါကုန်၊ သူတော်ကောင်း သူမြတ်လောင်း ပို့သသော မေတ္တာကိုလည်း တပည့်တော်တို့က သာဓု ... သာဓု ... သာဓု ခေါ်ပါသည်ဘုရား"

ဟု ကျယ်လောင်စွာ ဘုရားရှိခိုး အမျှဝေလေ၏။ ဘုရားရှိခိုးအပြီးတွင် အမွန့်ဘက်သို့ လှည့်ကာ

"ဟဲ့ ...သမီး၊ ဘုရားရှိခိုးပြီးပလား၊ ဆုလေးဘာလေး တောင်းလေ၊ ဒီစေတီလေးက ဆုတောင်းပြည့်တယ် သမီးရဲ့"

ဟု ဆိုလျှင် အမွန်မှာ ဒေါ်အေးပုံ အော်ကြီးဟစ်ကျယ် ဆုတောင်းအမျှဝေပုံကို ရယ်ချင်မိပြီး ဖြစ်သည့်အတွက် ...

"ဘာ ဆုတောင်းရမှာလဲ အဒေါ်ကြီးရဲ့၊ အမွန်မှ ဆုမတောင်းတတ်တာ"

ဟု ပြောလိုက်၏။ ဒေါ်အေးပုံသည် အမွန်ကို

www.burmeseclassic.com



တအံ့တသြကြည့်ကာ …

“ဟောတော့၊ ဖြစ်မှဖြစ်ရလေ၊ ဆုတောင်းတာပဲ ကိုယ်လိုချင်တဲ့ဆု တောင်းပေါ့”

“သမီးဘဝက အားလုံးပြည့်စုံပြီးသားပဲ အဒေါ်ကြီးရယ်၊ ဘာဆုများထပ်တောင်းနေရဦးမှာလဲ၊ ဘာလဲ … ယောကျ်ားမြန်မြန်ရရပါလို၏လို့ ဆုတောင်းရမှာလား”

သူမ ရယ်ရွှန်းပတ်ရွှန်း ပြောလိုက်သည့်စကားကို ဒေါ်အေးပုံမှာ သဘောကျသွားသည်။

“ဟုတ်တယ်ဟော့၊ အခုမှ သတိရတော့တယ်၊ သမီးက အရွယ်ရောက်နေပြီဆိုတော့ ဖူးစာဖက်တော့ လိုတာအမှန်ပဲ၊ ဒီတော့ သမီးနဲ့ လိုက်ဖက်တဲ့ ဖူးစာရှင်နဲ့ အမြန်ဆုံး နီးစပ်ရပါလို၏လို့ ဆုတောင်းပေတော့”

အမွန်မှာ အပျိုလေးပီပီ ရှက်သွားကာ …

“အဒေါ်ကြီးကလည်း”

ဟု ပြောလေ၏။



“ကဲပါ သမီးရယ်၊ ရောက်တုန်းရောက်ခိုက် ဆုတောင်းစမ်းပါ၊ အဒေါ်ကြီးပြောသလို ဆုတောင်းလိုက်လေ”

ဟု အတင်းတိုက်တွန်းလေတော့သည်။

အမွန်မှာ ရင်တဒိတ်ဒိတ်ခုန်ရင်း ဒေါ်အေးပုံပြောသလို သူမနှင့်လိုက်ဖက်မည့် ဖူးစာရှင်အား အမြန်ဆုံး တွေ့ဆုံရပါလို၏ဟု ဆုတောင်းလိုက်လေ၏။

သူမ ထိုကဲ့သို့ဆုတောင်းအပြီး စေတီတော်အား ဦးချကန်တော့လိုက်စဉ်မှာပင် နှာခေါင်းထဲ မွှေးရနံ့ တစ်မျိုး ရှူရှိုက်လိုက်ရကာ ပန်းချီကားထဲမှ လုလင်ပျို၏ ချောမောလှပသော အပြုံးမျက်နှာအား ဖျတ်ခနဲ မြင်ယောင်လိုက်မိသည်။ ရင်ထဲတွင် တစ်ခါမှမဖြစ်ဘူးသော ခံစားမှုမျိုးဖြင့် တုန်ရင်လှုပ်ခတ်သွားရ၏။

ဘာရယ်မဟုတ်ဘဲ အိမ်ပြန်လာချိန်အထိ ထိုမျက်နှာကိုသာ တရစ်ဝဲဝဲ ပြန်မြင်ယောင်မိလေတော့သည်။

✵

www.burmeseclassic.com

www.burmeseclassic.com

"ဟယ် … သမီးရေ၊ အိမ်မှာ သမီးအဖေတို့ ပြန်ရောက်နေပြီတော့"

ဒေါ်အေးပုံစကားကြောင့် သူမမှာ အိမ်ကြီးဆီသို့ အပြေးကလေး သွားလိုက်မိသည်။ အမှန်ပင် အဖေနှင့် အမေ မြို့က ပြန်ရောက်လာပြီဖြစ်၏။

မိဘများနှင့် တွေ့တွေ့ချင်းမှာပင် …

"အဖေနဲ့ အမေကလည်း မြို့ကိုသွားတာ ကြာလိုက်တာ၊ သမီးဖြင့် ပျင်းလို့ ဘယ်လိုနေရမှန်း မသိဘူး၊ နောက်ဆို သမီးကို ခေါ်သွားနော်"

ဟု မိခင်ဖြစ်သူ၏ ခါးကိုဖက်ကာ ခပ်ချွဲချွဲနွဲ့နွဲ့



လေး ပြောလိုက်တော့ အမေကရယ်မောကာ အမွှန့် ပါးလေးကို လိမ်ဆွဲလေတော့သည်။

"အမေတို့လည်း ပြန်လာချင်တာပေါ့ သမီးရယ်၊ ဟိုမှာ အလုပ်ကိစ္စတွေ မပြီးပြတ်သေးလို့…"

သူဌေးဦးမြသီးတို့လင်မယားမှာ သမီးဖြစ်သူကို ငုံထားမတတ် ချစ်ပြီး အလိုလည်းလိုက်၏။ သားတစ်ယောက်၊ သမီးတစ်ယောက်သာ ရှိသည့်အတွက်လည်း မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ကြလေသည်။

"အခု အဖေတို့ မြို့သွားတာ စပါးတွေ ဈေးကောင်းရခဲ့တယ်၊ စပါးဖိုးတွေလည်း အားလုံးရခဲ့ပြီ၊ အဲဒါကြောင့် သမီးအတွက် ဘာဝယ်ခဲ့တယ် ထင်လဲ"

"သိဘူးလေ"

အမွှန် မသိယောင်ဆောင်ကာ နှုတ်ခမ်းလေးရှုံ့ကာ ပြောလိုက်၏။ မြို့သွားလျှင် သူမအတွက် အမြဲတမ်း

www.burmeseclassic.com



အဖိုးတန်အဝတ်အစား အလှအပပစ္စည်းအသုံးအဆောင်တွေ ဝယ်လာနေကျဆိုတာ သူမ သိပြီးသားဖြစ်၏။

"ကဲ … လာ လိုက်ခဲ့၊ ဟော့ မောင်ညို၊ ဟိုဟာကို နေရာချပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပါပြီသူဌေး"

"လာ … သမီး၊ သမီးအတွက် ဝယ်ခဲ့တဲ့ ပစ္စည်း သွားကြည့်ရအောင်"

ဟုဆိုကာ ဦးမြသီးမှာ သမီးဖြစ်သူလက်ကို ဆွဲကာ အိမ်ထဲသို့ ဝင်ခဲ့တော့၏။ အိမ်ကြီး၏အောက်ထပ် ဧည့်ခန်းတံခါးရှေ့အရောက် အမှန်မှာ သိချင်စိတ်ကို မထိန်းနိုင်တော့။ ခါတိုင်းလို အဝတ်အစားတွေမျိုးအတွက် ဒီလို တကူးတကန့်ခေါ်ပြတာမျိုး မရှိဘူးမဟုတ်လား။

"အဖေ … ဘာပစ္စည်းမို့လဲဟင်"

"လာပါ … အထဲရောက်တော့ မြင်ရမှာပေါ့၊ အဲဒီတော့မှ သမီး အံ့သြသွားလိမ့်မယ်"

ပြောပြောဆိုဆို ဧည့်ခန်းတံခါး ဖွင့်ကာ ဝင်ခဲ့



ကြ၏။ ဧည့်ခန်းထဲ ရောက်ရောက်ချင်းမှာပင် နံရံတွင်ကပ်ကာ အခန့်သားနေရာယူထားသည့် သူမ အဟွက်လက်ဆောင်အား ကြည့်လိုက်မိရာ အမွန် အရမ်း အံ့သြသွားတော့သည်။

မဟောဂနီရောင် ပြောင်လက်နေသော စန္ဒရားကြီးတစ်လုံးပင် ဖြစ်၏။

"အဖေ … သမီးအတွက် ဝယ်လာတယ်ဆိုတာ ဒါကြီးလားဟင်"

"အေးပေါ့ သမီးရဲ့၊ သမီး မကြိုက်ဘူးလား"

အမွန်မှာ စန္ဒရားခုံကြီးကို ပွတ်သပ်ကိုင်တွယ်ကြည့်လိုက်မိသည်။

"လှလိုက်တာနော်၊ ဧည့်ခန်းထဲမှာ ထားလိုက်တာ အရမ်းခမ်းနားပြီး ကျက်သရေရှိသွားသလိုပဲ"

ထိုစဉ် အမွန့်အမေ အခန်းထဲသို့ ဝင်လာပြီး–

"လှပါတော်၊ လှပါ၊ ဈေးကလည်း မနည်းပေးခဲ့ရတာလေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်လျှင် ဦးမြသီးမှာ -

"မတင်မေကလည်း၊ ဒါတောင် ငါ့မိတ်ဆွေမို့ ဒီလောက်ဈေးနဲ့ရတာ၊ အမျိုးအစားကလည်း တကယ့်အကောင်းစား စနေဝေးဆိုလား စတိန်ဝေးဆိုလားပဲ၊ ဒါမျိုးက မြို့မှာဆို သူဌေးတွေ အိမ်မှာပဲ ထားနိုင်တာ၊ သမီးသဘောကျတယ် မဟုတ်လား၊ ကဲ ... ခုံမှာ ဝင်ထိုင်ကြည့်စမ်း သမီး"

ဟု ဆို၏။ အံမွန်မှာ ဖိတ်ဖိတ်တောက် ပြောင်လက်နေသော စန္ဒရားခုံကြီးရှေ့ရှိ ထိုင်ခုံပေါ်တွင်ပင်ထိုင်လိုက်လျှင် တစ်အိမ်သားလုံး ငြိမ်ပြီး ငေးကြည့်ရလေသည်။

နွဲ့နှောင်းလှပသော အမွန်အသွင်မှာ စန္ဒရားခုံကြီးနှင့် အလွန်လိုက်ဖက်ကာ ကြည့်ကောင်းနေတော့၏။ အမွန်သည် စန္ဒရားအဖုံးကို ဖွင့်ကာ ခလုတ်ဖြူဖြူများပေါ်သို့ လက်သီးဆုပ်လေးဖြင့် ဖွဖွလေး ထုကြည့်လိုက်၏။



စန္ဒရားသံမှာ စာခြောက်သော သံပုံးတီးသံကဲ့သို့ တဒုံဒုံ တငွမ်ငွမ် ညံသွားတော့သည်။

"ဟား ဟား ဟား ဟား၊ စန္ဒရားဆိုတာ အဲဒီလို မတီးရဘူး 'သမီးရဲ့"

ဦးမြသီးတို့ လင်မယားမှာ သမီးဖြစ်သူ စန္ဒရားတီးဟန်နှင့် ထွက်လာသော အသံကြောင့် အူလှိုက်သည်းလှိုက် ရယ်မောကြတော့၏။ ဘာမှ နားမလည်ရှာသော ဒေါ်အေးပုံပင် အမွန် စန္ဒရားတီးပုံကို ကြည့်ကာ တခွိခွိ နှင့် ကြိတ်ရယ်လေသည်။

အမွန်မှာ ရှက်ရမ်းရမ်းနှင့် ...

"အဖေကလည်း သမီးမှ မတီးတတ်တာကို ဘာရယ်ကြတာလဲ"

ဟု စိတ်ဆိုးဟန် ပြောလိုက်ရာ ဒေါ်တင်မေမှာ ယောက်ျားဖြစ်သူကို လှမ်းကြည့်ပြီး ...

"ကဲ ... ဘယ့်နှယ့်ရှိစ၊ ဒီက ကလေးတွေက ဒါကြီးကို တီးတတ်ဖို့ နေနေသာ မြင်တောင် မြင်ဖူးကြတာ မဟုတ်ဘူး၊ အဲဒါသမီးအဖေက

www.burmeseclassic.com

www.burmeseclassic.com



"မကြည့်ဘူးဆိုနေမှ … ဒါပေမဲ့ အမွှန်နဲ့ အမောင် ဆုတောင်းပြည့်စေတီလေးကိုသွားပြီး ဆုတောင်းကြမယ်နော်"

"ဆုတောင်းပြည့်စေတီ"

သိခ်က အမွှန်ပြောသော စကားကို သံယောင် လိုက်ရွတ်သည်။

"ဟုတ်တယ်လေ အမောင်ရဲ့၊ အဲဒီစေတီလေး က ဆုတောင်းပြည့်တယ်၊ အမွှန်နဲ့ အမောင် တစ်သက်လုံး မခွဲမခွာ အတူတူနေရပါလို၏လို့ ဆုတောင်း ကြရအောင်လေ"

သူမစကားအဆုံးတွင် သိခ် ညင်သာစွာ ပြုံး လေ၏။ သူမ မျက်နှာလေးကို စေ့စေ့ကြည့်ရင်း -

"အမောင့်ကို အဲသလောက်တောင် ချစ်သ လား အမွှန်"

ဟု တိုးတိုးလေး ကပ်မေးလေသည်။

"ချစ်တာပေါ့ အမောင်ရဲ့၊ အမောင်နဲ့သေအတူ ရှင်မကွာ အမြဲရှိမယ်ဆိုတာ ယုံလိုက်စမ်းပါ"



ဟု ပြောရာ အမောင့်မျက်နှာသည် တိမ်စင်လ လို ဝင်းပသွားပြီး အမွှန့်ပခုံးလေးကို ဖက်ကာ -

"သေအတူ ရှင်မကွာတဲ့လား အမွှန်ရယ်"

ဟု တီးတိုးရေရွတ်လိုက်လေတော့သည်။ ပတ် ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ စန္ဒရား ခုံကြီးသည်လည်း တီးခတ်သူမဲ့ကာအိပ်မောကျနေသည်။ ချစ်သူနှစ်ဦး၏ ရင်တွင်းမှာကား အချစ်တေးသံသာများ သီကျူးဖွဲ့နွဲ့နေမည်မှာ အသေအချာပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အနက် စဉ်းစားနေသည်။ သူတို့၏ သားငယ်ကျော်စွာမှာ ခေါင်းကို ကုတ်ရင်း …

"အမေတို့ တခြားအလုပ်ပဲ လုပ်နော်၊ကျွန်တော့်ကိုတော့ ရှင်ထပ်မပြုပေးနဲ့၊ ခဏခဏ ကတုံးရိတ်ရလွန်းလို့ ခေါင်းမှာလည်း ဆံပင်ကို ပေါက်ရတယ် မရှိတော့ဘူး"

ဟု ပြောလိုက်ရာ အမွန်မှာ လှုပို့ပေါက်ဖြစ်နေပြီဖြစ်သော မောင်ကို ကြည့်ရင်း ရယ်မိလေ၏။ ဦးမြသီးမှာ ကျော်စွာကို ကြည့်ပြီး –

"မင်းကလည်း တစ်မျိုး၊ ကုသိုလ်ကောင်းမှုလုပ်မယ့်ဟာကို ကာဆီးကာဆီးနဲ့ …"

ဟု မာန်လိုက်ရာ ဒေါ်တင်မေမှာ-

"အို … ရှင် သားကို ဘာမှဆူနေစရာ မလိုဘူး၊ သားက အလှူလုပ်ရင် တခြားအလှူလုပ်ဖို့ ပြောတာ၊ ရှင်က တစ်ခါလာလည်း ဆရာတော်ကြီး သိက္ခာထပ်လိုက်၊ သားကို ရှင်ပြုလိုက်နဲ့၊ ကျုပ် သားလေးမှာ ကတုံးကို အဆက်



မပြတ် တုံးနေရတယ်"

ဟု ပြောလိုက်ရာ ဦးမြသီးမှာဘာမှမပြောတော့ဘဲ ငြိမ်သွားသည်။ ခဏနေမှ –

"ဒါဆို ငါတို့ ဘုရားတည်ရအောင်"

ဟု ကောက်ကာငင်ကာ ပြောလိုက်ရာ ဒေါ်တင်မေက …

"အင်း … ကောင်းတယ်၊ ကောင်းတယ်၊ ဒါပေမဲ့ ဘုရားတည်တာ ထင်သလောက် မလွယ်ဘူးနော်၊ ပိုက်ဆံရှိတိုင်း ဖြစ်တာမဟုတ်ဘူး၊ ရှေးဘဝက ပါရမီလည်း ရှိခဲ့ဦးမှ၊ ဘုရားတည်တာ ကိုယ်နဲ့ ရေစက်ဆုံတဲ့ဘုရားဆိုရင်တော့ အဆင်သင့်တာပေါ့"

ဟု ပြောလိုက်၏။

"အဖေနဲ့ အမေ ဘုရားအသစ်တည်မယ့်အစား ဘုရားတစ်ဆူဆူကို အသစ်မွမ်းမံကြပါလား၊ အဲဒါလည်း ကုသိုလ်ရတာပဲလေ"

အမွန် ဝင်ပြောလိုက်သည်တွင် ဦးမြသီးက

www.burmeseclassic.com



“ဘယ်ဘုရားကို သွားမွှမ်းမံကြမှာလဲ၊ ရွာဦးကျောင်းဝင်းမှာလည်း စေတီမှ မရှိတာ” ဟု ပြန်ပြောလေသည်။

“အဲဒါဆို တောစပ်က ဘုရားလေးကိုပဲ ရွှေသင်္ကန်းကပ်ပါလားဟင်”

အမွန့်စကားကြောင့် ဦးမြသီးနှင့်ဒေါ်တင်မေမှာ အံ့ဩဝမ်းသာသွားပြီး …

“ဟုတ်ပ့ါ မတင်မေရယ်၊ ငါတို့ မေ့နေကြတာပဲ၊ တောစပ်က ဘုရားလေးကို ပြန်ပြီး ပြုပြင်မွမ်းမံရမယ်၊ ရွှေသင်္ကန်းကပ်ရမယ်၊ အင်း… ငါ့အလှူဖြစ်ချင်တော့ နတ်သိကြားတွေက ကြံဖန်ပြီး ညွှန်းလိုက်သလိုပဲ၊ ဒါနဲ့ … သမီးကတောစပ်က ဘုရားကို ရောက်ဖူးလို့လား”

“အင်း … အဖေတို့ မြို့က ပြန်လာမယ့်နေ့ကလေ၊ အဒေါ်ကြီးနဲ့ လိုက်သွားတာ၊ ဘုရားလေးက သိပ် ကြည်ညိုစရာကောင်းတာ အဖေရဲ့”

ဦးမြသီးနှင့် ဒေါ်တင်မေမှာ ဝမ်းသာသွားပြီး-



“အင်း … ဒါဆိုရင်တော့ အလှူတော့ ဖြစ်ပြီပေါ့နော်”

ဟု ပြောလိုက်ကြလေ၏။ ဘာရယ်မသိ၊ အမွန့်မှာ ကြည်နူးပီတိစိတ်လေး ဖြစ်သွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပဉ္စသိခ်တီးသောစောင်း

[၃]

သိပ်မကြာလိုက်သောကာလတွင် တောစပ်ရှိ စေတီလေးကို ပြုပြင်မွမ်းမံပြီး ရွှေသင်္ကန်းကပ်လှူဖြစ်ခဲ့ကြလေတော့သည်။ ရဟန်းဒါယကာ၊ ကျောင်းဒါယကာ သူဌေးကြီး ဦးမြသီးမိသားစုမှာ ဘုရားဒါယကာအဖြစ် ခံယူနိုင်ခဲ့ချေပြီ။ စေတီတော်အဆင်းလမ်း ဘေးတွင် စောင်းတန်းတစ်ဆောင်လည်း ဆောက်လုပ် လှူဒါန်းၾ၏။

အမွှန်ကတော့ ဘုရားကို ပြုပြင်မွမ်းမံနေသော ရက်များတွင် စိတ်ရှိလက်ရှိ မကြည့်မွေနိုင်။ တစ်စုံတစ်ခု အား ထိတ်လန့်သလို ဖြစ်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါကတွေ့ခဲ့ဖူးသော စောင်းပိုက်ထားသည့် လုလင်ပျိုပုံအား ကြောက်ရွံ့နေခြင်းပင် ဖြစ်လေသည်။

ထိုပုံနှင့် သူမနောက်တစ်ကြိမ် မျက်နှာချင်းဆိုင် မဆိုင်ရဲတော့ပါ။ ဒီတစ်ခါဆိုလျှင် ဆိုးဆိုးရွားရွား တစ်ခုခု ဖြစ်တော့မည်ဟု သူမထင်နေမိ၏။

ထို့ကြောင့် ထိုနတ်စင်လို နေရာနားသို့ မသွားမိအောင် စိတ်ကို တင်းထားသည်။

မလွှဲမရှောင်သာ ကိစ္စနှင့် သွားရလျှင်လည်း လှည့်မကြည့်ဖြစ်အောင် မျက်နှာကို လွှဲထားမိလေ၏။ တစ်ခါတစ်ရံ တောပန်းလေးတွေခူးပြီး ထိုနတ်စင်လေးမှာ သွားတင်ပေးချင်မိသော်လည်း မသွားဝံ့သလိုဖြစ်နေသည်။ ထိုနေရာနှင့် မလှမ်းမကမ်းနား ရောက်မိလျှင်ပင် ရင်တုန်နေမိ၏။

မည်သို့ဆိုစေ သူမတို့၏ အလှူကြီး ပြီးမြောက်အောင်မြင်လုဆဲဆဲအထိ ဘာပြဿနာမှ မတွေ့ခဲ့ရပါချေ။

ထိုသို့ဖြင့်ပင် . . .



အလှူရေစက်ချ တရားနာမည့်နေ့သို့ ရောက်ရှိလာခဲ့ရသည်။

ရွာသူရွာသားအားလုံးကို ဖိတ်ပြီး အလှူကြီးပေးကြ၏။ မကြာမီ ရွာဦးကျောင်းဆရာတော်ကြီးနှင့် သံဃာတော်များကို ပင့်လာကြပြီး အလှူပြီးမြောက်ခြင်း တရားနာကြတော့သည်။

တရားနာပြီး ရေစက်သွန်းချ အမျှဝေနေချိန်တွင် ထူးခြားမှုတစ်ခု ဖြစ်ပေါ်လာရလေ၏။

မွှေးကြိုင်လွန်းလှသော ရနံ့များကို ရုတ်တရက် ရရှိလာခဲ့ခြင်းပင်။

တရားနာနေသော လူအားလုံး အမွှေးရနံ့များ ရှူရှိုက်မိကြသည်။ အားလုံး အံ့သြမိကြ၏။ တရားပလ္လင်ထက်မှ ဆရာတော်ကြီးပင် တစ်ချက် တွေခနဲဖြစ်သွားသည်။ လူတွေကတော့ တစ်ယောက်တစ်မျိုး ပွစိပွစိနှင့် ပြောနေကြ၏။

ဆရာတော်ကြီးက ဒုတိယအကြိမ် အမျှထပ်ဝေရန်ပြောပြီး သူကိုယ်တိုင်ပင် အမျှအတန်း ပေးဝေကာ၊

www.burmeseclassic.com



ပရိတ်ရေများ ပက်ဖျန်းပေး၏။

အားလုံးမှာ အမွှေးရနံ့များအကြောင်းကို အထူးအဆန်းဖြစ်ကာ တအံ့တဩ ပြောဆိုနေကြတော့၏။

"ရိုးရိုးအမွှေးနံ့နဲ့ မတူဘူးနော်၊ တစ်မျိုးပဲ"

"ဟုတ်တယ် ပန်းရနံ့လည်း မဟုတ်ဘူး၊ မွှေးပုံက စိမ်းစိမ်းရှားရှားကြီး၊ ငါတောင် ကြက်သီးတွေ ထသွားရတယ်"

စသဖြင့် ပြောဆိုသွားကြသည်များ ကြားရ၏။

အမှန်ကတော့ ယခင်တစ်ခေါက် သူမ ရှူရှိုက်မိသော မွှေးရနံ့နှင့် ယခု ထပ်မံရှူရှိုက်လိုက်ရသော မွှေးရနံ့ အတူတူပင်ဖြစ်သည်ကို တစ်စုံတစ်ယောက်အား ပြောပြမည်ဟု စိတ်ကူးသော်လည်း ပြန်လည်မေ့လျော့သွားပြီး မပြောဖြစ်တော့ချေ။

ထိုစဉ် ထူးဆန်းသော အခြင်းအရာတစ်ခုကိုလည်း သူမ မြင်တွေ့ခဲ့ရလေ၏။

နတ်စင်ရှိသောသစ်ပင်ကြီးအကွယ်သို့ ဖျတ်ခနဲ ဝင်ရောက်သွားသော အရိပ်တစ်ရိပ်ကို သူမ တွေ့လိုက်ရခြင်းပင်တည်း။



ရုတ်ချည်း ...

သူမ ရင်ထဲ တလှပ်လှပ်ဖြစ်သွားကာ ခြေဖျားလက်ဖျားများပင် အေးစက်သွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာသက္ကရာဇ် ၁၆၄ ခုနှစ်က
ရှေးပျူခေတ်စောင်း

[၄]

နို့မဟုတ်ပါက ရက်ကြာလာသည်နှင့်အမျှ ···

အမွှန်အဖို့ ထို ဘုရားလေးကို မေ့လျော့သွားလိမ့်မှာပင် ဖြစ်ပါသည်။

သူမ စိတ်ထဲ ခပ်ရှုံ့ရှုံ့ဖြစ်နေမိသောနေရာအကြောင်း မတွေးမိအောင်ပင် စိတ်ထဲက ဆင်ခြင်နေမိ၏။

သို့သော် ကံကြမ္မာ၏ စေစားချက်ကြောင့်ဟုပင် ဆိုရပေတော့မည်။ ရက်များမကြာမီမှာပင် အမွှန်အဖို့ ထိုတောစပ်ဘုရားလေးနှင့် ပတ်သက်စရာကိစ္စတစ်ခုသည် ဖြစ်ပေါ်လာခဲ့ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ ပျာယီပျာယာ ဖြစ်သွားမိသည်ကြောင့် သနပ်ခါးလိမ်းရင်းမှ အမွန် ဒေါ်အေးပုံအား အော်ခေါ်လိုက်သည်။

"အဒေါ်ကြီးရေ … အဒေါ်ကြီး၊ ခဏလာပါဦး"

သူမအသံထဲမှ အရေးတကြီးဟန်ပန်ကို ရိပ်စားမိသည် ထင်၏။ ချက်ချင်းပင် ဒေါ်အေးပုံမှာ မီးဖိုဆောင်ထဲ ထမင်းချက်နေရာမှ ပြေးထွက်လာသည်။

"ဘာလဲ … သမီးရဲ့၊ လန့်လိုက်တာကွယ်"

အမွန်သည် မျက်လုံးလေး ပြူးရင်း …

"အဒေါ်ကြီး သမီးလက်စွပ် တွေ့မိသလားဟင်"

ဟု မေးလိုက်သောအခါ ဒေါ်အေးပုံမှာ အံ့သြထိတ်လန့်သောအမူအရာနှင့် …

"ဟင် … မတွေ့မိဘူး သမီးရဲ့၊ ပျောက်နေလို့လားဟင်"

"သမီးတော့ ဘယ်နေရာမှာ ထားမိမှန်းတောင်



မသိတော့ဘူး၊ အဲဒီလက်စွပ်က ဟိုးတစ်ခေါက် သမီး အသက်နှစ်ဆယ် ပြည့်မွေးနေ့တုန်းက အမေအမှတ်တရ ပေးထားတာ၊ အဲဒါ အမေ့တို့ အဘိုးအဘွားတွေ လက်ထက်ကတည်းက အစဉ်အဆက် ထိန်းသိမ်းလာတဲ့ လက်စွပ်၊ ပျောက်သွားပြီလား မသိပါဘူး အဒေါ်ကြီးရယ်"

သူမ ငိုမဲ့မဲ့လေး ပြောလိုက်မိသည်။ ဒေါ်အေးပုံမှာ ဘာပြောရမှန်းမသိ။ စိတ်မကောင်းသောအမူအရာနှင့် ကြည့်နေလေ၏။

"သမီး အခန်းထဲမှာရော သေသေချာချာ ကြည့်ပြီးပြီလားဟင်၊ အထားမှား မှားသလား"

"အင်း … ရှာပြီးသွားပြီ၊ မတွေ့ဘူး၊ ဒါနဲ့ သမီးစိတ်ထဲမှာတော့ နေရာတစ်ခုမှာ ရှိနေလိမ့်မယ်လို့ထင်နေတယ် အဒေါ်ကြီး"

အမွန် လွတ်ခနဲ ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာလဲ သမီး၊ ပြော ... အဒေါ်ကြီး ကူရှာပေးမယ်"

"ဟို ... ဟိုလေ၊ အလှူပြီးခဲ့တဲ့နေ့က ဘုရားမှာများ ကျန်ခဲ့သလားလို့"

"ဟင် ... သေချာရဲ့လား သမီးရယ်"

ဟု ပြောလိုက်ရာ အမွှန်လည်း ဇဝေဇဝါမျက်နှာလေးနှင့် ...

"သေတော့ မသေချာဘူးပေါ့ အဒေါ်ကြီးရယ်၊ အဲဒီမှာ အမွှန် လက်စွပ်လည်း မချွတ်မိပါဘူး၊ ဒါပေမဲ့ အဲဒီမှာ ရှိနေလိမ့်မယ်လို့ ခံစားရတယ်၊ အဲဒီကိုပဲ သွားရှာချင်တယ်၊ အဒေါ်ကြီး အဖော်လိုက်ခဲ့ပေးပါနော်"

သူမစကားကြောင့် ဒေါ်အေးပုံမှာ သက်ပြင်းချရင်း-

"အဲဒီလိုဆိုတော့လည်း သွားရှာကြတာပေါ့ သမီးရယ်"

ဟု ဆိုလိုက်လေသည်။



"အဒေါ်ကြီး၊ အမွှန့်အဖေနဲ့အမေ မသိစေနဲ့နော်"

အမွှန်က တိုးတိုးတိတ်တိတ် သတိပေးဖြစ်သေး၏။ အဒေါ်ကြီးက ပြုံးရင်း ခေါင်းညိတ်ပြ၏။

"စိတ်ချပါသမီးရယ်"

သို့ဖြင့် ...

ခဏအကြာတွင် ...

သူမတို့နှစ်ယောက် လူရိပ်လူခြေကြည့်ကာ ကုတ်ချောင်း ကုတ်ချောင်းနှင့် အသာလစ်ထွက်ခဲ့ကြလေတော့သည်။

သို့သော် ခြံဝအရောက်မှာပင် သူကို့အတွက် အတားအဆီးက ပေါ်လာခဲ့ရ၏။

"မအေးပုံရေ ... မအေးပုံ"

ခေါ်သံရှင်မှာ ဒေါ်တင်မေ ဖြစ်နေလေ၏။

"အမေခေါ်နေပြီ အဒေါ်ကြီး၊ ဘယ်လိုလုပ်ကြမလဲ"

အဒေါ်ကြီးမှာလည်း ယောင်နနဖြစ်သွားရ၏။

www.burmeseclassic.com



ဒေါ်တင်မေ၏ အသံက နောက်တစ်ခါထွက်ပေါ်လာပြန်သည်။

"မအေးပုံရေ၊ ဘယ်ရောက်နေတာလဲ၊ ဒီမှာ လာကူပါဦး"

ဒီတစ်ခါတော့ အဒေါ်ကြီး အသံမပြုလို့ မဖြစ်နိုင်တော့။

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ လာပါပြီရှင့်"

ဟု ဆိုကာ နောက်သို့ ခြေလှမ်းပြင်ရလေသည်။ အမွန့်ကိုလည်း တိုးတိုးပြောသွားလိုက်၏။

"ကဲ … သမီးရေ၊ တစ်ယောက်တည်းသာ သွားလိုက်တော့၊ ဟိုမှာ သမီးအမေ ဘာခိုင်းစရာ ရှိလို့လဲမသိဘူး၊ သွား သွား၊ တော်ကြာ သမီးကို တွေ့သွားရင် မေးလားမြန်းလား လုပ်နေဦးမယ်"

အမွန့်မှာ လက်စွပ်ပျောက် သွားသည့်ကိစ္စကို အမေသိမှာ စိုးသည့်စိတ်က ကြီးစိုးနေ၏။ တစ်ယောက်တည်းပင် အပြေးဆက်ထွက်လာခဲ့လိုက်သည်။ ဒေါ်အေး



ပုံ ကိုတော့ မှာလိုက်သေး၏။

"အမေမေးရင် ရွာထဲက သူငယ်ချင်းအိမ် သွား တယ်လို့ ပြောပေးနော်"

ထိုသို့ဖြင့်ပင် အမွန့်တစ်ယောက် တောဘုရားလေးဆီ တစ်ယောက်ထဲ သွားဖြစ်ခဲ့ရပါလေတော့သည်။

✵

www.burmeseclassic.com

www.burmeseclassic.com

စေတီလေးမှာ ယခင်လိုမဟုတ်တော့ဘဲ ရွှေရောင် တဝင်းဝင်းနှင့် မနက်ခင်းနေရောင်ခြည်အောက်တွင် အလွန်သပ္ပာယ်နေ၏။

တောင်ကုန်းအတက်နေရာလေး အရောက်တွင် ဘာရယ်မဟုတ်ပဲ ဘုရားကုန်းတော်ပေါ်သို့ မော့ကြည့်လိုက်မိသည်။

"ဟင်"

သူမရင်ထဲ ထိတ်ခနဲ ခုန်သွားမိသည်။ စေတီလေးရှေ့တွင် ဘုရားဝတ်ပြုနေသော အမျိုးသားတစ်ဦးကို ဖျပ်ကနဲ လှမ်းတွေ့လိုက်၏။



စေတီတော်ရှေ့တွင် ထူးထူးခြားခြား တစ်ယောက်တည်းဝတ်ပြုနေသော လူငယ်မှာ ပကတိ ငြိမ်သက်နေသည်။ နံနက်ခင်း၏ နေရောင်အောက်တွင် လူငယ်၏ အသားအရေမှာ ရွှေရောင်သမ်းနေသယောင် ဝင်းမွတ်နေသည်။

သူ ဘယ်သူများလဲ?

အမွန်သိသလောက်တော့ ရွာထဲမှာ ထိုလူ့ပုံပန်းမျိုး မရှိဘူးဟုထင်မိသည်။ တစ်နယ်သားများလား။

သူက ဘာကိစ္စ ဒီဘုရားကုန်းတော်ပေါ်ရောက်နေရသလဲ။ သူကတော့ ဘာကိုမှ အာရုံထားမိဟန် မရှိပဲ ဆက်လက် ဝတ်ပြုနေဆဲ။

အမွန် သူ့နား တဖြည်းဖြည်း နီးလာခဲ့လေသည်။

ထိုသို့ နီးလာသည်နှင့်အမျှ ရင်တွေလည်း တဒိတ်ဒိတ် အခုန်မြန်လာခဲ့ရလေ၏။

ခြေသံကို လုံနိုင်သမျှလုံအောင် ချဉ်းကပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမွှန့်စိတ်ထဲတွင် အမွှန်ရောက်လာသည်ကို သိလျှင် ထိုသူ ထထွက်သွားမှာ စိုးရိမ်မိ၏။ သူ့မုံစံက ဘုရားပေါ် ဘယ်သူမှ မမြင်အောင်ရောက်လာနေသည့် အသွင်မျိုး မဟုတ်လား။

ထိုသူနှင့် မလှမ်းမကမ်းလေးသို့ ရောက်ရှိစဉ်…

သူ့ ဝတ်ပြုနေသံများကိုပါ ကြားယောင်လာမိတော့မလို ရှိစဉ်မှာပင်၊

ဘုရားကုန်းတော်အထက်ဆီမှ …

"အ … အ … အ"

ဟူသော ငှက်အော်မြည်သံရူးရူးရှရှ ထွက်ပေါ်လာတော့သည်။ အမွှန်မှာ စိတ်တိုတောင်းစွာဖြင့် ငှက်အော်သံကြားရာဆီ မော့ကြည့် လိုက်မိသည်။ မည်သည့်သစ်ပင်ပေါ်မှာရှိမှန်း မသိလိုက်ရဘဲ ငှက်သံပြန်ပျောက်ကွယ်သွား၏။

အမွှန်မှာ ခုနလူငယ်ရှိရာသို့ အကြည့်ကို ပြန်လွှဲလိုက်မိရာ …



အရိမ်း အံ့သြသွားမိရလေ၏။

"ဟင် … ဘယ်ရောက်သွားပါလိမ့်၊ ခုနလေးတင် တွေ့လိုက်ပါတယ်"

တကယ်ပင် မျက်လှည့်ပြသလို ပျောက်သွားရခြင်း ဖြစ်လေ၏။ အမွှန်သည် ခုန လူငယ်ထိုင်နေရာဆီ အပြေး လျှောက်လာကြည့်မိခဲ့သည်။

ထူးခြားသော အမွှေးနံ့တစ်မျိုးကို နှာဝတွင် ရှူရှိုက်လိုက်ရ၏။ သို့သော် ထို အမွှေးနံ့မှလွဲ၍ ဘာဆိုဘာမှ မရှိပါချေ။

ဘုရားကုန်းတော်တစ်ခွင် လှည့်ပတ်ကြည့်မိသော်လည်း မည်သူမှကို မတွေ့ရတော့။

အမွှန်တစ်ယောက် အလွန် အံ့သြထိတ်လန့်သွားတော့သည်။ ငှက်ကို မော့ကြည့်လိုက်မိသော လျှပ်တပြက်အချိန့်လေးမှာပင် သူ အသေအချာ မြင်ခဲ့ရသော လူတစ်ယောက်လုံး ပျောက်ကွယ်သွားသည်မှာ ထူးဆန်းလွန်းလှချေ၏။

ဒါဆို သူမပဲ အမြင်မှားပြီး မြင်မိမြင်ရာ မြင်

www.burmeseclassic.com



လိုက်ရတာမျိုးလား။

ဒါမှမဟုတ် သူမ လာနေသည်ကို သိသွားပြီး အမြန် ရှောင်ထွက်သွားတာမျိုးလား။

ရှောင်သွားသည်ဆိုလျှင်တော့ အရှမ်းကို လျှင်မြန်လွန်းသည်ဟု ဆိုရခြိမ့်မည် ဖြစ်သည်။

ဒါပေမယ့် ဘာဖြစ်လို့ ဒီလို ရှောင်သွားရမှာလဲ။

အမွန်မှာ ပဟေဠိများစွာဖြင့် စဉ်းစားမရဖြစ်ကာ တုန်လှုပ်လာခဲ့မိသည်။

ရင်ထဲ အေးကနဲဖြစ်လာကာ ...

တစ်ကိုယ်လုံး စိမ့်တက်လာပြီး မမြင်ရသော တစ်စုံတစ်ရာအား စိုးရွံ့လာသလိုလို ဖြစ်ခဲ့မိသည်။

တတ်နိုင်သမျှ စိတ်ကိုတင်းပြီး စေတီတော်ရှေ့သွားရောက်ဦးချလိုက်၏။ သို့သော် စိတ်ကတော့ မဖြောင့်။

ဘုရားကို ခပ်သုတ်သုတ် ရှိခိုးပြီး သူမလက်စွပ်လေးများ တွေ့လိုတွေ့ငြားဟု ရှာရန် ကြံစည်လိုက်၏။

သူမ ဒီကိုလာရသည့် ရည်ရွယ်ချက်ကိုက



လည်း အဲဒီလက်စွပ်ရှာဖို့ မဟုတ်လား။

ဟိုဟိုဒီဒီ မျက်စိကို ကစားကြည့်မိ၏။

ရှာသာရှာရသော်လည်း တွေ့စရာမရှိလှမှန်း တွေးမိ၏။ ဒီမှာ ကျန်ခဲ့ဖို့က ဖြစ်မှမဖြစ်နိုင်တဲ့ဟာကိုး။

သို့သော် ဘုရားကုန်းတော်လေးက ကျဉ်းကျဉ်းလေးသာမို့ ဝတ်ကျေတန်းကျေသဘော တစ်ပတ်ပတ်ကြည့်လိုက်မိသည်။

ဟိုနတ်စင်ရှိရာ သစ်ပင်နားအရောက်မှာတော့ မကြည့်မိအောင် တမင်မျက်နှာကို လွှဲထား၏။

ထိုကြောင့်ပင် ထိုသစ်ပင်နှင့် ဆန့်ကျင်ဘက်ဖြစ်သော ရင်ပြင်တော်တစ်နေရာဆီ အကြည့်ရောက်မိ၏။

ထိုစဉ်မှာပင် သူမမျက်လုံးများပြူးကျယ် ဝိုင်းစက်သွားရလေတော့သည်။

စေတီလေးရှေ့ဘက်ကပ်လျက် ရင်ပြင်တော်တစ်နေရာတွင် ချိုင့်ခွက်လိုလိုလေးတွေကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ထိုချိုင့်ခွက်ထဲတွင်တော့ ရွှေ

www.burmeseclassic.com



ရောင်ဝါဝင်းနေသော သဏ္ဌာန်လေးတစ်ခု။

အမွန်မှာ အပြေးအလွှားပင် ထိုနေရာဆီ သွားခဲ့မိ၏။

ရင်ပြင်တော်ရှေ့ဘက်တွင် ထူးထူးခြားခြားချိုင့်ခွက်ငယ် ဝိုင်းဝိုင်းလေးနှစ်ခု ရှိနေလေ၏။ လက်ဝဲဘက်ရှိ ချိုင့်ငယ်လေးထဲတွင် ရှိနေသည်မှာတော့ အမွန့်ပျောက်နေသော လက်စွပ်ကလေးပင်တည်း။

ချိုင့်ခွက်ကလေးက လက်စွပ်နှင့် အတိအကျတိုင်းလုပ်ထားသလိုပင် အံကျဖြစ်ပေါ်၍နေလေသည်။

တစ်ကယ်ပင် အံ့ဩလို့ မဆုံးနိုင်အောင် ထူးဆန်းလှပါသည်။

ဒီနေရာမှာ ဒီလို ချိုင့်ခွက်လေးတွေရှိနေမှန်း အမွန်တို့ လုံးဝပင် မသိခဲ့ကြ။

ပြီးတော့ သူမလက်စွပ်ကရော ဘယ်လိုလုပ်ပြီး တိုက်တိုက်ဆိုင်ဆိုင် ဒီချိုင့်ခွက်ထဲ ရောက်နေရတာလဲ။

နံဘေးမှ ချိုင့်ခွက်မှာတော့ တစ်စုံတစ်ရာမရှိပဲ ဟောင်းလောင်းဖြစ်၍ နေသည်။ ချိုင့်ခွက်နှစ်ခုအသွင်မှာ



လက်စွပ်ကလေးနှစ်ခု ယှဉ်ထည့်ဖို့တမင်လုပ်ထားသလို ထင်ရ၏။

ဘယ်ဘက်မှာက အမွန့်လက်စွပ်ဆိုတော့ ညာဘက်မှာထည့်ဖို့က ဘယ်သူ့လက်စွပ်ဖြစ်မလဲ။ ပြီးတော့ ဒီလိုလက်စွပ်ကလေးတွေ ဒီနေရာမှာ ယှဉ်ထည့်ပြီး ဘာအထိမ်းအမှတ်လုပ်မလို့လဲ။

တွေးလေလေ အမွန့်မှာ တွေးမရလေလေ။

တွေးလေလေ အမွန့်ဖို့ ပိုကြောက်မိလေလေပင်ဖြစ်သည်။

သေချာသည်။ ဟိုတစ်နေ့ အလှူလုပ်စဉ်က အမွန့်လက်စွပ် ဒီမှာ ကျန်ခဲ့တာ လုံးဝမဖြစ်နိုင်။

ကျန်ခဲ့ရင်တောင်မှလည်း ဒီချိုင့်ခွက်လေးထဲတော့ ဘယ်လိုမှ တည့်တည့်ထည့်ထားစရာ အကြောင်းမရှိဟု သေချာမိသည်။

ထိတ်လန့် နားမလည်နိုင်ခြင်းများစွာဖြင့်ပင် အမွန်သည် သူမလက်စွပ်ကို ချိုင့်ခွက်ထဲမှဆတ်ကနဲ ထုတ်ယူကာ ခပ်သွက်သွက် နောက်ဆုတ်ပြေးလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရွာသို့ . . .

သူမဘယ်လို ပြန်ရောက်လာခဲ့မှန်းပင် မသိတော့။

တစ်လမ်းလုံး နောက်မှ ခြေသံတစ်ခုက လိုက်ပါလာသလို ထင်ရသည်။

သူမ လုံးဝလှည့်မကြည့်ရဲ။

တစ်လမ်းလုံးလိုလိုလဲ သူမ နှာခေါင်းထဲ မွှေးရနံ့စူးစူးကို ရနေခဲ့ရသလို ရှိ၏။

သူမ လုံးဝမစူးစမ်းရဲ။

အရေးထဲ ကျီးကန်းလိုလို ငှက်လိုလိုကောင်၏ တအာအာ အသံကိုလည်း သူမ တစ်ချိန်လုံးကြားနေခဲ့ရပါလေသည်။

ရွာပြန်ရောက်ရောက်ချင်းမှာပင် အမွှန်တစ်ယောက် ဆုံးဖြတ်ချက်တစ်ခုကို အပြတ်သားဆုံးချခဲ့မိလေတော့၏။

နောက်ကို ထို တောစပ်ဘုရားလေးဆီ သူမ ဘယ်တော့မှ မသွားတော့ပါဘူး။



ဘယ်လောက်ပဲဖြစ်ဖြစ်

သေရေးရှင်ရေးပဲဖြစ်ဖြစ်


ဘယ်လိုမှကို မသွားတော့ပါဘူး . . .

ဟူ၍ပင်တည်း။

ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com



ပျူခေတ်က မင်းမိန်းမများ တီးသောစောင်း

[၅]

နောက်တစ်နေ့ နံနက်မှာတော့ အမွှန်တစ်ယောက် အိပ်ရာမှ ခါတိုင်းထက်စောစွာ နိုးလာခဲ့သည်။

သူမက တစ်ခါတစ်လေ အတော်နေမြင့်သည်ထိ အိပ်တတ်သူမျိုး ဖြစ်၏၊

ကုတင်ပေါ်မှ တစ်ဖက်သို့လှိမ့်ရင်း ပြတင်းပေါက်ကို ဖွင့်ကာ ပြင်ပသို့ ကြည့်လိုက်တော့ နေထွက်စပြုချိန်ပင် ရှိချေသေးသည်။

ပျင်းကျောဆန့်ကာ သန်းဝေရင်း အမွှန် ကြေးမုံရှေ့သွားရပ်ကြည့်လိုက်မိ၏။

ဖူးမွှတ်သန့်စင်သော သူမမျက်နှာလေးမှာ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထစဖြစ်သော်လည်း မခြယ်မသနှင့် တစ်မျိုးလေး လှနေသည်။ ကပိုကရို ဆံနွယ်စများသည် ထုံးဖွဲ့ထား ခြင်းမရှိသောကြောင့် တစ်ကိုယ်လုံး ဖုံးလွှမ်းလုနီးပါး ဖြန့်ကျနေ၏။

မနက်ခင်း၏ နေရောင်ခြည်နုနုသည် ပြတင်းဝ မှာ ကာထားသော လိုက်ကာလေးမှကျော်ကာ သူမ မျက်နှာပေါ်သို့ အုပ်မိုးကျရောက်နေသောကြောင့် မွေးညင်းနုလေးများပင် ရွှေရောင်ဝင်းနေသည့်နှယ် ထင် ရ၏။

အဒေါ်ကြီးကိုအော်ခေါ်ပြီး စားဖို့တစ်ခုခု ပြင် ခိုင်းရကောင်းမလား။

အိပ်ရာပေါ်မှာပဲ ပျင်းပျင်းနှင့်ပြန်တက်ကွေးနေရ ကောင်းမလား။ အမွှန် တောင်တောင်အီအီစဉ်းစားရင်း ကြေးမုံရှေ့ ငူငူလေးရပ်နေမိသည်။

ထိုစဉ်မှာပင် ရင်းနှီးနေသောအသံတစ်ခုသည် နံနက်ခင်း၏ ကြည်နူးဆိတ်ငြိမ်မှုအား ဖြိုခွဲကာ နားထဲ စူးစူးရှရှတိုးဝင်လာလေတော့၏။



"အ … အ … အ"

"ဟင် … ဟိုငှက်သံ ကြားရပြန်ပြီ"

အမွှန်နှုတ်မှ လွတ်ကနဲထွက်သွားရင်း ပြတင်း ပေါက်မှ လိုက်ကာစလေးကို ဆွဲဖယ်၍ ကြည့်လိုက်မိ သည်။ သူမမြင်နိုင်သလောက် အပြင်သစ်ကိုင်းတွေမှာ တော့ ဘာငှက်မှ မတွေ့ရ။

ခြံထဲသို့ ဟိုဟိုဒီဒီ ဝေ့ကြည့်ရင်း မျက်လုံးက အမှတ်မထင် ခြံဝသို့ရောက်သွားသည်။ သူမရင်ထဲ ကျဉ်ခနဲ ဖြစ်သွားသလို ခံစားလိုက်ရ၏။

ခြံဝတွင် ရပ်နေသော လူတစ်ယောက်။ ဘုရား ပေါ်မှာ လှစ်ခနဲတွေ့လိုက်ရပြီး ပျောက်သွားသောလူ။ ဖြူဝင်းသော အသားအရေ၊ မြင့်မားသော အရပ် အမောင်းနှင့် ခန့်ညားသော သူ့အသွင်ကို မမှတ်မိစရာ အကြောင်းမရှိ။ လူမှားစရာ ဖြစ်ရအောင်လည်း သူ့လို အသွင်သဏ္ဍာန်မျိုး နှစ်ယောက်မရှိနိုင်။

သူမ မျက်လုံးတွေကို ဖျတ်ခနဲ ပိတ်ပစ်လိုက် သည်။ တဒိုင်းဒိုင်း ဆောင့်ခုန်နေသော ရင်ခုန်သံက

www.burmeseclassic.com

www.burmeseclassic.com



ခုထိ မပျယ်သေးချေ။

ကိုယ့်ကိုယ်ကို အိပ်မက်မက်နေတာဟု ထင်၏။

ဘုရား ဘုရား အိပ်မက်မက်နေတာပဲ ဖြစ်ပါစေ။

မျက်လုံးကို ဖြည်းဖြည်းချင်း ပြန်ဖွင့်ကြည့်လိုက်သည်။

ခြံဝမှလူကို ယခင် ရပ်နေသော ပုံစံအတိုင်းပင် ပြန်တွေ့လိုက်ရ၏။

''ဟင် တကယ် တကယ်မြင်နေရတာပဲ၊ သူ

သူ ... လူမှ ဟုတ်ရဲ့လား''

နှုတ်မှ တီးတိုးရေရွတ်ရင်း အသေအချာ လှမ်းကြည့်လိုက်မိပြန်သည်။ ရပ်ရှည်အားဖြင့် ချောမောသော်လည်း သူ ဝတ်ဆင်ထားသော အဝတ်အစားများမှာ အလွန်ဟောင်းနွမ်းပြီး ရှေးဆန်သည်ကို တွေ့ရ၏။

သူမ ကြည့်နေစဉ်မှာပင် ခြံဝသို့ သူမအဖေ လျှောက်သွားသည်ကို မြင်လိုက်ရသည်။ ထိုလူ ဖျတ်ခနဲ ပျောက်သွားမလားဟူသော အတွေးနှင့် အသေအချာ



ငေး စိုက်ကြည့်နေလိုက်၏။ ဦးမြသိန်းမှာ ထိုလူကို လှမ်းကြည့်ပြီး ခြံတံခါးကို ဖွင့်နေသည်။ ရုတ်ချည်း ပြန်ပျောက်ကွယ် သွားမည်လား၊ အဖေ့ကိုပဲ တစ်ခုခု အန္တရာယ်ပြုလိုက်လေမည်လားဟု တွေးရင်း အာခေါင်များပင် ခြောက်ကပ်လာသလို။

သူမ မနေနိုင်စွာ အခန်းထဲမှ ပြေးထွက်ကာ အိမ်အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။ အိမ်တံခါးဝတွင် ကွယ်ရပ်ရင်း ခြံဝမှ အဖေနှင့် ကိုလူစိမ်းတို့ဆီမှ ကြားရသည်များကို နားစွင့်နေလိုက်သည်။

''ဒီက မောင်ရင်က ဘယ် သူများလဲ၊ ပြီးတော့ ဘယ်သူနဲ့ တွေ့ချင်လို့လဲ''

အဖေက မေးလိုက်သည်။

''ကျွန်တော်က တစ်ရပ်တစ်ကျေးက လာခဲ့တာ ပါ၊ ဦးတို့အိမ်မှာ ကျွန်တော့်အတွက် အလုပ်လေး တစ်ခုတစ်လေများ ရနိုင်မလားလို့ ပါ ခင်ဗျာ''

ဦးမြသိန်းသည် သူ့အိမ်ရှေ့တွင် ထိုလူငယ်

www.burmeseclassic.com

www.burmeseclassic.com



ရစ်သီရစ်သီလုပ်နေသောကြောင့် မာမာတင်းတင်း အော်ငေါက်ပစ်လိုက်မည်ဟု စိတ်ကူးကာ ထွက်လာခဲ့သော်လည်း လူငယ်၏ ရည်မွန်သော အမူအရာနှင့် သိမ်မွေ့ခန့်ညားသော ရုပ်ရည်ကို မြင်လိုက်ရ၍ အနည်းငယ် တုံ့သွားသည်။ သူ မေးမြန်းသည်ကိုလည်း ယဉ်ကျေးချိုသာစွာ ပြန်ဖြေသောကြောင့်လည်း အရေးတယူ ထပ်ပြောလိုက်သည်။

"ဟို ... ဦးတို့က အလုပ်သမား မလိုဘူးကွဲ့၊ အဲဒီတော့ တခြားမှာပဲ ရှာကြည့်လိုက်ပေါ့"

ထိုအခါ လူငယ်က -

"ဒီရွာမှာ ဦးက အချမ်းသာဆုံး သူဌေးကြီးလို့ ကျွန်တော် သိခဲ့ရပါတယ်၊ အဲဒီလို လူဆီမှာမှ ကျွန်တော် အလုပ်မရရင် တခြားနေရာတွေမှာလည်း မရနိုင်တော့ပါဘူး ဦးရယ်"

ဟု ပြောလိုက်ရာ ဦးမြသီးမှာ သဘောအကျကြီး ကျသွားကာ -

"ဒါလည်း မှန်တာပဲကွ၊ နေပါဦး ... မင်းက



ဘာဖြစ်လို့ ဒီလောက် အလုပ်လိုချင်နေရတာလဲ"

ဟု ဆိုလိုက်၏။ လူငယ်က ခပ်ယိုယို ပြုံးရှင်း -

"ဒါတော့ ရှင်းပါတယ် ဦးရယ်၊ လူဆိုတာ အလုပ်ရှိမှ စားဝတ်နေရေး ပြည့်စုံမှာ၊ စားဝတ်နေရေးပြည့်စုံမှလည်း အသက်ရှင် ရပ်တည်နိုင်မှာလေ၊ အဲဒီအတွက် ကျွန်တော် အလုပ်လုပ်ချင်တာပါ"

"အင်း ... ဟုတ်ပါပြီ၊ ဒါနဲ့ မင်း ဘာလုပ်တတ်လဲ"

"ကျွန်တော် လုပ်တတ်တာတော့ အများကြီးပါ ခင်ဗျ၊ ဘာမဆို ဦး ခိုင်းသမျှကို ကျွန်တော် တတ်နိုင်သမျှ ဖြစ်မြောက်အောင် လုပ်ပေးမှာပါ"

ဦးမြသီးက ခေါင်းကို တဖြင်းဖြင်းကုတ်သည်။

"အဲဒါ ခက်တာပဲကွ၊ ငါ့မှာခိုင်းစရာကလည်း

www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ မင်းကလည်း အကုန်လုပ်တတ်တယ်ဆို နေပြန်ပြော့ ခိုင်းဖို့ ပိုခက်သွားရော၊ လောက မှာ အကုန်တတ်တယ်လို့ ဆိုသူတွေဟာ ဘာမှ မတတ်ကြတာများတယ်ကွ၊ အဲဒီတော့ မင်း ဘာကို ကျွပ်းကျွမ်းကျင်ကျင် လုပ်တတ် သလဲ၊ တခုထဲသာ ပြောချေကွာ''

လူငယ်သည် ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်

၏။

''ဟုတ်ကဲ့၊ ကျွန်တော် အနုပညာနဲ့ ပတ်သက် ပြီး ကျွမ်းကျွမ်းကျင်ကျင် တတ်ပါတယ်ခင်ဗျ''

သူ့စကားကြောင့် ဦးမြသီးမှာ ရှုံမဲ့သွားရသည်။

''မင်းကိုကြည့်ရတာ အနုပညာသမားရုပ်တော့ ပေါက်ပါတယ်လို့ ထင်နေသား၊ ဒါပေမဲ့ ဦးတို့ အိမ်က မင်းတတ်တဲ့ပညာနဲ့ အံဝင်ခွင်ကျ မဖြ လောက်ဘူးနဲ့တူတယ်၊ တို့က ဆိုင်းဝိုင်းလဲ ထောင်၊ အလှူခံလည်း မထွက်တော့ အခ သားပဲ ဒီတော့ ဦးအကြံပေးချင်တာ မင်း



ဓာတ်အဖွဲ့တစ်ဖွဲ့ထဲ လိုက်ပြီးလုပ်ပါလားကွာ''

''ဟုတ်ကဲ့ လိုက်ဆိုလည်း လိုက်ပါ့မယ်ဦးရယ်၊ ဘယ်ဓာတ်ထဲ လိုက်ရမလဲသာ အမိန့်ရှိပါ ခင်ဗျာ''

ဦးမြသီး မျက်လုံးပြူးလေတော့၏။

''ဟော၊ ဒါတော့လည်း ငါ ဘယ်သိမလဲကွာ၊ ဓာတ်တွေအများကြီးရှိတာ ကြိုက်တဲ့ဓာတ်နဲ့ လိုက်ပေါ့''

''ဟုတ်လား၊ ဒီရွာမှာက ဓာတ်တွေအများကြီး ရှိတာလားဟင်''

''ဟ၊ ဒီရွာမှာတော့ ဘယ်ဟုတ်မလဲကွ၊ အမြို့ မြို့ အနယ်အနယ်တွေမှာ ရှိနေကြတာပေါ့၊ ဒါနဲ့နေပါဦး မင်းတတ်တဲ့ အနုပညာဆိုတာ ဘယ်လိုအမျိုးအစားမျိုးလဲ၊ အနုပညာအတတ် မှာကလည်း အမျိုးမျိုးရှိသေးတာကိုး''

''ကျွန်တော်တတ်တဲ့ အနုပညာက ဖျော်ဖြေရ တဲ့ပညာပါခင်ဗျ''

www.burmeseclassic.com

www.burmeseclassic.com



"ဟာ အနုပညာပါဆိုမှ ဖျော်ဖြေရတာချည်း ပေါ့ကွာ၊ မဖျော်ဖြေရင် အနုပညာသမားကို မဟုတ်တော့ဘူးကွ၊ လူတွေဆီက ငွေလိမ်ယူတဲ့ သူတွေပဲ ဖြစ်တော့မှာ၊ ငါက မင်းတတ်တဲ့ အနုပညာအမျိုးအစားကို မေးတာ"

"ဩော် ဟုတ်ကဲ့၊ ကျွန်တော်တတ်တာ ဂီတနဲ့ ပတ်သက်လို့ပါ၊ အတီးအမှုတ်တူရိယာအစုံ ရပါတယ်ခင်ဗျ"

လူငယ်စကားကြောင့် ဦးမြသီးမှာ မျက်မှောင်ကျုံ့စဉ်းစားလိုက်မိသည်။

"နေဦးကွ … ငါတစ်ခုစဉ်းစားမိတယ်၊ မင်း စန္ဒရားကော တီးတတ်သလား"

"ဟုတ်ကဲ့ ကြိုးတပ်တူရိယာမှန်သမျှ ကျွန်တော် အကုန်တီးတတ်ပါတယ်"

"စန္ဒရားက ကြိုးတော့တပ်မထားဘူးကွ၊ အဖြူနဲ့ အနက်ခလုပ်တွေပဲ ကွက်ကြားပါတယ်"



လူငယ်က အနည်းငယ် ရယ်လေသည်။

"စန္ဒရားမှာလဲ ကြိုးပါပါတယ်ခင်ဗျ၊ အထဲမှာမို့ မမြင်ရလို့ပါ"

"အေးပါ အေးပါ၊ မင်းသိရင်လည်း ပြီးတာပဲကွာ၊ ငါတို့မှာ မြို့က ဝယ်လာတဲ့ စန္ဒရားကြီး တစ်လုံး ရှိတယ်ကွ၊ အဲဒါမတီးတတ်လို့ ဒီတိုင်း အလှထားရတယ်ဟ မင်းတတ်ရင်တော့ ငါ့သမီးကို လာသင်ပေးပေါ့လကွာ"

"ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော်သင်ပေးပါ့မယ်၊ ကျေးဇူးတင်လိုက်တာ ဦးရယ်"

"သင်တာတော့ ဟုတ်ပါပြီ၊ မင်းအတွက် သင်ခကရော၊ ဘယ်လိုပေးရမလဲ"

"ရပါတယ်ခင်ဗျာ၊ ကျွန်တော့်ကိုထမင်းကျွေး၊ အဝတ်အစားလေးတွေ ပေးရင်ပဲ ကျေနပ်ပါပြီ"

"အေး ဒါဆိုရင်တော့ အကောင်းဆုံးပေါ့ကွာ၊ နက်ဖန်ကစပြီး လာသင်ပေတော့ဟေ့ မင်း

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ရပြီလို့သာ မှတ်လိုက်ပေတော့"

လူငယ်မှာ ဝမ်းမြောက်ဝမ်းသာစွာပင် ဦးမြသီးကို နှုတ်ဆက်ပြီး ခြံရှေ့မှ ထွက်သွားတော့၏။ သူမသွားခင် အိမ်ကြီးဆီသို့ တစ်ချက် ဝေ့ကြည့်လိုက်သေး၏။

အမှန် အခန်းဆီသို့ ကြည့်သွားခြင်းများလား မပြောတတ်ပါ။ ဒါပေမယ့် အမှန့်အခန်းကို သူက ဘယ်လို သိမှာလဲ အဖြေမရှိ။

ဘာပဲဖြစ်ဖြစ် ထိုလူမှာ ထူးဆန်းမှုတွေပြည့်နှက်နေတာတော့ အသေအချာပဲဖြစ်သည်။

သူ့ကို အဖေ အလုပ်ပေးလိုက်ခြင်းအတွက်လည်း စိတ်ထဲ တစ်စုံတစ်ခုကို ဘွေးကြောက်နေမိသလို ခံစားရသည်။

သို့သော် ဘာကြောင့်ရယ်မသိ။

စိတ်အတွင်းပိုင်း အနက်ရှိုင်းဆုံးတစ်နေရာမှလည်း ကျေနပ်သလိုလို ခံစားနေမိရပြန်လေသည်။

[၆]

နောက်တစ်နေ့ အမှန်တစ်ယောက် ဘုရားရှိခိုးနေစဉ်မှာဖြစ်သည်။

ဘုရားခန်းရှေ့မှ တစ်စုံတစ်ယောက် ဖြတ်လျှောက်သွားသလို ခြေသံတရှပ်ရှပ် ကြားလိုက်ပြီး မွှေးရနံ့တစ်မျိုး ပျံ့လွင့်လာသောကြောင့် သူမ ကြက်သီးမွေးညင်းများ ထသွား၏။

စိတ်က ထင်လို့ပဲဖြစ်မှာပါလေဟု တွေးပြီး ဘုရားရှိခိုးခြင်းကို အပြီးသတ် ပြုနေလိုက်သည်။ ဘုရားရှိခိုးပြီးသွားမှ အခန်းထဲက ထွက်ပြီး ဧည့်ခန်းထဲသို့ ဝင်ရန် ပြုလိုက်စဉ် ...

www.burmeseclassic.com

www.burmeseclassic.com



သူမနှုတ်မှ အမယ်လေးလို့ အသံမထွက်အောင် ပါးစပ်ကို လက်ဖြင့် ပိတ်ထားလိုက်ရသည်။ ဧည့်ခန်းတံခါးဝတွင် ခဏရပ်ပြီး အံ့သြထိတ်လန့်စွာ ကြည့်လိုက်မိတော့ သူမှ သူ အစစ်ပါပဲ။ စန္ဒရားဘေးက ထိုင်ခုံလေးမှာ ခပ်ကုန်းကုန်းထိုင်နေသော သူ့ကို တွေ့လိုက်ရ၏။ သူမ ခြေဖျားလက်ဖျားတွေ အေးစက်တုန်ယင်လာသည်။ သူမ အခန်းတံခါးတွင် ကွယ်ကာ ခဏရပ်ရင်း နံရံကို မှီပြီး အသက်ကို ဝအောင် ရှူလိုက်သည်။

သူမအဖေ ခေါ်ထားသော စန္ဒရားတီး သင်ပေးမည့် ဆရာဟူသော အတွေးက သူမကို အနည်းငယ် စိတ်သက်သာရာ ရစေခဲ့၏။ အဖေ့ကို အကြောင်းစုံ ရှင်းပြပြီး နှင်ထုတ်ခိုင်းရမလား၊ သူမကိုယ်တိုင် ဖွင့်ပြောပြီး တစ်ခုခုလုပ်ရမလားဟု တွေးနေခိုက် ...

“ရောက်နေပြီလား ညီမငယ်၊ အထဲဝင်ခဲ့လေ”

ခပ်သြသြနှင့် ချိုရှသော သူ့အသံကြောင့် သူမ ဆတ်ခနဲပင် တုန်သွားရ၏။ အခန်းတွင်းသို့ မဝံ့မရဲ



တစ် လှမ်းချင်း လျှောက်လာရင်းမှ -

“ရှင် ... ရှင် ကျွန်မဝင်လာတာ သိနေတယ်၊ လှည့်လည်း မကြည့်ပဲနဲ့”

ဟု တုန်တုန်ယင်ယင် မေးလိုက်တော့ သူက ချိုသာစွာ ပြုံးပြသည်။

“ညီမ အခန်းရှေ့မှာ ရပ်နေကတည်းက သိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ညီမ အရိပ်က ကျွန်တော်ထိုင်နေတဲ့ ခုံအနားထိ ရောက်နေလို့လေ”

သူပြောမှ သူမ သတိထားကြည့်လိုက်မိသည်။ ဟုတ်ပေသားပဲ။ သူမအရိပ်က နေရောင်ကြောင့် အခန်းထဲ ထိုးကျနေသည်။

သူ၏ အမူအရာများထဲတွင် စကားပြောလျှင် အမွှန်မျက်လုံးများကို ဆုံအောင်မကြည့်ဘဲ ခပ်လွှဲလွှဲ ပြောတတ်ခြင်းနှင့် သူ့ကိုယ်သူ ကျွန်တော်ဟု နှိမ့်ချ ပြောတတ်ခြင်းကို သတိပြုမိ၏။

အမွှန့်အသက်မှာ ယခုမှ နှစ်ဆယ်ကျော်ရုံ

www.burmeseclassic.com

www.burmeseclassic.com



ကလေးသာ ရှိသေးသည်။ ဘာပဲဖြစ်ဖြစ် သူက အမွှန် ထက်တော့ အသက်ကြီးပေလိမ့်မည်။ သို့ဖြစ်လျက် ယဉ်ယဉ်ကျေးကျေးဆက်ဆံခြင်းကို သဘောအနည်းငယ် ကျမိ၏။

"ချောတော့ တော်တော်ချောတာပဲ"

ဟု အမွှန့်စိတ်ထဲမှ မှတ်ချက်ချလိုက်သည်။ ရုံးရဲ့ တောက်ပသော်လည်း ဆွေးရိပ်သန်းနေသည့် မျက်လုံး များက နူးညံ့သိမ်မွေ့သော ပုံစံပင်။ နီရဲပါးလျား သော နှုတ်ခမ်းနှစ်လွှာကလည်း တင်းတင်းစေ့ထားတာ တောင် ပြုံးယောင်သမ်းနေ၏။ သူမကို ဖျတ်ခနဲ လှမ်း ကြည့်ပြီး ချက်ချင်းဆိုသလိုပင် မျက်လွှာပြန်ချသွား သည်။

သူ့ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ နေ ရောင်ထိုးနေသောကြောင့် သူ့အရိပ်မှာ ကြမ်းပြင်ပေါ် တွင် ရောက်နေ၏။

"အင်း ... ငါ ကြားဖူးတာတော့ သရဲတစ္ဆေ များဟာ အရိပ်မထွက်ဘူးဆိုပဲ၊ သူက အရိပ်



တော့ ရှိတယ်၊ မှန်းစမ်း ... ဖနောင့်လည်း မတိုဘူး၊ မျက်ထောင့်လည်း မနီပါဘူး၊ ခုန ငါ့ကို ကြည့်လိုက်တုန်းက မျက်တောင်ခတ် တယ်၊ ပြီးတော့ မျက်လွှာချသွားတယ်၊ ဘီလူး သရဲတော့ မဟုတ်ဘူး ထင်ရဲ့"

အမွှန့်စိတ်ထဲတွင် ယောက်ယက်ခတ်ပြီး အတွေးများနေသလောက် သူကတော့ ပကတိ တည်ငြိမ် နေသည်။ သူ့မျက်နှာကအစ တစ်ကိုယ်လုံးကို စေ့စေ့ စပ်စပ် ကြည့်နေခြင်းအား သိဟန်တူသော်လည်း မနေ တတ်၊ မထိုင်တတ် ဖြစ်နေပုံမဟုတ်ဘဲ တမင်တကာ ငြိမ်ငြိမ်လေး နေပေးပုံမျိုးဖြစ်၏။

သူမကို မကြည့်ဘဲ မျက်လွှာချထားသော ကြောင့် သူမ စိတ်တိုင်းကျ လေ့လာခွင့်ရနေသည်။

"ဘာကြည့်နေတာလဲဟင်"

ရုတ်တရက် မတ်ခနဲ ထောင်လာသော ခန္ဓာ ကိုယ်နှင့်အတူ သူက မျက်လွှာပင့်အကြည့်တွင် အသေ အချာ စိုက်ကြည့်မိသော သူမ မျက်လုံးများနှင့် ဆုံသွား

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။

"အို"

အမွန်လန့်ပြီး နောက်သို့ တွန့်သွားမိသည်။

"ကြည့်လှချည်လားဗျာ၊ ကျွန်တော့်ကို ဘာတွေ မယုံသင်္ကာ ဖြစ်နေတာလဲ"

"မ ... မဟုတ်ပါဘူး"

သူမမှာ သူခိုးလူမိခံရသလို သက်ရှိလူသား တစ်ယောက်ကို စိမ်ပြေနပြေ ထိုင်ကြည့်နေမိသည့် အတွက် ရှက်ရွံ့အားနာသွားရ၏။ သူကတော့ သက်ပြင်း တွေ မသိမသာ ခိုးရှိုက်နေသည်။

"ဒီက ... ရှင့် ... ရှင့်နာမည်"

"ကျွန်တော့်နာမည် သိန်းပါ"

"ကို ... ကိုသိန်း၊ ဟို ... ဟိုလေ မျက်လုံး ခဏမှိတ် ... မှိတ်ထားပါလားဟင်"

သူ ဆတ်ခနဲ မော့ကြည့်ပြီး မသိမသာ မျက်ခုံး တွန့်လိုက်သည်ကို တွေ့လိုက်ရ၏။ ချက်ချင်းဆိုသလို သူ့မျက်နှာက အလိုမကျရိပ် ပျောက်သွားကာ ပြုံးယောင်



သမ်းသွားပြီး ဘာမှ ပြန်မပြောတော့ဘဲ မျက်လုံးကို မှိတ်ပေးလေတော့သည်။

သူမ သူ့ရှေ့သို့ တရွေ့ရွေ့တိုးကာ သူ့လက်ဖျံ ကို ဆတ်ခနဲ ဆွဲဆိတ်ပစ်လိုက်၏။

"အား ..."

သူ့အော်သံ မဆုံးခင်မှာပင် သူမ နောက်သို့ ချက်ချင်းဆုတ်၍ သူ့မျက်နှာကို ကြောင်တက်တက်လေး ပြန်ကြည့်နေမိသည်။

သူ ရှုံ့မဲ့ရင်း သူမကို တအံ့တဩ ကြည့်ကာ-

"ဘာ ... ဘာလုပ်တာလဲဗျာ၊ စန္ဒရားသင် တာ အဲဒီလို ဆွဲဆိတ်ဖို့ လိုလို့လား"

ဟု ပြောသောကြောင့် အမွန် ရယ်ချင်မိ၏။ သို့သော် သူမ မရယ်ခဲ့ပါ။ ခပ်ဖွဖွကိုက်ထားသော နှုတ်ခမ်းလေးကို တင်းတင်းစေ့ရင်း -

"ရှင် ... လူအစစ် ဟုတ်ပါတယ်နော်"

ဟု ပြောလိုက်သည်။ သူမစကားကို ကြား လိုက်ရသော သူ့မျက်နှာသည် တအံ့တဩ ဖြစ်နေရင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် နာကျင်ကြေကွဲရိပ်သန်းသွားကာ အမွှန်နားမလည်နိုင်သော အပြုံးတစ်ခုကို ပြုံးသည်။

"ကျွန်တော့်ပုံစံက လူတစ်ယောက်နဲ့ မတူလို့လား၊ ကျွန်တော် ဘွတ်အဲ ဘွတ်အဲလို့လည်း မအော်ဘူး၊ ဝုတ် ... ဝုတ်လို့လည်း မဟောင်မိပါလားဗျာ"

သူ့စကားကြောင့် သူမ အားတုံ့အားနာ ဖြစ်ပြီး သူ့ကို ဘာရယ်ကြောင့်မသိ သနားသွားမိ သည်။

ထိုနေ့က

စန္ဒရားသင်ရသော်လည်း သူမ စိတ် မပါခဲ့ချေ။ စန္ဒရားခလုတ်များပေါ်တွင် တရွရွပြေးလွှားလှုပ်ရှားသွားသော သူ့လက်ချောင်း ရှည်သွယ်သွယ်များသို့သာ တစူးတစိုက် လိုက်ကြည့်နေမိ၏။ သူကတော့ သူမအပြုအမူကို စိတ်ညစ်နေသလို သက်ပြင်းတွေ ခိုးခိုးရှိုက်နေသည်မှလွဲ၍ မသက်ာစရာပုံစံမျိုး မလုပ်ခဲ့ချေ။

ဖဖဖဖဖ

[၇]

သိမ်အဖို့တော့ ဝေဒနာနေ့စွဲများပင် ဖြစ်လေတော့သည်။

အမွှန် ဆံနွယ်များမှ ခပ်သင်းသင်းရနံ့ကို အကြိမ်ကြိမ် ခိုးကာရှူရှိုက်မိသည်။ စံပယ်ပန်း ပန်ထားသော ခေါင်းတွင် စံပယ်ရနံ့သင်းနေခြင်းက မဆန်းသော်လည်း သူမကိုယ်သင်းရနံ့နှင့် ပေါင်းကာ ထွက်ပေါ်လာသော ရနံ့တို့က နှလုံးသားသို့တိုင် မွှေးပျံ့လွှမ်းလှချေ၏။

သို့သော် လှပနူးညံ့မှုနှင့် မလိုက်ဖက်အောင်ပင် သူမ၏ စိတ်ဓာတ်က ခက်ထန်မာကျောလှသည်။

စန္ဒရားတီးနေသော သူမနောက်ကျောမှ အုပ်မိုး

www.burmeseclassic.com

www.burmeseclassic.com



ကာ တီးကွက်တွေ လိုက်ထိန်းလိုက်ညှိပေးရသော အချိန်တွင် သူ့မျက်နှာနှင့် သူမပခုံးနှင့် ထိမိသည့် အခါမျိုးတွင် ကိုယ်ကိုယို့ပြီး ရှောင်တတ်၏။ တစ်ခါတလေတော့-

"ဟာ … မှားသွားပြန်ပြီ"

ဟု ကလေးလို အော်ကာ ဆက်မတီးဘဲ သူ့မျက်နှာကို အကြာကြီး မော့ကြည့်နေတတ်သည်။ သို့သော် ရုတ်ချည်းဆိုသလို သူမ မျက်နှာက မယုံသင်္ကာသလို ထိတ်လန့်သလို ဖြစ်ကာ သူနှင့် ခပ်ခွာခွာ ရှောင်နေတတ်သည်။

"ကိုသိခ် …"

"ခင်ဗျာ"

"ဘာတွေ ငေးနေတာလဲ၊ အမွန့် ခေါ်တာတောင် မကြားဘူး"

သူမကိုယ်သူမ အရင်လို ကျွန်မဟု မပြောတော့ဘဲ အိမ်သားများနည်းတူ အမွန်လို့ သူ့ကို ပြောလာ၏။

"ဘာမှ မငေးပါဘူး၊ ဒီလိုပါပဲ"

"ဟိုတစ်နေ့က အမွန်ပြောတာကို စိတ်ဆိုးနေ



တာလား"

ဟု သူ့မျက်နှာကို မကြည့်ဘဲ စန္ဒရားကို ငုံ့ကြည့်နေရင်းမှ ပြောလေသည်။ သူ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေပြီးမှ …

"ဘာကို ပြောတာလဲ အမွန်၊ ကျွန်တော် မမှတ်မိဘူး"

ဟု ပြန်ပြောလိုက်၏။ ထိုအခါ ဘာမှ ထပ်မပြောတော့ဘဲ …

"မမှတ်မိဘူးဆိုလည်း ပြီးတာပါပဲ"

ဟု သူမဘာသာ တစ်ယောက်တည်း ရေရွတ်သလို ခပ်ဆတ်ဆတ် ပြောလေ၏။ ထို့နောက် သူမသည် စန္ဒရားခလုတ်များပေါ်သို့ အာရုံပြန်ရောက်သွားပြီး သူမ၏ လက်ချောင်းသွယ်သွယ်များဖြင့် တီးလေတော့သည်။

သို့သော် တီးကွက်တို့ မှားယွင်းနေသောကြောင့် စန္ဒရားသံမှာ ကြောင်အော်သံလို ဖြစ်နေသည်။ သူ့စိတ်မရှည်တော့ဘဲ သူမ၏ လက်ခုံပေါ်မှ ဖျတ်ခနဲ အုပ်ကိုင်

www.burmeseclassic.com



လိုက်ပြီး ပြင်ပေးလိုက်၏။ ခဏတာ အလိုက်တသင့် နေပြီး တစ်ခုခုကို အလိုမကျသလို ဆတ်ခနဲ ဆောင့်ရုန်းကာ ဆက်မတီးဘဲ ရပ်ပစ်လိုက်သည်။

"ဘာဖြစ်လို့ ရပ်ပစ်လိုက်တာလဲ"

ဟု သူ ခပ်တိုးတိုးမေးတော့ စကားတစ်ခွန်းမှ ပြန်မပြောဘဲ ခေါင်းကို သွက်သွက်ရမ်းပြသည်။

သူ သဘောပေါက်လိုက်၏။ သူမ၏ လက်ပေါ်ကို သူ့လက် ရောက်သွားခြင်းအား စိတ်ဆိုးသွားခြင်းပင် ဖြစ်လိမ့်မည်။ သူ့ရင်ထဲ နင့်သွားသည်။ ဘာရယ်မဟုတ်ဘဲ အမှားတစ်ခုကို ပြုပြင်ပေးလိုဓောဖြင့် ပြုမူလိုက်ခြင်းဟာ ဒီလောက်အထိ စိတ်အနှောင့်အယှက် ဖြစ်သွားစေတာ အတော့်ကို ဝမ်းနည်းဖွယ်ကောင်း၏။

တစ်ခါတစ်ရံတော့ သူမ၏ အပြုအမူများသည် နူးညံ့သိမ်မွေ့ပြီး မြတ်နိုးစရာ ကောင်းလွန်းသည်။


သို့သော် သူနှင့် ပတ်သက်လျှင်တော့ အမြဲလိုလို မာန်မာနတွေ ဖုံးလွှမ်း နေသည်ဟု ထင်ရ၏။ သူမ၏ စိုးရိမ်ထိတ်လန့်နေသော အမူအရာနှင့် သံသယအကြည့်



များအောက်တွင် အနေအထိုင် အပြောအဆို မမှားအောင် နေရခြင်းမှာ စိတ်ပျက်ဖွယ် ကောင်းလှသည်။

ဒီအလုပ်ကို ဆက်မလုပ်ဘဲ တော်ရာကို ထွက်သွားချင်မိသည်။ သို့သော် သူမ၏ လှပနုနယ်သော မျက်နှာလေးကို မြင်ရလေတိုင်း သူ့စိတ်က ထိုနေရာမှ ခွာမရအောင် တစ်စုံတစ်ခုဖြင့် ချည်နှောင်ခံရသည့်နှယ်။

www.burmeseclassic.com



စောင်းဝခေတ်သုံးစောင်းပုံ

[၈]

"ဒီနေ့တော့ ဒီလောက်နဲ့ပဲ တော်ပြီပေါ့"

သူစကားကြောင့် အမွန် ဖျတ်ခနဲ မော့ကြည့်ပြီး ...

"အစောကြီးရှိပါသေးတယ် ကိုသိန်းရဲ့၊ ပြန်တော့မလို့လား"

ဟု မေးလေသည်။ သူမ၏ ရွှင်ပျနေသော မျက်နှာလေးကို တစ်ချက်စိုက်ကြည့်ရင်း -

"အမွန်က မပြန်စေချင်ဘူးလား"

ဟု လွတ်ခနဲ မေးလိုက်မိသည်။ ရဲခနဲဖြစ်သွားသော သူမ မျက်နှာကို ကြည့်ကာ သူစကား မှားသွား

www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်ကြောင်း သိလိုက်ရပေမယ့် ဘာမှမတတ်နိုင်တော့ချေ။

"ပြန်ချင် ပြန်တော့လေ"

သူမစကားသံ ထွက်လာမှ သတိလက်လွတ်ငေးနေမိသော အဖြစ်ကို သတိရသွားပြီး -

"ဟို ... ကျွန်တော်"

"ရတယ်၊ ရှင် ပြန်ချင် ပြန်လို့ရပြီ"

အမွှန်မှာ လေသံသာမက မျက်နှာထားပါတင်း သွားပြီး စိတ်တိုင်းမကျသော အမူအရာလေးက အထင်းသား ပေါ်လွင်နေ၏။

"ကျွန်တော် ပြန်ချင်လို့ မဟုတ်ပါဘူး အမွှန်၊ ကျွန်တော် ..."

"ရှင့်ကို သွားတော့လို့ ပြောနေတယ်လေ"

အမွှန် စိတ်ဆိုးဆိုးနှင့် အော်ပစ်လိုက်တော့ မျက်နှာငယ်နှင့် ချာခနဲ လှည့်ထွက်သွားသည်။ အမွှန် စန္ဒရားအဖုံးကို ဆောင့်ပိတ်ချလိုက်ပြီး တံခါးဝကို လှမ်းကြည့်လိုက်တော့ ညှော့ခန်းအဝမှ သူ့အား တစ်ချက်လှည့်ကြည့်သွားသော သူ့အကြည့်နှင့် ဆုံဖြစ်အောင် ဆုံလိုက်သေးသည်။ အောက်နှုတ်ခမ်းကို မသိမသာ ကိုက်ကာ မျက်နှာလွှဲပစ်လိုက်သည်။ သူမရင်ထဲမှာ ဒေါသကြောင့် စိတ်လှုပ်ရှားနေတာလား၊ သူ့စကားကို ရင်ခုန်နေမိတာလားဆိုတာ ခွဲခြားလို့မရချေ။

"ဟွန်း ... သူ့ကိုယ်သူ ဘာများထင်နေသလဲ မသိဘူး၊ ဘာပဲဖြစ်ဖြစ် သူဟာ ငါ့အိမ်က အလုပ်သမားပဲ"

ဟု စိတ်ကို တင်းလိုက်မိသည့်တိုင် ရင်ခုန်မပြယ်သေးပေ။ သူမ ဘယ်လောက်စိတ်ဆိုးဆိုး၊ အော်အော် သူ့မျက်နှာက တစ်ခါမှ စိတ်ဆိုးစိတ်ပျက်သွားခြင်း မရှိချေ။ တစ်ခါတလေမှသာ စိတ်မကောင်းသလိုမျိုး မျက်နှာပျက်သွားခြင်းသာ တွေ့ရ၏။

သူနှင့်ပတ်သက်လျှင် အမွှန် အမြဲတမ်း စိတ်ကို တင်းထားမိသည်။ အမှန်တကယ်တွင် သူနှင့်ပတ်သက်ပြီး အမွှန် ရင်ခုန်စိတ်လှုပ်ရှားနေသောစိတ်ကို မနှစ်မြို့စွာ ညာနေမိခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေနှင့် ခဏလေး အကြည့်ချင်း ဆုံမိရင်တောင် စန္ဒရားတီးနေသော လက်တွေက ပျက်ချင်ချင်။ ဒါကြောင့်လည်း ခဏခဏ မှားနေရသည်။ အမွန် တီးကွက်များတိုင်း ဘေးနားမှာ ရပ်ကြည့်နေရင်းမှ အမွန့်နောက်ကျောနားမှာ ကိုယ်ကို ငုံ့ကိုင်းရင်း ပြောသည့်အခါမျိုးတွင် သူ့ရဲ့မျက်နှာက အမွန် ပခုံးသားနှင့် လည်တိုင်နနကို ထိလုနီးပါး ဖြစ်နေတတ်သည်။ ထိုအခါ သူ ရှူရှိုက်နေသော လေနွေးနွေးသည် သူမအား လာရောက် ထိတွေ့သောကြောင့် မနေတတ်တော့ပေ။

စန္ဒရားခလုတ်ပေါ်မှာ ပြေးလွှားသွားတဲ့ သူမလက်တွေ တီးကွက်များသွားပြန်လျှင်လည်း သူ့လက်က ဖိုးဖိုးဇက်ဇက် ရောက်လာပြီး ပြင်ပေးတတ်၏။ သူကတော့ ဘယ်လိုမှ ရည်ရွယ်စိတ်ကူးခြင်း ရှိမည်မဟုတ်သော်လည်း ရင်ခုန်ခြင်းကို ထိန်းမရနိုင်တာ ကိုယ့်ကိုယ်ကို သိနေသည့်အတွက် ရှက်ရွံ့စိုးထိတ်နေခဲ့ရသည်။

သက်ပြင်းမောတစ်ချက် ချလိုက်ပြီး အခန်းထဲက ထွက်လာခဲ့သည်။ ဧည့်ခန်းဝတွင် ဒေါ်အေးပုံကို တွေ့လိုက်ရ၏။

"အဒေါ်ကြီး …"

"ဟင် … သမီး၊ ဘယ်လိုလဲ ပေါ်တော် တီးတတ်နေပြီလား၊ အဒေါ်ကြီးကိုလည်း သီချင်းတစ်ပုဒ်လောက် တီးပြပါဦး"

ဒေါ်အေးပုံစကားကြောင့် သူမ ပြုံးလိုက်ပြီး-

"အဲဒီလောက်ထိတော့ မတတ်သေးပါဘူး အဒေါ်ကြီးရဲ့၊ နောက်ဆိုရင်တော့ ကျွမ်းကျွမ်းကျင်ကျင် ဖြစ်သွားမှာပါ"

"ဒါနဲ့ မောင်ကျော်စွာရော မသင်ဘူးလား"

"မောင်လေးက သိပ်ဝါသနာမပါဘူး အဒေါ်ကြီးရဲ့"

"ဟုတ်လား၊ အဒေါ်ကြီး သွားဦးမယ်၊ အဝတ်တွေ လျှော်စရာရှိလို့"

"ခဏနေပါဦး အဒေါ်ကြီးရယ်၊ ဟို တစ်ယောက် ပြန်သွားပြီလား မေးမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တစ်ယောက်လဲ သမီး"

"ဟို ... ကိုသိန်းကို ပြောတာ"

"သြော် ... စန္ဒရားဆရာလေးလား၊ မပြန်သေးဘူးကွဲ့"

ဒေါ်အေးပုံစကားကြောင့် အမွန် အလိုမကျသလို မျက်မှောင်တွန့်ပစ်လိုက်သည်။ လေသံကို တိုးတိုးနှိမ့်ရင်း ...

"သူ ... မပြန်သေးဘဲ ဘာလုပ်နေတာလဲ" ဟု မေးလိုက်သည်။

"ထမင်းစားနေတယ်၊ ထမင်းစားခန်းထဲမှာလေ"

ဟု ဆိုကာ ဒေါ်အေးပုံထွက်သွားတော့မှ အမွန် အောက်ထပ်ထမင်းစားခန်းသို့ ဆင်းလာခဲ့သည်။ ထမင်းစားခန်းတံခါးသည် ပိတ်ထားခြင်းမရှိသောကြောင့် အထဲသို့ မြင်နေရ၏။

"ဟင်"

မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ အံ့သြ



သွားမိသည်။ လူသုံးယောက်စာ ထမင်းတွေက သူ့ဇလုံထဲမှာ အပြည့်အမောက်။ သူမရင်ထဲက သံသယက ရင်ဝသို့ လာဆောင့်သလို ခံစားလိုက်ရသည်။

"ဟင် ... ရှင် ... ရှင်"

သူမ အခန်းထဲ ဝင်သွားပြီး သူ့ကို လက်ညှိုးလေး တထိုးထိုးနှင့် ကယောင်ကတမ်း ရေရွတ်လိုက်တော့ ထမင်းစားနေရင်းမှ မော့ကြည့်ပြီး အံ့သြသွား၏။

"ရှင် ... ထမင်းတွေစားတာ များလှချည်လား"

"ခင်ဗျာ"

သူမစကားကြောင့် သူ ကြောင်သွားပြီး နားမလည်သလို ပြန်ကြည့်သည်။

"ရှင် ထမင်းစားတာ မများလွန်းဘူးလားလို့ ပြောနေတာ"

"သြော် ..."

ဟု တစ်ခွန်းသာ ရေရွတ်ပြီး ထမင်း ဆက်စားနေ၏။ ခဏနေမှ -

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ထမင်းတွေ အများကြီးစားတာ ကုန်မှာစိုးလို့လား၊ နှမြောလို့လား"

ဟု ခပ်ဖြည်းဖြည်း မေးလေသည်။ သူမ ခေါင်းခါပြလိုက်ပြီး -

"ဟင့်အင်း ... မဟုတ်ပါဘူး၊ ရှင်စားနေတာ လူနှစ်ယောက် သုံးယောက်စာဖြစ်နေလို့ အံ့ဩပြီး မေးမိတာပါ"

အမွှန် ပျာပျာသလဲ ပြန်ပြောလိုက်ရ၏။

"အမွှန်အတွက်တော့ ဒီထမင်းတွေဟာ များနေမှာပေါ့လေ၊ ဒါပေမယ့် တစ်နေ့လုံးစာ တစ်နပ်တည်း ပေါင်းစားရတဲ့လူအဖို့တော့ ..."

"ရှင် ... ရှင်က တစ်နေ့လုံးမှ ထမင်းတစ်နပ်တည်း စားတယ်၊ ဟုတ်လား"

သူမ အံ့ဩစွာ မေးလိုက်မိသည်။ သူက ခေါင်းညိတ်ပြလေ၏။

"ဒါဆို ... မနက်စာ မစားရဘူးပေါ့"

သူမ ခပ်မြန်မြန်ပင် မေးပစ်လိုက်သည်။ သူ



တစ်ခွန်းမှ ပြန်မဖြေဘဲ ထမင်းကိုသာ ငုံ့စားနေ၏။ သူမ ရင်ထဲမှာ သူ့အတွက် ဝမ်းနည်းသလို ဖြစ်လာရသည်။

"ဒုက္ခပဲ၊ ဘာဖြစ်လို့ မနက်စာ မစားတာလဲ၊ ကြာရင် ရှင်သေတော့မှာပဲ"

အမွှန့်စကားကြောင့် သူ ထမင်းစားခြင်းကို ရုတ်တရက် ရပ်ကာ သူမမျက်နှာကို မော့ကြည့်လာ၏။

"အဲ ... ဟို အမွှန်က စိုးရိမ်လို့ ပြောမိတာပါ"

"ရပါတယ်"

ထိုသို့ ပြောလိုက်မှ သူမရင်ထဲ ပိနင့်သွားမိသည်။ သူ့အပေါ် ကရုဏာတွေပိုလာရသလို မိမိပြောဆို ပြုမူခဲ့သည်များအတွက်လည်း နောင်တရမိ၏။

"ကျွန်တော်က အမွှန်တို့ အိမ်ရောက်မှ ထမင်းစားရတာ၊ မနက်ခင်း ကျွန်တော့်ကို ဘယ်သူက လာကျွေးမှာလဲ၊ နေ့တိုင်း အမွှန့်ကို စန္ဒရား သင်ပေးပြီးမှ ကျွန်တော်ထမင်းစားရတာလေ"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ အမွန် မျက်ရည်ဝဲချင်လာမိသည်။ ဩော် ... ဖြစ်မှဖြစ်ရလေ ရှင်ရယ် ဟုသာ တီးတိုး ညည်းတွားလိုက်မိတော့၏။

ဖြေးဆာသလာ

BURMESE CLASSIC .com

[၉]

မနက်ခင်း ရောက်နေကျအချိန် အမွန့်တို့အိမ်သို့ သူ ရောက်သွားသောအခါ ထူးထူးခြားခြား အိမ်တံခါး လာဖွင့်ပေးသူမှာ အမွန်ဖြစ်နေသည်။ ယခင်နေ့တွေက ဒီလိုအချိန်မျိုးတွင် အမွန် အိပ်ရာ မနိုးသေးချေ။ အမြဲလို စန္ဒရားခန်းထဲမှာ ထိုင်စောင့်ရလေ့ရှိ၏။ ဒီနေ့တော့ သူမကိုယ်တိုင် အိမ်တံခါးလာဖွင့်သောကြောင့် အံ့သြနေမိသည်။

"ဝင်လေ ... ကိုသိခ်၊ ဘာငေးနေတာလဲ"

သူ အိမ်ထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး

"အမွန် ... ဦးတို့ ဒေါ်ဒေါ်တို့ မရှိကြဘူး

www.burmeseclassic.com

www.burmeseclassic.com



လားဟင်"

ဟု မေးလိုက်သည်။ အမွန်က ဘာမှမဖြစ်သလို ပုံစံမျိုးဖြင့် -

"ဩော် ... အဖေနဲ့ အမေလား၊ မနက်အစောကြီးကပဲ ဟိုဖက်ရွာ အလှူသွားတယ်လေ၊ ဘာဖြစ်လို့ မေးတာလဲ"

ဟု ပြန်ပြောလေ၏။ သူ အိမ်ထဲသို့ ဆက်မဝင်တော့ဘဲ တံခါးဝနားတွင် ရပ်ရင်း -

"ဒါဆို ဘယ်သူမှ မရှိဘူးပေါ့"

"အင်း ... အဒေါ်ကြီးတော့ ရှိတယ်၊ အဖေနဲ့ အမေ အလှူသွားတော့ မောင်လေးက လှည်းနဲ့ လိုက်ပို့ရင်း ပါသွားတယ်လေ"

"ဒါဆို ကျွန်တော် ပြန်လိုက်ဦးမယ်"

"ရှင် ..."

အမွန်က သူ့အား နားမလည်သလို ကြည့်နေလေ သည်။

"ဒီအိမ်မှာ ဘယ်သူမှ မရှိတော့ အပေါ်ထပ်



အခန်းထဲမှာ စန္ဒရားသင်ဖို့ မသင့်တော်ဘူး ထင်လို့ပါ"

သူ့စကားအဆုံးတွင် အမွန် တွေခနဲ ဖြစ်သွားသည်။ ပြီးမှ -

"အမွန် ကိုသိခ်ကို ယုံတယ်ဆိုရင်ရော..."

"ခင်ဗျာ"

"ဩော် ... ဘယ်သူမှမရှိလည်း ကိုသိခ် ရှိနေတာ အမွန့်အတွက် ဘာအနှောင့်အယှက်မှ မဖြစ်သလို မသင့်တော်စရာအကြောင်းလည်း မရှိပါဘူး၊ လာပါ၊ အမွန် 'ချစ်သမျှကို' ပတ်ပျိုး တော်တော်ညက်နေပြီ၊ ဒီနေ့ မရသေးတဲ့ အပိုဒ်လေးတွေ မေးမလို့ဟာကို"

ဟု ပြောပြီး ရှေ့မှ ဦးဆောင်ထွက်သွားသောကြောင့် သူ ဘာမှမပြောသာဘဲ ဖြစ်သွားသည်။တကယ်ဆို ဒီတစ်အိမ်လုံးမှာ သူရယ် အမွန်ရယ် ဒေါ်အေးပုံရယ် သုံးယောက်တည်းသာ။ ဒေါ်အေးပုံက သူ့အလုပ် သူ လုပ်နေပြီး အိမ်ကြီးပေါ်သို့ တစ်ခေါက်မှ တက်မလာသူ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ဒွေးမတော် သားမစပ်သည့် ယောကျ်ားပို့နှင့် မိန်းမပျိုတို့အတူတူ ရှိမနေသင့်ဟု ပြောချင်သော်လည်း အိုးကမပူ စလောင်းက ပူ ဖြစ်နေတယ်ဟု ပြောမှာ စိုး ရသေးသည်။

တစ်ခါမှ ယခုလို လိုက်လျောဆက်ဆံဖူးခြင်း မရှိသောကြောင့် သူ အံ့သြမိသလို ရင်ထဲမှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်နေရ၏။

သူမနောက်မှ တွန့်ဆုတ်ဆုတ်၊ ရွံ့တွန့်တွန့်နှင့် လိုက်လာရင်း သူမကိုယ်လုံးလေးကို ငေးကြည့်နေမိသည်။ ပဒုမ္မာအင်္ကျီသည် ပြည့်ဖြိုးသော ခန္ဓာကိုယ်နှင့် လိုက်ဖက်ကာ ဝင်းဝါသော အသားအရေကို ပိုပြီး စိုပြေစေသည်။ အမွှန့်အလှသည် မဟာဆန်၍ ကျက်သရေ ရှိကာ အပြစ်ကင်းစင်လွန်းသည်။

လမ်းလျှောက်တိုင်း လှုပ်ရမ်းယိမ်းနွဲ့သွားသော ဆံနွယ်များသည် သူမ၏ ကျောပြင်မှဆင်းကာ တင်ပါးပေါ်တွင် တလွင့်လွင့် ဖြာနေကြသည်။ သူမထံမှ ပျံ့လွင့်လာသော သနပ်ခါးရနံ့ကို သူ့နှာခေါင်းတွင် တငွေ့



ငွေ့ ရှူရှိုက်မိလိုက်သည့်ခဏတွင် တစ်လောကလုံးကို မေ့သွားမတတ်ပင်။

"လာလေ ကိုသိန်း၊ ဘာတွေ စဉ်းစားနေတာ လဲ"

သူမအသံကြားတော့မှ သတိဝင်လာပြီး အခန်းထဲသို့ သူ လှမ်းဝင်ခဲ့တော့၏။ သူ့စိတ်ထဲမှာ တစ်မျိုးဖြစ်နေပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ၊ ကယောင်ကတမ်း၊ စမ်းတဝါးဝါး ဖြစ်နေစဉ် အမွှန်ကတော့ ယခင်လိုပင် စန္ဒရားခုံမှာ နွဲ့နွဲ့နှောင်းနှောင်း ဝင်ထိုင်လိုက်ပြီး-

"ကိုသိန်း ... ဟို ... ဟိုသီချင်းက ဘာတဲ့ ... လှိုင်ထိပ်ခေါင်တင် စပ်ခဲ့တဲ့သီချင်းလေ"

ဟု မေးစေ့လုံးလုံးလေးကို လက်ညှိုးနှင့်ထောက်ပြီး စဉ်းစားနေရင်းမှ သူ့အား မေးလာသော အခါ သူ့မှာ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ . .

"ဟို ... အဲဒါ ဟိုဟာလေ ... ကနောင်

www.burmeseclassic.com



မင်းသားကို မျှော်တာ"

ဟု ထစ်ထစ်ငေါ့ငေါ့နှင့် ဖြေလိုက်ရာ အမွှန်မှာ တခစ်ခစ်နှင့် သဘောကျစွာ ရယ်မောရင်းမှ -

"ကိုသိန်းကလည်း ဘယ်လိုဖြစ်နေလဲ မသိဘူး၊ ဒီနေ့မှ တစ်မျိုးဖြစ်နေပြန်ပြီ"

ဟု ပြောလေသည်။ တစ်မျိုးဖြစ်နေတာက အမွှန် ပါ။ ဒီနေ့မှ ကစ်မျိုးပြောင်းလဲသွားတာဟု သူ့စိတ်ထဲမှ တီးတိုးပြောလိုက်မိ၏။ အမွှန် ပြောင်းလဲနေသလို သူ့ စိတ်တွေ လှုပ်ရှားနေရတာပဲ ဖြစ်မည်။

"တကယ်ပဲ ... ငေးလိုက်တာလည်း ခေါ် မကြား အော်မကြား၊ စိန်ခြူးကြာညောင်ကို တောင် ကောင်းကောင်းမဖြေနိုင်ဘူး"

ဟု ဆိုကာ စန္ဒရားကို စတီးတော့သည်။ သူ စန္ဒရားခုံပေါ်မှာ လက်ထောက်ရင်း သူမ မျက်နှာကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေရင်းမှ မှားယွင်းနေသော လက်ကွက်ကို ပြင်ပေးရန် သူ လက်ရွယ်လိုက်ပြီးမှ



သူမ မကြိုက်တာကို သတိရပြီး လက်ကို ပြန်ရုပ်ထား လိုက်၏။ စန္ဒရားခလုတ်များကို ခပ်သွက်သွက် လျှောက် နှိပ်ရင်းမှ ရုတ်တရက် ရပ်ပစ်လိုက်ပြီး -

"အမွှန်မှားသွားတာ ဘာလို့မပြင်ပေးတာလဲ"

ဟု မျက်စောင်းလေးချီကာ ပြောဟန်ကြောင့် သူမ လက်ခုံပေါ်သို့ လက်ကို တင်ရကောင်းနိုး၊ ပြန် ရုတ်ထားရကောင်းနိုးနှင့် သူ ချီတုံချတုံ ဖြစ်နေသည်။

"ကဲပါ ... မှားနေရင်လည်း ပြင်တီးပြပါဆို"

အမွှန့်ရဲ့ မျက်ဝန်းအကြည့်နဲ့ မူနွဲ့နွဲ့ ပြောဟန် ကြောင့် သူ့ရင်ထဲ လိုက်ခနဲ ခုန်သွားသည်။ သူမရဲ့ နံဘေးခုံမှာ ပူးပူးကပ်ကပ် ဝင်ထိုင်လိုက်ရင်းမှပင် ရင် တွေ တုန်နေမိ၏။ စိတ်ကို တတ်နိုင်သမျှ ရုစည်းကာ သူမ၏ လက်ချောင်းဖြူဖြူနုနုလေးပေါ်မှ သူ့လက်ကို အုပ်မိုးလိုက်ကာ စိန်ခြူးကြာညောင်သီချင်းကို စတီးရ လေသည်။

အမွှန့်ခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲမှာ ကျုံ့ ကျုံ့လေး ဖြစ်နေသည်။ သူ့မျက်နှာနှင့် နီးကပ်စွာ ရှိနေ

www.burmeseclassic.com



သည့် အမွှန်ဆံနွယ်တွေကို မလွဲမရှောင်သာ အဖြစ်ကြောင့် ခိုးနမ်းမိသည်ကို အမွှန်သိလျှင် စိတ်ဆိုးမည်လား မပြောတတ်။

သူ့လက်အောက်မှ အမွှန့်လက်များမှာ အေးစက်နေပြီး သူ့လက်တွေကတော့ ချွေးစေးတွေ ပြန်နေရ၏။ သီချင်းတစ်ပုဒ်ဆုံးအောင် တီးပြီးတော့ -

"ကိုသိန်း ... အဲဒီ သီချင်းကိုပဲ နောက်တစ်ကျော့ ပြန်တီးပြပါလား၊ ပြီးတော့ ကိုသိန်းလည်း လိုက်ဆို"

ဟု ပြောသောကြောင့် သူ စန္ဒရားရှေ့တွင် ဝင် ထိုင်ကာ စိန်ခြူးကြာညောင်ကို တီးရင်း ဆိုပြရလေသည်။ သူမသည် စန္ဒရားခုံပေါ်တွင် မေးထောက်ကာ နားထောင်နေပြီး သူဆိုနေသည်ကို မျက်တောင်မခတ်ဘဲ ကြည့်နေသောကြောင့် သူ့အသံများ တုန်ချင်သလို၊ ရင်ထဲ မှ မောလျှနေသလို ခံစားရ၏။

သီချင်းဆုံးသွားသောအခါ -

"ကိုသိန်းက အသံလည်း ကောင်းတာပဲ၊



ဘာလို့ တိုးတိုးလေးပဲ ဆိုတာလဲ"

ဟု ကလေးလေးလို မေးပြန်သည်။

"စန္ဒရားတီးရင်နဲ့ အကျယ်ကြီးဆိုလို့ မရဘူး၊ အဲဒီလိုလည်း ကျွန်တော် မဆိုတတ်ဘူး၊ နောက် သီချင်းတီးရင် အမွှန် လိုက်ဆိုလေ"

ဟု ပြောသောအခါ ရှက်ပြုံးလေး ပြုံးရင်း ခေါင်းခါပြလေ၏။ သူမ မျက်လွှာချထားသည်ကို သူ ငေးမိပြန်သည်။ ထူထဲနက်မှောင်သော မျက်ခုံးကွေးကွေးလေးအောက်မှ ကော့ရွှန်းသောမျက်တောင်တို့သည် မင်နှင့် ဆွဲထားသလို အချိုးကျ လှပလွန်းသည်။ စင်းဖြောင့်သော နှာတံလေးအောက်မှ နှုတ်ခမ်းထူထူလေးများသည် နှင်းဆီဖူးလို နီရဲနေ၏။ ထိုနှုတ်ခမ်းများသည် ပြုံးလိုက်လျှင် အလွန်လှလေသည်။

"တကယ်တော့ စိန်ခြူးကြာညောင်က ချစ်သူမျှော်တဲ့ သီချင်းနော်၊ မိန်းကလေးတွေ အများဆုံး ဆိုကြတာ၊ ကိုသိန်း အနောက်တိုင်းသီချင်းရော ဆိုတတ်သလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အင်္ဂလိပ်သီချင်းလား၊ မတီးတတ်ဘူး၊ ကြားဖူးတဲ့ သီချင်း တစ်ပုဒ်နှစ်ပုဒ်တော့ ရှိတယ်၊ ကောင်းကောင်းမရပါဘူး၊ ကောင်မလေးတစ်ယောက် သူ့ချစ်သူ သူ့ကို ဘယ်လိုချစ်ရမယ်ဆိုတာ စပ်ထားတာလေ"

ဟု ပြောကာ သူမမျက်နှာကို အမှတ်တမဲ့ လှမ်းကြည့်လိုက်ပြီး ဆက်မပြောတော့ဘဲ ရပ်ထားလိုက်၏။ သူ့စကားမှားသွားလျှင် သူမ စိတ်ဆိုးသွားမှာ အလွန်စိုးရိမ်နေမိသည်။

သူတို့နှစ်ယောက်သည် တစ်ခါတစ်ရံ စကားတွေ ဖောင်ဖွဲ့နေတတ်ပြီး တစ်ခါတစ်ရံ ဘာမှ ပြောစရာမရှိတော့သလို တိတ်ဆိတ်ငြိမ်သက်နေပြန်၏။ သူမ၏ဆံဖျားမှစ၍ ဖြူနုဖောင်းမို့နေသော ခြေဖမိုးလေးအထိ အမြတ်တနိုး ငေးကြည့်မိသည့်အခါတွင် ဘာမှမပြောဘဲ မျက်လွှာချကာ ငြိမ်နေတတ်၏။

နှစ်ယောက်သား မျက်လုံးချင်း ဆုံမိသည့် အခိုက်အတန့်တွင်လည်း ရှက်ရွံ့အားနာစွာ သူ မျက်နှာ



လွှဲပစ်ရပေမယ့် ရွှန်းလဲ့သော သူမ မျက်ဝန်းများကို တမေ့တမော ထိုင်ငေးနေချင်မိသည်။

အမွန့်ကတော့ သူ့ကိုအလုပ်သမားတစ်ယောက်လိုသာ သဘောထားပေလိမ့်မည်။ သူ့ဘဝကလည်း ဘာမှ မက်မောခုံမင်စရာ မရှိတာဘဲ။ အမွန့်လို လိုတရသူ့ဌေးသမီးလေးကို တိတ်တခိုး ရင်ခုန်မြတ်နိုးနေမိခြင်းကပင် လွန်နေပြီ။

"ကိုသိန် ... ထမင်းစားတော့မလား"

ဒီအချိန်မျိုး သူ့ကို တစ်ခါမှ ထမင်းကျွေးလေ့မရှိသောကြောင့် နည်းနည်း အံ့သြသွားသည်။

"ဟင့်အင်း ... အစောကြီး ရှိသေးတာပဲ၊ နေပါစေ"

ဟု သူ ငြင်းလိုက်သည်။

"အို ... မဟုတ်တာ၊ ဘယ်မှာစောလို့လဲ၊ ဆွမ်းခံဘုန်းကြီးတောင် ပြန်ကြွသွားပြီ"

"ကျွန်တော် အရင်နေ့တွေက ဒီအချိန် ..."

"အရင်နေ့တွေက ကိုသိန် မနက်စာ မစားတာ

www.burmeseclassic.com



မဆာလို့မှ မဟုတ်တာ၊ ကဲ … လာပါ”

ဟု ဆိုကာ သူ့လက်မောင်းကို ဆွဲကာ အတင်းထူသောကြောင့် သူ လိုက်လာခဲ့ရတော့၏။

ထမင်းစားခန်းထဲသို့ ရောက်သောအခါ သူ့အတွက် ထမင်းဟင်းများကို သူမကိုယ်တိုင် ခူးခပ်ပြင်ဆင်ပြီး အတင်းစားစေသည်။ သူထမင်းစားနေသည်ကို ဘေးမှ ပြုံးပြုံးလေး ထိုင်ကြည့်ပြီး –

“နောက်နေ့တွေလည်း ဒီအချိန်ဆို စန္ဒရားတီးတာ ခဏနားပြီး ထမင်းစားနော်”

ဟု အမိန့်ပေးသလိုလို ပြော၏။ သူ ဘာမှ ပြန်မပြောဘဲ နေလိုက်သည်။

“ဟို … ကိုသိန်း ရောက်ကာစကလေ အမွှန်ကြောက်နေတာ”

သူမစကားကြောင့် စားလက်စ ထမင်းပင် နင်သွားရ၏။ ဘာဖြစ်လို့လဲဟူသော အကြည့်နှင့် မျက်လွှာဝင့်ကြည့်လိုက်တော့ အားတုံ့အားနာပြုံးရင်း …

“ကိုသိန်းကို အမွှန် လူကောင်းမှန်းတော့ သိပါတယ်၊ ဒါပေမဲ့ ကိုသိန်း ဒီကို ရောက်မလာခင်က ဘုရားမှာ …”

ဟုဆိုကာ သူ့မျက်နှာကို တစ်ချက် လှမ်းကြည့်လေသည်။ သူ ဘာမှ မမေးတော့ဘဲ မသိကျိုးကျွံပြုပြီး ထမင်းကိုသာ ဆက်စားနေလိုက်၏။ သူမ မပြောလည်း သူ သဘောပေါက်နှင့်နေသည်။ သူ့ကို စတွေ့ကာစ ကြောက်သလို၊ ရွံ့သလို၊ မယုံသင်္ကာ ဖြစ်နေတာ သူ သိနေခဲ့၏။ ထမင်းစားပြီးသွားမှ –

“အမွှန် … တစ်ခု မှတ်ထားပါ၊ ကျွန်တော် အမွှန်တို့အိမ်ကို ရောက်လာတာ ကျွန်တော့်ရဲ့ စားဝတ်နေရေး ဒုက္ခရောက်နေလို့၊ ကျွန်တော်က မိမရှိ ဘမရှိ ဆင်းရဲပေမယ့် အကျင့်စာရိတ္တတော့ မပျက်စီးပါဘူး၊ အမွှန်နဲ့ အမွှန့်မိသားစုကို ကျွန်တော့်ကျေးဇူးရှင်လို့ သတ်မှတ်ထားတဲ့အတွက် ဘယ်တော့မှ ထိခိုက်နစ်နာအောင် မလုပ်ပါဘူး၊ ကျွန်တော့်ကို ယုံပါ”

ဟု ပြောပြီး ထမင်းစားခန်းထဲမှ လှည့်ထွက်ခဲ့

www.burmeseclassic.com



သည်။ အမွန်ကတော့ ထိုနေရာမှာပင် ငြိမ်သက်စွာရပ်ရင်း ကျန်ခဲ့တော့၏။ သူ့စကားအတွက် စိတ်မကောင်းဖြစ်သွားပြီလားတော့ မပြောတတ်။ ပြောခဲ့ရသော သူကိုယ်တိုင်ပင် စိတ်မကောင်း ဖြစ်နေမိသည်။

[၁၀]

အိပ်ရာထဲမှာ ဘယ်ညာလူးလွန့်ရင်း အမွန် အိပ်မပျော်နိုင်။ ကိုသိန်းတစ်ယောက် စိတ်များ ဆိုးသွားပြီလား။ စိတ်တော့ ဆိုးလိမ့်မည်မထင်။ သူ ဘယ်တော့မှ စိတ်မဆိုးတတ်တာ အမွန်သိနေသည်။

ဒါဆို စိတ်မကောင်းဖြစ်သွားတာလား။ အမွန်ပြောလိုက်တဲ့ စကားလုံးဟွေဟာ သူ့အတွက် ထိခိုက်နစ်နာစရာ ဖြစ်နေခဲ့ပြီလား။ သူ့ရဲ့ ဆင်းရဲချို့တဲ့တယ်ဆိုတဲ့ အားနည်းချက်ကို အမွန် ဘယ်လိုမှ သဘောမထားခဲ့တာ သူသိချင်မှ သိလိမ့်မည်။ထူးဆန်းတဲ့အဖြစ်အပျက်တွေကြောင့် အမွန် အပြုအမူတွေက သူ့အပေါ် ရိုင်းပျ

www.burmeseclassic.com

www.burmeseclassic.com



မောက်မာသလို ဖြစ်နေခဲ့တာကို တွေးမိတိုင်း စိတ်မကောင်း ဖြစ်ရသည်။

ထို့ပြင် အခွင့်အရေးမယူတတ်သော သူ့စိတ်ဓာတ်ကို သိခွင့်ရလိုက်ပြန်တော့ ရင်ထဲမှာလေးစားသွားမိသည်။

"အမွှန်နဲ့ အမွှန့်မိသားစုကို ကျွန်တော် ကျေးဇူးရှင်လို့ သတ်မှတ်ထားတဲ့အတွက် ဘယ်တော့မှ ထိခိုက်နစ်နာအောင် မလုပ်ဘူး"

တဲ့။ သူ့ကို အမွှန် ယုံကြည်ပြီးသားပါ။ သူ့မျက်ဝန်းမှာ နူးညံ့သိမ်မွေ့ခြင်းကလွဲပြီး တခြားအရောင်တွေ ဖွန်းထင်းမနေခဲ့တာ အမွှန် သိမြင်ခဲ့ပြီး ဖြစ်သည်။

ထူးဆန်းတဲ့ အဖြစ်အပျက်တွေသာ အမွှန် မတွေ့ခဲ့ရဘူးဆိုလျှင် သူ့ကို မယုံသင်္ကာ ဖြစ်ခဲ့လိမ့်မည် မဟုတ်ချေ။ သူ့ဘဝဟာ အထီးကျန်တယ်။ ဆင်းရဲတယ်ဆိုတာကလွဲရင် သူ့အကြောင်းတွေ တစ်စုံတစ်ရာ ပြောမပြခြင်းကိုလည်း မချင့်မရဲ ဖြစ်နေမိသည်။

သူဟာ ဘာဖြစ်လို့ အနုပညာနဲ့ ပတ်သက်ပြီး



ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားရတာလဲ။ ဘဝကို ဆင်းရဲပင်ပန်းစွာ ရုန်းကန်ခဲ့ရတဲ့သူက ဘာဖြစ်လို့ မင်းသားလေးတစ်ပါးလို ချောမောသန့်စင်နေရတာလဲ။ ပဟေဠိပေါင်းများစွာနဲ့ သူ့ဘဝဟာ အမွှန့်အတွက် ထူးဆန်းတဲ့ ပုံပြင်တစ်ပုဒ် ဖြစ်နေသည်။

သို့သော် အမွှန့်ရဲ့ သူစိမ်းဆန် အပြုအမူတွေကို သည်းခံခွင့်လွှတ်ခဲ့သလို လိုက်လျောတဲ့ အမူအရာတွေကိုလည်း ဘာမှ အခွင့်အရေးမယူခဲ့သောကြောင့် သူ့ကို ပိုပြီး အံ့ဩသွားရသည်။

တစ်ညလုံး အိပ်မရဘဲ စဉ်းစားနေမိသည်က သူ့အကြောင်းများသာ။ ဘာကြောင့် ဒီလောက်အထိသူ့အကြောင်းကို အသေးစိတ် လျှောက်စဉ်းစားနေရတာလဲ ဆိုတာ ကိုယ့်ကိုယ်ကို ပြန်မေးမိတော့ အဖြေက တစ်ခုတည်းသာ။

သူ့အပေါ် အထင်ကြီး လေးစားရတာတွေ၊ သနားကရုဏာဖြစ်ခဲ့တာတွေ၊ အားလုံးဟာ သူ့ကို စိတ်ဝင်စားနေလို့ပဲဖြစ်မည်။ ဘာမှန်းမသိခင်ကတည်းက ရင်ခုန်

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့မိတာ၊ ဘယ်လိုပဲ သိုဝှက်သိမ်းဆည်းထားလည်း အမြဲတမ်းတော့ လုံခြုံနိုင်မည် မထင်။ တွေးရင်း အမွန် မျက်လုံးတွေ မှိတ်ထားလိုက်သည်။ ပြုံးနေသော သူ့ မျက်နှာက အာရုံမှာ ထင်ဟပ်လာ၏။ တိတ်ဆိတ်သော ညချမ်းတွင် အမွန်၏ အိပ်ခန်းတွင် ရင်ခုန်သံ လွှမ်းနေ သယောင်။

ဖဖဖဖ

[၁၁]

"ဟင် … ကိုသိန်း ရောက်နေမှကိုး"

"ဟုတ်တယ် … ဒေါ်အေးပုံ ပြောတယ်၊ အမွန် အိပ်နေတယ်ဆိုလို့ ဒီမှာပဲစောင့်နေတာ"

"ရောက်နေမှပဲ … အဲဒီ အဒေါ်ကြီးကလည်း လာမနှိုးဘူး"

မျက်စောင်းလေး ချီရင်း နှုတ်ခမ်းစူကာ ပြော လိုက်ဟန်ကြောင့် ဘုရားပန်းလဲရန် ထွက်လာသော ဒေါ်အေးပုံမှာ -

"အမလေး … သခင်မလေး၊ ကျုပ်က လာ နှိုးမလို့ပါပဲ နော်၊ ဟောဒီက မောင်သိန်းက

www.burmeseclassic.com



သခင်မ အိပ်ရေးပျက်မှာစိုးလို့ မနှိုးပါနဲ့၊ အိပ်ပါစေဆိုလို့ လာမနှိုးတာ၊ သိရဲ့လား”

ဟု ခပ်ငေါ့ငေါ့လေး ပြောကာ အိမ်ထဲ ဝင်သွားတော့သည်။ ခေါင်းအေးပုံစကားကြောင့် အမွန်မှာ လှိုက်ခနဲ ရင်ခုန်ကြည်နူးသွားကာ ရင်ဘတ်ပေါ်တွင် ဝဲဖြာကျနေသော ဆံဖျားစကို အကြောင်းမဲ့ ပွတ်ချေရင်း သူ့အား မဝံ့မရဲ မော်ကြည့်ကာ -

“အမွန် ညက ညည့်နက်မှ အိပ်ပျော်သွားတော့ ဒီမနက် အိပ်ရာထ နောက်ကျနေတာ၊ ကိုသိန်း စောင့်နေတာ ကြာပြီလား ဟင်”

“မကြာသေးပါဘူး၊ အမွန် အိပ်ရေးရော ဝရဲ့လား”

သူ့ရဲ့ ဂရုတစိုက် မေးဟန်ကြောင့် ခေါင်းငုံ့ကာ ရှက်ပြုံး ပြုံးရင်း -

“အင်း”

ဟု တစ်ခွန်းသာ ဖြေပြီး ဘာဆက်ပြောရမှန်း မသိ။ အိပ်ရာနိုးစမို့ သူမ မျက်နှာလေးဟာ နံနက်ခင်း



နေရောင်အောက်မှာ အစွမ်းကုန် ဖူးပွင့်နေသည့် နှင်းဆီဖြူတစ်ပွင့်လို ကြွကြွရွရွလေး လှနေသည်။

“အမွန် ...”

အမွန့်မျက်နှာအထိ ငုံ့ကာ တိုးတိုးလေး ခေါ်လိုက်သံကြောင့် တစ်ကိုယ်လုံး ရှိန်းခနဲ ဖြစ်သွားသည်။ တိုးဖွဖွသော ခေါ်သံက တုန်ယင်လှိုက်ခါနေသည်မို့ အံ့ဩကာ ခေါင်းမော့ကြည့်လိုက်စဉ် ရွှန်းရွှန်းစားစား ကြည့်နေသော သူ့မျက်ဝန်းများကို အနီးကပ် မြင်လိုက်ရ၏။ မသိမသာ နောက်ဆုတ်လိုက်ပြီး ...

“ဘာလဲဟင်”

ဟု ပြန်မေးလိုက်၏။ သို့သော် သူ့ထံမှ စကားတစ်ခွန်းမှ ထွက်မလာဘဲ သူမအား စူးစူးစိုက်စိုက် ငေးကြည့်နေလေသည်။ ထို့နောက် သက်ပြင်းတစ်ချက်ရှိုက် ပြီး ...

“ကျွန်တော် အမွန့်ကို စကားတွေ ပြောချင်ပါတယ်၊ ဒါပေမဲ့ အမွန့် စိတ်ဆိုးအောင် စိတ်ညစ်အောင် မလုပ်ချင်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ခွန်းချင်း ဖြည်းညင်းစွာ ပြောသည်။ သူပြောမှာ ဘယ်လိုစကားမျိုးမို့လို့ အမွန်၏ စိတ်ဆိုးရမှာလဲလို့ မေးချင်မိသည်။ သို့သော် …

"ကိုသိခ် ပြောမယ့်စကားကို အမွန် စိတ်ဆိုးမယ်ဆိုတာ ကိုသိခ် ကျိန်းသေသိလို့လား"

ဟု ပြန်မေးလိုက်တော့ သူ ခေါင်းယမ်းရင်း-

"အဲဒါလည်း ကျွန်တော် မဖြေတတ်ဘူး"

ဟု ပြောပြန်သည်။

"ဒါဆို … အမွန် စိတ်မဆိုးလောက်တဲ့ စကားမျိုးပဲ ပြောလေ"

သူ့မျက်နှာက ငေးငိုင်နေရာမှ အနည်းငယ်ရွှင်ပျ လာပြီး …

"အမွန်က ရေးဘဝက ဆုတောင်းကောင်းခဲ့တယ် ထင်တယ်"

ဟု ပြောရာ အမွန် ခေါင်းလေးငဲ့စောင်းရင်း နားမလည်သလို မျက်မှောင်ကုတ်ကာ -

"ဘာဖြစ်လို့ အဲဒီလို ပြောတာလဲဟင်"



ဟု မေးလိုက်သည်။

"အမွန်က လှတယ်လေ"

ဟု နှုတ်ခမ်းလှုပ်ရုံ လေသံလေးနှင့် ပြောတော့ အမွန့်တစ်ကိုယ်လုံး ပူနွေးသွားသလို မျက်နှာတစ်ပြင်လုံးလည်း နှင်းဆီပန်းလို နီရဲသွားလေတော့၏။ ပြီးမှ-

"အဲဒါ ဘာဖြစ်လဲ"

စိတ်ကောက်နေသော ကလေးငယ်တစ်ယောက်လို ဘောက်ဆတ်ဆတ်လေး ပြန်မေးလိုက်သည်။ သူ ဘာမှမပြောဘဲ ငြိမ်နေ၏။

"မေးနေတယ်လေ၊ အမွန်လှတာ ဘာဖြစ်လဲလို့"

သူ့မအသံက မဆိုစလောက်လေး ကျယ်သွားတာမို့ အိမ်ထဲမှ ထွက်လာသော ဒေါ်အေးပုံက မသိမသာ လှမ်းကြည့်လေသည်။ အမွန်ကတော့ အိမ်ဘက်ကို ကျော ခိုင်းထားသည်မို့ မသိပေ။

"ပြောလေ … မေးနေ"

အမွန့်စကားလေး မဆုံးလိုက်။ သူ့ဘက်က

www.burmeseclassic.com

www.burmeseclassic.com



အမွှန့်နှုတ်ခမ်းကို အတင်းပိတ်ကာလိုက်ပြီး သူ့နှုတ်ခမ်းရှေ့မှ လက်ညှိုးလေးကပ်ရင်း တိတ်တိတ်နေဆိုသည့် အမူအရာမျိုး လုပ်ပြလေ၏။

အမွှန် မျက်လုံးလေးပြူးရင်း ကိုယ်လေးတောင့်မတ်သွားရသည်။ သူ့လက်က တော်တော်နှင့် မခွာ။ အမွှန် နှုတ်ခမ်းမှာ ကာထားတဲ့လက်ကို အတင်းဆွဲဖယ်ပြီး ပခုံးတစ်ဖက်ကို ဆုပ်ကိုင်ထားသည့်လက်ကို အတင်းတွန်းဖယ်ပြီး ဘေးဘီသို့ ဝေ့ကြည့်သည်။

"ဘာဖြစ်လို့ အကျယ်ကြီး အော်တာလဲ၊ ဒေါ်အေးပုံ လှမ်းကြည့်နေတယ်"

"မေးနေတာမှ မဖြေတာကို၊ အဒေါ်ကြီးကြည့်နေတာ အမွှန်မှ မမြင်တာ၊ ထကတည်း သူ လုပ်ပုံကျတော့ တော်တော်မြင်လို့ကောင်းတယ်"

ဟုဆိုကာ သူ့နှုတ်ခမ်းလေးကို လက်ဖြင့် ကယောင်ကတမ်းကိုင်ရင်း မျက်စောင်းထိုးလေသည်။ ဒီတော့မှ သူ့လုပ်ရပ်ကို အားနာသွားသယောင် သိမ်



သူ့လက်ကို သူပြန်ဖြန့်ကြည့်ရင်း -

"ကျွန်တော် တောင်းပန်ပါတယ်… ဟို …"

"တော်ပြီ ဘာမှ မပြောနဲ့တော့"

ဟု ဆိုကာ လှည့်ထွက်သွားမည့်ဟန် ပြင်လိုက်သဖြင့် ကမန်းကတမ်း လှမ်းဆွဲလိုက်ရာ အမွှန် လက်ဖျားလေးကို မိသွားသည်။ သူမ ရှက်ရှက်နှင့် အတင်းပြန်ရုန်းသည်။

သူ ပြန်မလွှတ်ဘဲ တင်းတင်းလေး ဆုပ်ထားမိသည်။

အမွှန် မျက်လုံးအဝိုင်းသားလေးနှင့် ပြန်ကြည့်နေ၏။ သူမ၏ မျက်ဝန်းတွေကို တည့်မတ်စွာ စိုက်ကြည့်လိုက်ရင်း -

"အမွှန်မေးတာ ဖြေမလို့လေ"

ဟု ပြောလိုက်တော့ နှင်းဆီပွင့်ဖတ်သဏ္ဌာန် နှုတ်ခမ်းလွှာမှာ ရှက်ပြုံးလေး ခိုတွဲလာပြီး -

"မဖြေနဲ့တော့ … မသိချင်တော့ဘူး"

ဟု ခပ်တိုးတိုး ပြော၏။ သူ အမွှန်လက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆွဲထားရင်းမှ -

“မရတော့ဘူး၊ အခုပြောမှ ဖြစ်မှာ”

ဟု ပြောလိုက်တော့ သူမ မျက်နှာလေးမှာ ရှက်သွေးဖြာရင်း -

“အဲဒီလောက်တောင် အရေးကြီးလား”

ဟု မေးလေသည်။ သူခေါင်းညိတ်ပြလိုက်ပြီး-

“ဟုတ်တယ်၊ နောက်နေ့ဆိုတာကိုမှ မပိုင်တာဘဲ၊ အခုပဲ ပြောပါရစေ၊ ကျွန်တော် အမွှန်ကို စတွေ့ကတည်းက ချစ်နေတာ”

“အို”

ပြောပြောဆိုဆို အမွှန့်နဖူးလေးကို ဖျတ်ခနဲ ငုံ့နမ်းလိုက်လေသည်။ အမွှန် ရှက်ပြီး မျက်လုံးလေး မှိတ်ထားလိုက်သည်။ သူမ ရှက်လန့်တကြား ထွက်ပြေး တိမ်းရှောင်သွားဖို့ တစ်ခုတည်းသောနေရာကတော့ သိန်း၏ ရင်ခွင်သာ ဖြစ်လေ၏။

သူမကို တင်းတင်းပွေ့ဖက်ထားရင်းမှ -

“ကျွန်တော် အမွှန့်ကို သိပ်ချစ်မိသွားတာ



အမွှန် စိတ်မဆိုးပါဘူးနော်”

ဟုမေးသော တိုးလျလျစကားသံသည်သံလိုက်ဓာတ်တစ်မျိုးပါနေသလို အမွှန့်စိတ်ကို ညှို့နေသည့်နှယ်။ အမွှန်လုံးဝကို မငြင်းဆန်မိဘဲ သူ့ရင်ခွင်ထဲမှာ ငြိမ်သက်စွာပင် သူ့ကို ပြန်လည်ဖက်တွယ်ထားမိလေသည်။ ပြီးတော့ သူမေးတာကို ခေါင်းခါပြလိုက်မိ၏။

“အမွှန်နဲ့ ကျွန်တော် ဟိုရှေးဘဝကတည်းက သစ္စာပန်းကို စိုက်ခဲ့ဖူးတယ် ထင်ရဲ့၊ မြင်မြင်ချင်း အမွှန့်ကို မေတ္တာရှိသွားတာ”

“အမွှန့်အချစ်ကလည်း ဘယ်ဘဝရောက်ရောက် မပျက်ပြယ်တဲ့ အချစ်မျိုးပါနော်”

ဟု ပြန်ပြောလိုက်ရာ သိန်း သဘောကျစွာ ရယ် လိုက်ပြီး …

“ယုံပါတယ် အမွှန်ရယ်”

ဟု ပြောလေသည်။ တစ်လောကလုံးမှာ သူတို့ နှစ်ယောက်လုံးသာ ယခုအချိန်တွင် အချစ်တတ်တဲ့ လူသားများ ဖြစ်နေပါလိမ့်မည်။ သစ်ပင်ထက်မှ ငှက်

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ကောင်၏ "အ ... အ ... အ" ဟူသော အော်မြည်သံကို ကြားလိုက်ရသည်။ သို့သော် အမွန် မော့မကြည့်ဖြစ်တော့ချေ။ သူမ ကြည့်နေသည်က သိဒ်၏ မျက်နှာလှလှဆီသို့သာ ဖြစ်၏။

ဇာတ်သိမ်း

[၁၂]

"အမွန့်လေ ... အမောင့်ကို စတွေ့လိုက်တုန်းက လူလို့ မထင်ဘူး"

အမွန့်စကားအဆုံးမှာ သူ ခန္ဓာကိုယ် တောင့်ခနဲ ဖြစ်သွားပြီး အမွန့်ကို ရှုတည်တည်ကြည့်ကာ -

"လာပြန်ပြီ၊ ဒါပဲ"

ဟု ပြောလိုက်၏။

"ဘာလဲ၊ အမောင်က စိတ်ဆိုးလို့လား"

"မဟုတ်ပါဘူး၊ အမောင့်ပုံစံက လူနဲ့မတူတာ ကျနေတာပဲ"

"ဟာ ... အမောင်ကလည်း လူနဲ့မတူတာကို

www.burmeseclassic.com

www.burmeseclassic.com



ပြောတာမဟုတ်ဘူး၊ ဟို … သရဲလား၊ ဥစ္စာစောင့်လား၊ သိုက်နန်းရှင် ကဝေကြီးလား''

''အမွန့်ဟာတွေကလည်း ရှုပ်ယှက်ခတ်နေတာပဲ၊ အမောင် နားရှုပ်လာပြီ''

''နေပါဦး၊ အမွန်ပြောတာ နားထောင်စမ်းပါ၊ အဲဒီဟာတွေက လူယောင်ဖန်ဆင်းပြီး အမွန့်ဆီကို ရောက်လာတာလားလို့ ထင်နေတာ၊ ပြီးတော့လေ … တောစပ်က ဆုတောင်းပြည့်စေတီလေးနားမှာ နတ်စင်လိုလို တစ်ခုရှိတယ်၊ အဲဒီမှာ ပန်းချီကားတစ်ချပ်လည်း ရှိတယ် အမောင်ရဲ့၊ ပန်းချီကားထဲက လူကလေ …''

အမွန် စကားဆက်မပြောသေးဘဲ သိခ်မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လေသည်။ သိခ်ကတော့ သူမမျက်နှာကိုသာ ငေးနေပြီး သူမ ပြောသမျှ အာရုံစိုက်နားထောင်နေလေ၏။

''ပြောလေ အမွန်၊ ပန်းချီကားထဲက လူကဘာဖြစ်သလဲ၊ အမွန့်ကို ဘာပြောလိုက်သလဲ''



ဟု ပြောင်ချော်ချော် ဖြတ်မြောလိုက်သည်။ အမွန် က ခေါင်းခါရင်း -

''ဘာပြောလို့ရမှာလဲ၊ ပန်းချီကားထဲက လူကအသက်မှ မရှိတာ၊ အဲဒီလူက အမောင်နဲ့ သိပ်တူတာ၊ အမောင့်ပုံကို ဆွဲထားသလိုပဲ''

ဟု ပြောရာ သိခ်မှာ အံ့ဩသွားဟန်ဖြင့်-

''ဟုတ်လား၊ အဲဒါ ဘယ်သူ့ပုံလဲ''

ဟု မေးလိုက်လေသည်။

''ဟင့်အင်း၊ အမွန် မသိဘူး၊ အဒေါ်ကြီးကိုမေးတော့လည်း သူမသိဘူးတဲ့၊ အမောင်နဲ့တော့ တူတာ အမှန်ပဲ၊ မောင်ရေး သိလားဟင်''

''ဘယ်လို သိမှာလဲ၊ အဲဒီဘုရားမှာ ပန်းချီကားရှိတယ်ဆိုတာတောင် အမွန်ပြောလို့ သိရတာ''

''ဒါဆို အမောင်နဲ့ ဘာလို့ ချွတ်စွပ်တူနေရတာလဲ၊ သူ့ … သူ့လက်ထဲမှာလည်း စောင်းပိုက်ထားသေးတယ် အမောင်ရဲ့''

www.burmeseclassic.com

www.burmeseclassic.com



အမွန်စကားအဆုံးမှာ သိမ် မျက်မှောင်ကျုံ့ရင်း တစ်ခုခုကို စဉ်းစားယောင်ပြုပြီးမှ -

"လောကမှာ နာမည်တူ မရှား၊ လူတူ မရှား တွေက အများကြီးပဲ၊ ဘာဖြစ်လို့ အမောင်နဲ့လာတူနေရတာလဲဆိုတာတော့ အမောင် မပြောတတ်ဘူး အမွန်ရယ်"

ဟု ပြောပြီး အဝေးတစ်နေရာသို့ ငေးနေလေတော့၏။

"အမောင် ... စိတ်မကောင်းဖြစ်သွားတာလား ဟင်၊ အမွန်က အမောင့်ကို ဘယ်လိုမှ မထင်ပါဘူးမောင်ရယ်၊ တူလွန်းလို့ အံ့ဩနေမိတာပါ"

"အခု အမောင့်ကို သရဲလို့ ထင်နေသေးလား"

အမွန် ခေါင်းကို သွက်သွက်ရမ်းပြရင်း -

"ဟင့်အင်း၊ မထင်ပါဘူး၊ ဟိုပန်းချီကားထဲက လူက အမောင့်လောက်လည်း ကြည့်မကောင်းပါဘူး၊ သူ့မျက်လုံးတွေက စူးရဲတယ်၊ အမောင့်မျက်လုံးတွေက အေးဆေးသိမ်မွေ့တယ်၊ ပြီးတော့ သူ့နှုတ်ခမ်းတွေကပြုံးယောင်သမ်းနေပေမယ့် အမောင့်အပြုံးလို နူးညံ့မှုမရှိဘူး အမောင်ရဲ့၊ ပြီးတော့ ..."

"တော်ပါတော့ အမွန်ရယ်၊ အမောင် သဝန်တိုအောင် မလုပ်နဲ့"

"ဟင် ... အမောင်က ဘာကို သဝန်တိုတာလဲ"

"ပန်းချီကားထဲကလူကို အမွန် သေသေချာချာ ကြည့်ထားတာပဲ၊ ကိုယ့်ချစ်သူက တခြားယောကျ်ားတစ်ယောက်ပုံကို အဲဒီလောက် အသေးစိတ်ကြည့်ထားတာ"

"ကဲပါ ... နောက် ဘယ်တော့မှသေသေချာချာ မကြည့်တော့ဘူး"

"လုံးဝကို မကြည့်နဲ့တော့၊ အမောင် မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မကြည့်ဘူးဆိုနေမှ ... ဒါပေမဲ့ အမွန်နဲ့ အမောင် ဆုတောင်းပြည့်စေတီလေးကိုသွားပြီး ဆုတောင်းကြမယ်နော်"

"ဆုတောင်းပြည့်စေတီ"

သိခ်က အမွန်ပြောသော စကားကို သံယောင်လိုက်ရွတ်သည်။

"ဟုတ်တယ်လေ အမောင်ရဲ့၊ အဲဒီစေတီလေးက ဆုတောင်းပြည့်တယ်၊ အမွန်နဲ့ အမောင် တစ်သက်လုံး မခွဲမခွာ အတူတူနေရပါလို၏လို့ ဆုတောင်း ကြရအောင်လေ"

သူမစကားအဆုံးတွင် သိခ် ညင်သာစွာ ပြုံးလေ၏။ သူမ မျက်နှာလေးကို စေ့စေ့ကြည့်ရင်း -

"အမောင့်ကို အဲသလောက်တောင် ချစ်သလား အမွန်"

ဟု တိုးတိုးလေး ကပ်မေးလေသည်။

"ချစ်တာပေါ့ အမောင်ရဲ့၊ အမောင်နဲ့သေအတူ ရှင်မကွာ အမြဲရှိမယ်ဆိုတာ ယုံလိုက်စမ်းပါ"




ဟု ပြောရာ အမောင့်မျက်နှာသည် တိမ်စင်လလို ဝင်းပသွားပြီး အမွန့်ပခုံးလေးကို ဖက်ကာ -

"သေအတူ ရှင်မကွာတဲ့လား အမွန်ရယ်"

ဟု တီးတိုးရေရွတ်လိုက်လေတော့သည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ စန္ဒရားခုံကြီးသည်လည်း တီးခတ်သူမဲ့ကာအိပ်မောကျနေသည်။ ချစ်သူနှစ်ဦး၏ ရင်တွင်းမှာကား အချစ်တေးသံသာများ သီကျူးဖွဲ့နွဲ့နေမည်မှာ အသေအချာပင် ဖြစ်၏။

ဖအအသဝေ

www.burmeseclassic.com



ညောင်ရမ်းခေတ်သုံးစောင်း

[၁၃]

"သမီးရေ ... အမွှန် ..."

ဒေါ်အေးပုံအသံကြောင့် အမွှန်လှည့်ကြည့်လိုက်သည်။

"ခြံဝမှာ ဘာထွက်လုပ်နေတာလဲ သမီးရဲ့"

"အဖေတို့ကို မျှော်နေတာ၊ ဒီနေ့ ပြန်လာမှာ မဟုတ်လား"

"အင်း ... ဟုတ်တယ်လေ၊ ဘာလဲ ကောင်မလေး၊ ဘာတွေကပ်ချွဲဦးမလို့လဲ"

"အဒေါ်ကြီးကလည်း ... အမွှန်က အဖေနဲ့ အမေ့ကို လွမ်းနေတာ၊ ဟော ... ပြောနေး

www.burmeseclassic.com



ဆိုရင်း ဟောဟိုက လှည်းက အိမ်က လှည်းပေါ့၊ ပြန်လာကြပြီ အဒေါ်ကြီးရဲ့"

ဟု ကလေးလေးလို ခုန်ပေါက်ကာ အော်လိုက်လေ၏။ မကြာမီတွင် ခြူသံတချွင်ချွင်နှင့် လှည်းယာဉ်ကလေးသည် ခြံထဲသို့ ရောက်လာတော့သည်။

"သမီး … အမေတို့ကို ထွက်စောင့်နေတာလား"

"အင်းပေါ့ … သမီးတစ်ယောက်တည်း ကျန်ခဲ့တာ၊ မောင်လေးကျတော့ ခေါ်သွားတယ်"

"သားက နွားလှည်းမောင်းပို့ရင်နဲ့ လိုက်ရတာပါ သမီးရယ်၊ အလှူကလည်း ပဥ္စင်းခံဆိုတော့ သိပ် အကြီးအကျယ်မှ မဟုတ်ဘဲ၊ သမီးက စန္ဒရားသင်နေတော့ ထားခဲ့တာပေါ့"

ဟု ဦးမြသီးကို ပြောလိုက်လျှင် ဒေါ်တင်မေက "ဒါနဲ့ စန္ဒရားသင်တဲ့ သူငယ်လေးရော ပြန်သွားပြီလား"

ဟု မေးလေ၏။



"ဟုတ်ကဲ့၊ ပြန်သွားပြီ အမေ"

"ဒါနဲ့ ငါ့သမီးရော ကောင်းကောင်းတီးတတ်နေပြီလား"

ဟု ဦးမြသီးက အားရဝမ်းသာ မေးလိုက်သည်။

"အင်း … တော်တော်လေး တီးတတ်နေပါပြီ"

"တွေ့လား … ငါ့သမီးက သိပ်မှတ်ဉာဏ်ကောင်းတာ၊ အင်း … သင်ပေးတဲ့ သူငယ်လေးကလည်း တော်တာကိုး"

ဦးမြသီးစကားကြောင့် အမွန် ကျေနပ်ပီတိဖြစ်ကာ ပြုံးလိုက်သည်။ မိမိကိုချီးမွမ်းခြင်းထက် ချစ်သူကို ချီးမွမ်းလိုက်ခြင်းကြောင့် ကြည်နူးဝမ်းသာသွားရသည်။

"ဟဲ့ … သမီး၊ ဟိုတစ်နေ့က မောင်သိန်းသမီးကို သင်ပေးနေတဲ့ သီချင်းဟာလေ၊ဘာပါလိမ့်၊ ချစ်သမ္မုကို … ဟုတ်လား"

"အမေတို့ နားထောင်မယ်ဆို အခု တီးပြမယ်

www.burmeseclassic.com

www.burmeseclassic.com



လေ”

“နေဦးသမီး … အခု မတီးနဲ့ဦး၊ အိမ်မှာ ဧည့်သည်တွေ စုံတဲ့နေ့ကျမှ သမီးလက်သံကို နားထောင်မယ်”

ဦးမြသိန်း၏ စကားဆန်းကြောင့် အမွန် အံ့သြသွားရသည်။ အမွန် နားမလည်သလို ပြန်ကြည့်လိုက်ပြီး

“အိမ်မှာ ဧည့်သည်တွေ စုံတဲ့နေ့ … ဟုတ်လား အဖေ၊ အိမ်မှာ ဘာကိစ္စရှိလို့ ဘယ်က ဧည့်သည်လာမှာလဲဟင်”

ဟု မေးလိုက်ရာ ဦးမြသိန်းမှာ ဒေါ်တင်မေဘက်သို့ ပြုံးပြုံးကြီး ကြည့်လိုက်ပြီး –

“ကဲ … မတင်မေ၊ သမီးကို မင်းပဲ ပြောပြလိုက်တော့”

ဟု ဆိုကာ အိမ်အပေါ်ထပ်သို့ တက်သွားလေတော့၏။ အမွန် ဒေါ်တင်မေ၏ လက်မောင်းကို ဖက်တွယ် လှုပ်ယမ်းရင်း –

“အမေ သမီးကို ပြောပြပါဦး၊ ဘယ်က ဧည့်



သည် လာမှာလဲလို့”

သူမ သိလိုစိတ်ပြင်းစွာ မေးလိုက်သည်။ ဒေါ်တင်မေက သူမ၏ ဆံပင်များကို သပ်တင်ပေးရင်း ပြုံး စေ့စေ့ကြည့်ကာ –

“ပြောပြမှာပေါ့ သမီးရဲ့၊ ဧည့်သည်ဆိုတာ တခြားမဟုတ်ဘူး၊ မြို့က အမေတို့မိတ်ဆွေ စက်သူဌေး ဦးဘသော်နဲ့ သူ့သား မောင်မောင်သော်တို့ လာမှာ သမီးရဲ့၊ လာမယ့်ကိစ္စကလည်း သားရေး သမီးရေးအတွက်လေ၊ ဟင်း ဟင်း … သမီးကို မောင်မောင်သော်နဲ့နေရာချ ထားပေးမလို့”

ဟု ဆိုလိုက်ရာ အမွန်မှာ မျက်လုံးအပြူးသားနှင့် အံ့သြထိတ်လန့်ကာ ဒေါ်တင်မေ၏ မျက်နှာသို့ ဖျတ်ခနဲ ကြည့်လိုက်မိတော့သည်။

“သမီးက အံ့သြသွားတာလား၊ ဟင်း … ဟင်း၊ မောင်မောင်သော်က ရွာက ဦးတင်မေ အလှူကိုလာရင်း သမီးကိုတွေ့သွားပြီးက

www.burmeseclassic.com

www.burmeseclassic.com



တည်းက စိတ်ဝင်စားနေတာတဲ့၊ အမေတို့သမီးကလေးမှန်း သူ မသိဘူး၊ တစ်လောက မြို့ကိုသွားတော့မှ စကားစပ်မိလို့ ပြောကြရင်း သမီးအကြောင်း ပြောမိရာက … အမယ်လေး သမီးရယ့် ငါ့သမီး စက်သူဌေးကတော်ဖြစ်ချင်တော့ ရေကန်အသင့် ကြာအသင့်၊ နတ်ဖက်ပေးလိုက်သလိုပါပဲ၊ မောင်မောင်သော်က သိပ်သဘောမနောကောင်းတာ၊ ရုပ်ရည်ကလည်းပြောစရာမရှိဘူး၊ ဘီအေ အောင်ပြီးသား၊အမေတို့ မြို့သွားတိုင်း အဲဒီမှာ တည်းတာပေါ့"

ဒေါ်တင်မေ ဝမ်းသာအားရ ပြောနေသလောက် အမွန်မှာတော့ ဘာပြန်ပြောရမှန်း မသိအောင် ရင်ထဲပူလောင်နေရပြီဖြစ်သည်။ နောက် … ဆက်ပြောနေတဲ့ ဒေါ်တင်မေရဲ့ စကားတွေကိုလည်း သူမ မကြားတော့။ မချစ်မနှစ်သက်သောသူနဲ့ နီးစပ်ဖို့အရေးဖန်လာခြင်းဟာ ချစ်သောသူနဲ့ ကွေကွင်းစေဖို့ နိဒါန်းပင် မဟုတ်ပါလား။

[၁၄]

ချစ်သူမျက်နှာ ညှိုးငယ်နေတာ မြင်ရပြန်တော့ သူပါ အလိုလို နွမ်းသွားရသည်။ အရင်နေ့တွေကလို ချိုသာသော အပြုံးလေးနှင့် လှေကားပေါ်က အပြေးတစ်ပိုင်း ဆင်းလာကာ သူ့လက်မောင်းကို ခိုရင်း ကလေးတစ်ယောက်လို ကြိုတတ်သောအမွန်သည် ဒီနေ့တော့ စန္ဒရားခုံတွင် ထိုင်ကာ သူ့အလာကို တိတ်ဆိတ်စွာ စောင့်ဆိုင်းနေလေ၏။

သူ နံဘေးနားရောက်နေသည့်တိုင် တစ်ချက်မှ ငဲ့မကြည့်ဘဲ ခေါင်းကို တွင်တွင်ငုံ့ရင်း စန္ဒရားခလုတ်များကို တစ်ချက်ချင်း နှိပ်နေသည်ကို တွေ့လိုက်ရသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ့ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားမိ၏။ တစ်ခါမှ စိတ်ဆိုးစိတ်ကောက်ခဲ့ခြင်း မရှိခဲ့ဖူးတာမို့ သူ့အပေါ်စိတ်ဆိုးစရာများ ကြုံနေရပြီလားဟု တွေးမိပြီး ဘာပြောရမှန်းပင် မသိတော့ချေ။

သူ ငေးနေစဉ်မှာပင် စန္ဒရားခုံပေါ်သို့ မျက်ရည်တစ်စက် ပေါက်ခနဲ ကျလာလေသည်။

"အဟင့် ... အင့်"

ရုတ်တရက် တသိမ့်သိမ့် ရှိုက်ငင်လိုက်သော အမွန့်အသံကြောင့် သူ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရ၏။

"အမွန် ... ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ ဟင်"

အမွန်ရဲ့ ပခုံးလေးကို ဖွဖွကိုင်ရင်း သူ စိုးရိမ်တကြီး မေးလိုက်မိသည်။

"အမွန် ... အမောင့်ကို စိတ်ဆိုးနေတာလား၊ အမောင့်ကြောင့် စိတ်ထိခိုက်နေတာလားဟင်"

အမွန် ခေါင်းကိုခါရင်းမျက်ရည်အဝိုင်းသားဖြင့် မော့ကြည့်လာသည်။



"မဟုတ်ပါဘူး အမောင်ရယ်၊ အမွန့်ကို လေ... အဖေတို့က မြို့က စက်သူဌေးသားနဲ့ လက်ထပ်ပေးမလို့တဲ့၊ အမွန် စိတ်ညစ်လွန်းလို့ ပါ အမောင်ရယ်"

အမွန့်စကားကြောင့် သူ ဘာပြန်ပြောရမှန်းမသိအောင် တုံအ,သွားတော့သည်။

"အမွန် ... သူ့ကို မယူနိုင်ဘူး၊ အမွန်ကို လက်ထပ်ပေးဖို့ စီစဉ်နေကြပြီ"

"ဒါဆို ... အမောင်တို့ ဝေးရပြီပေါ့နော်"

ဟု ဆိုလိုက်စဉ် အမွန် မျက်လုံးများသည် ရူးလက်လာကာ အားမလိုအားမရအကြည့်နှင့် သူ့ကိုကြည့်လိုက်ပြီး -

"ဘာလို့ အမောင်နဲ့ ခွဲရမှာလဲ၊ အမွန် ရှင်နဲ့ပဲ တစ်သက်လုံး အတူနေဖို့ စိတ်ကူးဆုံးဖြတ်ပြီးသားပါ၊ အိမ်က သဘောမတူလည်း အမွန်တို့ ထွက်ပြေးကြမယ်နော်"

ဟု သူ့လက်မောင်းတစ်ဖက်ကို လှုပ်ယမ်းကာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်လို ခေါင်းလေးမော့ရင်း မျှော်လင့်တကြီး ပြောလေ၏။

သူ တွေဝေငေးငိုင်သွားရသည်။ အမွန်ကတော့ မျက်ရည်အရွှဲသားနှင့် သူ့လက်မောင်းကို အားကိုးတကြီး ဖက်တွယ်ထားရင်းမှ -

"အမွန်နဲ့ အမောင့်ကို သူတို့ ဘယ်လိုမှ ကြည်ဖြူကြမှာ မဟုတ်ဘူး၊ ဒီတော့ အမွန့်ကိုဝေးရာ ခေါ်သွားပေးပါနော်"

ဟု ပြောရာ သူ ခေါင်းကို ဖြည်းလေးစွာ ခါရမ်းလိုက်သည်။ အမွန့်မျက်နှာလေးက ဆတ်ခနဲ ပျက်ယွင်းသွားရဘော့၏။

"အမွန့်ကို အမောင် သိပ်ချစ်ပါတယ်၊အမောင့်ဘဝမှာ မြတ်နိုးတွယ်တာစရာက အမွန် တစ်ယောက်တည်းရယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ အမောင်၊ ပြောပါဦး၊ အမွန့်ကို ဖွန့်စားပြီး မချစ်ရဲတော့ဘူး မဟုတ်လား"



အမွန့်စကားက သူ့နှလုံးသားကို ဓားဖြင့် မွှန်းလိုက်သည့်နှယ်။

"အမောင်နဲ့ အမွန့်ဘဝက မတူပါဘူး အမွန်ရယ်၊ တကယ်ကို ကွာခြားလွန်းတဲ့ ဘဝတွေ၊ မတူညီတဲ့ အခြေအနေတွေကြောင့် မောင့်ဘဝထဲကို အမွန့်ကို ခေါ်မသွားရက်ဘူး၊ အမွန့်ကို ခေါ်မသွားချင်ဘူး"

သူ့စကားအဆုံးမှာ အမွန် မျက်ဝန်းမှ မျက်ရည်များ တသွင်သွင် စီးကျလာပြီး အောက်နှုတ်ခမ်းကို ပြတ်ထွက်မတတ် ဖိကိုက်ကာ သူ့မျက်နှာကို နာကြည်းစွာ စိုက်ကြည့်နေသည်ကို မြင်လိုက်ရလေ၏။

ယောကျ်ားမို့ မျက်ရည်မကျသော်လည်း နှလုံးသားမှ နာကျင်သော ဒဏ်ရာက သွေးစက်တွေ ကျနေလောက်ပြီ။

"ရှင် ... ဇော်တော်ရက်စက်တဲ့လူပဲ၊ ကျွန်မ ရှင့်ကို ချစ်ခဲ့မိတာ သိပ်မှားတယ်၊ ဒီလို သတ္တိကြောင်မှန်း သိရင် ဘယ်တော့မှ ချစ်မှာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ရှင် အလကားလူ၊ သူ့ရဲဘောကြောင်တဲ့ လူ၊ သွား … ရှင် အခုထွက်သွား၊ ရှင့်မျက်နှာကို ကျွန်မ မကြည့်ချင်ဘူး၊ အဟင့် … ဟင့်"

အမွန် ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်နေတော့၏။

သူ အမွန့်လက်ဖမိုးလေးကို ဖွဖွလေး ဆုပ်ကိုင်လိုက်ပြီး-

"အမောင် ရှင်းပြပါရစေ အမွန်၊ အမောင့်ကို အထင်မလွဲပါနဲ့၊ အမွန့်ကို မချစ်လို့၊ မစွန့်စားရဲလို့ မဟုတ်ပါဘူး၊ တကယ်တော့ … အမောင်ဟာ…"

"တော်တော့ … ကိုသိန်း၊ ရှင် ဘာမှ လာပြောမနေနဲ့တော့၊ ရှင့်ကို မုန်းတယ်"

သူ့လက်တစ်ဖက်ကို ဆတ်ခနဲ ခါချရင်း ရှူးရှူးဝါးဝါး အော်လိုက်သံက သူ့ရင်ဘတ်ထဲမှာ ကျင်သွားစေသည်။

"အမွန် … အမောင်ပြောတာ ဆုံးအောင်နားထောင်ပါဦး အမွန်ရယ်"

"မကြားချင်ဘူး … မကြားချင်ဘူး၊ ရှင်



သွား ပါတော့"

သူ့လက်ကို အတင်းပုတ်ချပြီး ခါးခါးသီးသီး အော်ဟစ်ငြင်းဆန်နေသော အမွန့်ပုံစံက တကယ့် ကျားသစ်မလေးတစ်ကောင်လို ဖြစ်နေ၏။

"အမွန် … နေဦး၊ အမောင်ပြောတာ အမွန် နားထောင်ပြီးမှ ကြိုက်သလိုဆုံးဖြတ်"

သူ အမွန့်ပခုံးကို တင်းတင်းဆုပ်ရင်း ပြောလိုက်သည်။ ခဏတော့ သူ့မျက်နှာကို တွေကြည့်နေပြီး-

"ဖယ် … ရှင် … ကျွန်မအသားကို မထိနဲ့ … လွှတ် …"

ဟု အော်လိုက်သည်။ သူ လွှတ်မပေးဘဲ ပခုံး နှစ်ဘက်ကို တင်းကျပ်စွာ ဆုပ်ထားသည်။ ထိုစဉ် အခန်းရှေ့သို့ ဦးမြသီး ရောက်လာသည်ကို နှစ်ယောက်လုံး မတွေ့လိုက်မိကြပါချေ။

"ဟေ့ကောင် … ငါ့သမီးကိုလွှတ်လိုက်စမ်း"

မိုးခြိမ်းသံတစ်မျှ ကျယ်လောင်လှသောဦးမြသီး အသံကြောင့် နှစ်ယောက်လုံး ခဏ မှင်တက်မိသွားကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးမြသီးသည် အခန်းထဲသို့ ဝင်ရောက်လာပြီး-

"တောက် ... သားရေပေါ်အိပ်၊ သားရေနား စားချင်တဲ့ အကောင်၊ မင်း တော်တော်ကျေးဇူး ကန်းပါလား၊ ဟင် ... စားရမဲ့ သောက်ရမဲ့ ဘဝ ရောက်နေလို့ ခေါ်ပြီးအလုပ်ပေးထားတာ၊ ငါ့သမီးကို ခွေးကျင့်ခွေးကြံ ကြံတဲ့အကောင်"

ဟု လက်ညှိုးငေါက်ငေါက်ထိုးကာ ကြိမ်းမောင်း ပြောဆိုတော့သည်။ သိခ်မှာ ခေါင်းကို တွင်တွင်ငုံ့ရင်း ဦးမြသီးပြောသမျှ ခံနေရရှာ၏။ အမွန်မှာ မမျှော်လင့်သော အဖြစ်ကြောင့် ဝမ်းနည်းကြောက်ရွံ့နေရင်းမှ ဖခင်၏ ရင့်သီးသော ဒေါသစကားများအား မျက်နှာငယ်နှင့် ခေါင်းငုံ့ခံနေရသော ချစ်သူကို ကြည့်ကာ မျက်ရည်ဖြိုင်ဖြိုင် ကျလာလေတော့သည်။ ဆူဆူညံညံ အသံများကြောင့် ဒေါ်တင်မေနှင့် ဒေါ်အေးပုတို့မှာ စန္ဒရား ခန်းထဲသို့ ရောက်လာကာ အခန်းထဲမှ ဦးမြသီးနှင့် အမွန် တို့နှစ်ယောက်ကို မြင်သွားလေ၏။

"အမလေး ... ကိုမြသီး၊ ဘာတွေ ဖြစ်ကုန်



ကြလို့တုန်း၊ မထိတ်သာ မလန့်သာ ရှိလိုက်တာနော်"

"ဘာဖြစ်ရမလဲ၊ ဒီကောင် ငါ့သမီးကို အဓမ္မကြံနေတာ၊ ဟင်း ... ငါအရောက်မြန်ပေလို့၊ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ ..."

ဦးမြသီး၏စကားကြောင့် သိခ်မျက်နှာမှာ ရှက်ရွံ့သောကြောင့် နီမြန်းနေရာမှ ရုတ်ချည်းပင် သွေးဆုတ်ဖြူလျော်သွားကာ ဦးမြသီးမျက်နှာသို့ ဆတ်ခနဲ မော့ကြည့်ပြီး တစ်ခုခုပြောမည့်ဟန် ပြင်လိုက်သည်။ ပြီးမှ အမွန့်မျက်နှာကို တစ်ချက်လှမ်းကြည့်ကာ ဘာမှမပြောတော့ဘဲ အံကို တင်းတင်းကြိတ်ထားလေ၏။ ဦးမြသီးပြီးတော့ ဒေါ်တင်မေ အလှည့်။

"အမယ်လေး ... လေး၊ ဖြစ်မှဖြစ်ရလေ၊ သင်းကို ရိုးပုံရိုးလက်နဲ့ တော်လှချည်ရဲ့ အောက်မေ့နေတာ၊ ဖွတ်ထွက်မှ တောင်ပို့မှန်း သိရတယ်၊ ကြားလို့မှ ကောင်းကြသေးရဲ့လား အရပ် ကတို့ ..."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မေမှာ ရင်ဘတ်ကို လက်ဖြင့် ထုရင်း ရှုညိုးသည်းပျာပျာ အော်ဟစ် ရန်တွေ့လေတော့သည်။

"တော်ကြပါတော့ … အဖေတို့အမေတို့ရယ် သမီး တောင်းပန်ပါတယ်"

"တောက် … ဒီကောင်၊ ငါသတ်ရရင် သေ … အသေ … ခုထွက်သွား၊ မင်းမျက်နှာ ငါ မမြင်ချင်ဘူး၊ အလကား … ခွေးလောက် မှ သစ္စာမရှိတဲ့ အကောင်"


သိခ်မှာ ဦးမြသီး၏ မျက်နှာကို တစ်ချက်မျှ စူးစိုက်ကြည့်ပြီး အမွှန်ကို လှည့်ကြည့်ကာနေရာမှ ချာခနဲ လှည့်ထွက်သွားတော့သည်။ ဦးမြသီးနှင့် ဒေါ်တင်မေမှာ အမျိုးစုံ ရေရွတ်ကျိန်ဆဲရင်း ကျန်ခဲ့၏။ အခန်းထဲ ခေါင်းငိုက်စိုက်ချကာ လှည့်ထွက်သွားသော သိခ် ကို ကြည့်ရင်း အမွှန် တစ်ယောက်မှာတော့ သည်းသည်း ထန်ထန် … ငိုကြွေးရုံမှတစ်ပါး အခြားမတတ်နိုင်တော့ သည်ဖြစ်၏။

မမျှော်လင့်သော သူတို့နှစ်ဦးကြားမှ မှန်တိုင်း



သည် မျှော်လင့်သည်ထက်ပိုပြင်းထန်၍ နေချေပြီ တည်း။

www.burmeseclassic.com



မြန်မာသက္ကရာဇ် ၁၂၇၇ ခုနှစ်က
ရှေးမြန်မာနန်းသုံးစောင်း

[၁၅]

ဒေါ်တင်မေ၏ မျက်လုံးများမှာ အလွန်အမင်း ထိတ်လန့်စိုးရိမ်နေဟန်ရှိပြီး အိပ်ရာပေါ်တွင် အော်ဟစ် ညည်းညူနေသော ခင်ပွန်းသည်ကို တစ်လှည့်၊ ဆေးဆရာကြီးကို တစ်လှည့် ကြည့်ရင်း ဂဏှာမငြိမ် ဖြစ်နေရှာသည်။

အမွန်မှာ ဖခင်ကိုကြည့်ပြီး စိတ်မကောင်းသောကြောင့် မျက်နှာငယ်လေးနှင့် ခြေရင်းနားတွင် ကျုံ့ကျုံ့လေးထိုင်ရင်း ငေးကြည့်နေလေ၏။ ဆေးဆရာကြီးသည် ဦးမြသီးအတွက် ဆေးများ ပေးပြီးသောအခါတွင် သူ လုပ်နေကျ ထုံးစံအတိုင်း ဘုရားစင်ရှေ့တွင် ဘုရားဝတ်

www.burmeseclassic.com

www.burmeseclassic.com



ပြုပြီး မျက်စိမှိတ်ကာ တစ်စုံတစ်ခုကို အာရုံပြုနေတော့သည်။ ပြီးသောအခါ -

"ဟော့ … မတင်မေ"

ဟု လှည့်ခေါ်လိုက်လျှင် ဒေါ်တင်မေမှာ ပုဆစ်တုပ် ထိုင်နေရင်းမှ လက်တစ်ဖက်ထောက်ကာ ရှေ့သို့ ငုံ့ကိုင်းလိုက်ပြီးလျှင် -

"ပြော … ပြောပါဆရာ"

ဟု တုန်ယင်သော လေသံဖြင့်ပြန်ထူးလိုက်၏။ ဆရာကြီးသည် ဦးမြသီးဘက်သို့ တစ်ချက်ငဲ့ကြည့်ကာ ဒေါ်တင်မေအား -

"မတင်မေတို့အိမ်မှာ ခုတစ်လော လူစိမ်း အဝင် အထွက်ရှိလား"

ဟု မေးလိုက်သည်။ ဒေါ်တင်မေမှာ အမွှန်ကို တစ်ချက်ငဲ့ကြည့်ပြီး -

"မရှိ … အဲ … ရှိပါတယ်ဆရာ၊ ဒါပေမဲ့ ခု မရှိတော့ပါဘူး"

ဟု ထစ်ငေါ့စွာ ဖြေလေ၏။ ဆရာကြီးသည်



မျက်စိမှိတ်ထားရင်းမှ ခေါင်းခါလိုက်ကာ -

"ကျွတ် … အဲဒါတွေ ခက်တာပေါ့၊ ဘာမှန်း မသိ၊ ညာမှန်းမသိတာတွေ အိမ်ပေါ်တင်၊ ခုတော့ ဒုက္ခရောက်နေပြီလေ"

ဟု ပြောလိုက်လေ၏။ ဆေးဆရာကြီး စကားကြောင့် အမွှန်နှင့် ဒေါ်တင်မေမှာ နားမလည်နိုင်သော အကြည့်များဖြင့် တစ်ယောက်မျက်နှာတစ်ယောက် လှည့် ကြည့်လိုက်မိလေတော့သည်။ ဒေါ်တင်မေက ဆရာကြီးအား -

"အဲဒါတွေ ကျွန်မတို့ ဘာမှမသိရပါဘူး ဆရာရယ်၊ ဘယ်လိုလုပ်ရမလဲ၊ ကိုမြသီးဖြစ်တာ အဲဒါတွေနဲ့ ဆိုင်လား၊ ကျွန်မတို့ မိသားစုကို ကယ်ပါဦး ဆရာရယ်"

ဟု ပြောလေရာ ဆေးဆရာကြီးမှာ ဒေါ်တင်မေအား အနားသို့ခေါ်ကာ တစ်စုံတစ်ခုကို တီးတိုးပြောကြားလေတော့၏။ ဆရာကြီးစကားကို နားထောင်နေသော ဒေါ်တင်မေမျက်နှာမှာ မျက်ခုံးတွန့်လိုက်၊ မျက်

www.burmeseclassic.com



နှောင်ကျူ့လိုက် ဖြစ်သွားပြီး နောက်ဆုံးတွင် မျက်လုံးကြီး ပြူးသွားတော့၏။

[၁၆]

အိမ်နောက်ဘေး တံခါးလေးဘေးတွင်မီထိုင်ရင်း အမွန် မရှင်ပျစွာ ငေးငိုင်နေမိသည်။

သိခ်နှင့် မတွေ့ရထဲက အိမ်ရှေ့ဘက် သူမ မထွက်လိုတော့။ စန္ဒရားထားရာ အခန်းသို့မူ နည်းနည်းကလေးမျှ မသိလိုပြီ။

သူမဘာဝတွင် အချစ်နှင့်အတူ ဂီတသံများလည်း ပျောက်ကွယ်ခဲ့ရလေပြီတည်း။

တစ်အိမ်လုံးတွင် အမွန့်ကြေကွဲမှုကို ဂရုစိုက်သူဆို၍ ဒေါ်အေးပုံ တစ်ယောက်သာရှိ၏။

အမွန့်အား မကြာခဏဆိုသလို စကားဂရု

www.burmeseclassic.com

www.burmeseclassic.com



တစိုက် လာပြောကာ စာနာသနားမှုများပြသလေ၏။

"သမီးလေးအမွှန်၊ ဘာစားချင်လဲ၊ အဒေါ်ကြီး ချက်ကျွေးမယ်လေ၊ သမီး အခုလို မစားမ သောက်နဲ့ တမှိုင်မှိုင် တတွေတွေ ဖြစ်နေတာ အဒေါ်ကြီး မကြည့်ရက်ဘူးကွယ်"

ဆိုလာတော့ အမွှန့်မှာ ခေါင်းကိုသာ တွင်တွင် ခါရမ်းပြလိုက်မိခဲ့သည်။

"အဒေါ်ကြီး ..."

"ဟင် ... ပြော သမီး၊ ဘာလိုချင်လဲ"

"စန္ဒရား..."

မပီမသ စကားသံက တစ်ဝက်တစ်ပျက်မှာပင် ရပ်တန့်သွား၏။ ချစ်သူနှင့် တိုက်ရိုက်ပတ်သက်နေသော ထိုစကားလုံးမှာ နှုတ်ထွက်ပြောဆိုရန် အတော် ခက်ခဲချေ ပြီ။ ဒေါ်အေးပုံက တီးတိုးဝင်မေးလိုက်သည်။

"စန္ဒရားတီးချင်လို့လား သမီး"

"ဟင့်အင်း ... စန္ဒရားခန်းကို ဘယ်သူမှ မဝင်ပါစေနဲ့၊ ပိတ်ထားပေးပါ"



"သြော် ... ဖြစ်ရလေ အမွှန်ရယ်"

ဒေါ်အေးပုံ စိတ်မကောင်းစွာ သူမကို ကြည့် လိုက်သည်။ မျက်လုံးထဲတွင် သိခ်ီ၏ သနားစဖွယ် ရုပ်သွင်ကို ပြန်မြင်ယောင်မိသည်။ ခုနစ်ရွေးသွားစဉ်ဆို လာခဲ့ရသော ...

"ကျွန်တော် တောင်းပန်ပါတယ် အဒေါ်ကြီး ရယ်၊ အမွှန်ကို ပြောပေးပါ၊ ကျွန်တော် ဒီည ဆက်ဆက်လာခဲ့မယ်လို့၊ ကျွန်တော့်ကို မငဲ့ညှာ ရင်တောင် အမွှန် စိတ်ချမ်းသာအောင် ပြော ပေးပါနော်"

ဟူသည့် သိခ်ီအသံက နားထဲမှာ တရစ်ဝဲဝဲ။ ပြောလိုက်ရ ကောင်းမည်လား။ မဖြစ်သေးပါဘူးလေ။ သူ့ဌေးနဲ့ သူဌေးကတော် ကျားဖူးတွေကို ဒီလိုနည်းနဲ့ ငါ မဆယ်သင့်ဘူး။ တတ်နိုင်ပါဘူး။ သူတို့ထိုက်နဲ့ သူတို့ကံပဲ ရှိစေတော့ဟု စိတ်ပိုင်းဖြတ်ပြီး အခန်းထဲမှ လှည့် အထွက်တွင် အမွှန့်ထံမှ 'အင့်' ခနဲ ရှိုက်သံ တစ်စွန်း တစ်စ ပျံ့လွင့်လာလေသောအခါ ဒေါ်အေးပုံစိတ်ဖြို့

www.burmeseclassic.com



ဘယ်လိုမှ တင်းမရတော့ပါချေ။

"အမွန် ... တိတ်တော့၊ သမီး မငိုနဲ့၊ ဒီည မောင်သိခ် လာလိမ့်မယ်"

ဟု ပြောချလိုက်ရာ အမွန်မှာ ငိုနေရင်းမှ ရုတ်တရက် အံ့သြသွားကာ ဝမ်းသာပျော်ရွှင်သော အမူအရာဖြင့် -

"ဟင် ... တကယ်လားဟင်၊ တကယ်လား အဒေါ်ကြီးရယ်၊ သူ ... သူ ပြောခိုင်းလိုက်တာ ပေါ့နော်"

ဟု ဆိုကာ ကလေးပေါက်စလေးလို သူ့လည်ပင်းကို သိုင်းဖက်ရင်း မေးလေ၏။ သူ ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။ ရုတ်ချည်း လန်းဆန်းရွှင်မြူးသွားသော အမွန့်မျက်နှာလေးကို ကြည့်ရင်း သူပါ ကြည်နူးသွားရသလို။

သို့သော် သူပြောလိုက်သော စကားတစ်ခွန်းအတွက် ရင်ထဲတွင် စိုးရိမ်စိတ်နှင့် လေးလံလာကာ သက်ပြင်းတစ်ချက် ချလိုက်မိတော့၏။




ထိုစဉ် အခန်းတံခါးအကွယ်မှာ ရပ်နေသော အမွန့်မောင် ကျော်စွာမှာ သုတ်ခနဲ လှည့်ထွက်သွားတော့သည်ကိုတော့ သူတို့နှစ်ယောက်ပေါ်း ဘယ်သူမှ မသိလိုက်ကြပါချေ။

ဖဖဖဖ

www.burmeseclassic.com

www.burmeseclassic.com



လွမ်းဆောင်ဖန်တောင်း ဒေါ်
ရှေးကာရင်စောင်းတစ်မျိုး

[၁၇]

လခြမ်းကွေးကွေးလေးသည်ငွေကြယ်အပေါင်းခြံရံရင်း အကာလ ည၏ ညီလာခံသဘင်ကို ဆင်ယင်ကျင်းပနေချိန်ဖြစ်၏။

အမွှန်၏ အခန်းလေးမှ ခန်းစီးလိုက်ကာစလေးသည် လေအဝှေ့တွင် တဖျပ်ဖျပ် မျောလွင့်နေသည်။ ထိုအတူ အမွှန့် စိတ်အစဉ်မှာလည်း မငြိမ်မသက်လှုပ်ရှားမျောလွင့်နေရသည်။

ညသည် တဖြည်းဖြည်း ပို၍ ပီပြင်လာသည်။ ပုရစ်အော်သံနှင့် ခွေးအူသံများ၏ အသံက ပတ်ဝန်းကျင်ကို လွှမ်းခြုံထား၏။ သူမ အခန်းတံခါးကို ဖြည်းညင်း

www.burmeseclassic.com

www.burmeseclassic.com



စွာ ဖွင့်၍ ဝရံတာဘက်ထွက်ကာ ပြင်ပသို့ မျှော်ကြည့်လိုက်သည်။ ပတ်ဝန်းကျင်သည် ချောက်ချားဖွယ် မှောင်မည်း တိတ်ဆိတ်နေသည်။ တစ်ချက်တစ်ချက်လေအဝှေ့မှာ ပါလာတတ်သော ခရေပန်းရနံ့နှင့် အေးမြသောလေထုက အသည်းထိ အေးကာ မွှေးပျံ့နေသည်။

"သမီး ..."

နောက်ကျောမှ ကပ်ခေါ်လိုက်သောအမေ့အသံကြောင့် သူမ ဆတ်ခနဲတုန်သွားကာ ကြက်သီးမွေးညင်းများပင် ထသွားတော့၏။ သူမ ထိတ်လန့်ဆွံ့အစွာ လှည့်ကြည့်လိုက်သည်။ အမေ့မျက်လုံးများတွင် ကရုဏာဒေါသရိပ်တို့ ပြည့်လျှမ်းနေ၏။

"အခန်းထဲကို အခုဝင်စမ်း၊ ညည်း ဘယ်သူ့ကို မျှော်နေတယ်ဆိုတာ ငါတို့ သိပြီးပြီ၊ လာ ... အခုလာခဲ့"

ပြောပြောဆိုဆို သူမလက်ကိုဆောင့်ဆွဲခေါ်သွားသော ဒေါ်တင်မေ နောက်သို့ အမွှန်မှာ ယက်ကန်ယက်ကန် ပါသွားရလေသည်။ သူမအား အခန်းထဲသို့



တွန်းထည့်ခံလိုက်ရပြီး ချက်ချင်းပင် အပြင်မှ သော့ခတ်သံကို ကြားလိုက်ရလေတော့သည်။

"အဟင့် ... အင့် ... အဟင့်"

အခန်းထဲတွင် ခေါင်းအုံးပေါ် မျက်နှာအပ်ကာ တသိမ့်သိမ့် ငိုရှိုက်နေသော သူမအသံမှာ ပျံ့လွင့်နေတော့၏။ သော့ခတ်ထားသော တံခါးကို မျှော်လင့်ချက်မဲ့စွာ တစ်ချက်လှမ်းကြည့်ပြီး အမွှန် အိပ်ရာပေါ်သို့ အရုပ်ကြိုးပြတ်လှဲချလိုက်သည်။ ငိုရလွန်းလို့ အသက်ရှူပင် ကျပ်ချင်သလိုလို။

ခဏအကြာ သူမ မောပန်းပြီး အိပ်ပျော်သွားတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

"ကျွိ ..."

အခန်းတံခါး ပွင့်သွားသည့်အသံက သူမအား နိုးလိုက်သည့်နှယ်။ သူမကိုယ်လေး ဆတ်ခနဲ တွန့်သွားသည်။ သို့သော် လေးလံနေသော မျက်ခွံများက ဖွင့်မရ။ ကြားလိုက်ရသောအသံမှာ အိပ်မက်ထဲမှာလိုလို ဖြစ်ပြီး ပြန်လည်ပျောက်ကွယ်သွား၏။

"အမွှန် ... အမွှန်"

အနားနားသို့ ကပ်ကာ ခေါ်လိုက်သောအသံ ကြောင့် သူမ လန့်နိုးသွားပြန်သည်။

"အမွှန် ..."



"ဟင် ... အမောင်"

သူမ အံ့ဩထိတ်လန့်စွာ အိပ်ရာပေါ်မှ ဆတ်ခနဲ ထထိုင်လိုက်သည်။ သူမ၏ အိပ်ရာဘေးတွင် ရပ်ရင်းခေါ်နေသော မောင့်ကို တွေ့လိုက်ရသောကြောင့် သူမ ဝမ်းသာခြင်းနှင့်အတူ စိုးရိမ်စိတ်လှုပ်ရှားသွားရ၏။

"အမွှန် ..."

"အမောင် ... ဘယ်တုန်းက ရောက်နေတာလဲ၊ ဘယ်က ဝင်လာတာလဲဟင်"

"ဒီပြတင်းပေါက်က ဝင်လာတာ အမွှန်ရဲ့၊ အမွှန့်အခန်းတံခါးက သော့ခတ်ထားတယ်"

သူမ အခန်းမှ ပြတင်းပေါက်တံခါး ပွင့်နေပြီး အခန်းထဲသို့ လရောင် ခပ်မှိန်မှိန်လေး ဖြာကျနေသည်။

"အန္တရာယ်များလိုက်တာ အမောင်ရယ်၊ ဘာလို့ လာခဲ့ရတာလဲ"

"အမွှန် ... အမောင့်ကို စိတ်ဆိုးနေသေးလားဟင်"

"ဟင့်အင်း ... အမွှန် စိတ်မဆိုးတော့ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အခု အမောင်ပြန်တော့နော်၊ အဖေတို့ အမေတို့ သိကုန်ရင် မောင့်ကို ဒုက္ခပေးလိမ့်မယ်''

သူမ စိုးရိမ်တကြီး ပြောလိုက်တော့သိန်းမျက်နှာမှာ ညှိုးငယ်သွားပြီး -

''အမောင် သိပါတယ် အမွှန်ရယ်၊ အခုလည်း အမွှန့်ကို မပြောမဖြစ်တဲ့စကားတစ်ခွန်း ပြောရမှာမို့ လာခဲ့တာပါ''

ထိုစဉ် အိပ်အပေါ်ထပ်သို့ တက်လာကြသော ခြေသံများကို ကြားလိုက်ရသည်။ သူတို့နှစ်ယောက်လုံး မျက်နှာမှာ သွေးမရှိတော့သလို ဖြူလျော်သွားပြီး -

''ဘယ်လိုလုပ်ကြမလဲ အမောင်၊ သူတို့ လာနေကြပြီ၊ မောင် ပြန်တော့နော်''

''နေဦး အမွှန်၊ အမောင် အရေးတကြီး ပြောစရာ ရှိသေးတယ်''

''အို ... နောက်မှပြော၊ လာနေကြပြီ အမောင်ရဲ့၊ တွေ့သွားရင် အမောင့်ကို သတ်မှာ''

''နောက်မှပြောလို့မဖြစ်ဘူး၊နောက်တစ်ခေါက်



ထပ်လာဖို့က လွယ်မှာမဟုတ် ...''

''အို ... သွားပါ အမောင်ရယ်၊ ဒုက္ခတွေ များ ကုန်တော့မှာပဲ''

သူတို့နှစ်ယောက် စကားအချေအတင် ပြောနေကြစဉ် အခန်းရှေ့သို့ လူများ ရောက်လာကြပြီး -

''ဟေ့ ... မတင်မေ၊ ဘယ်မလဲ သော့၊ အခု တံခါးဖွင့်စမ်း၊ အထဲမှာ ဟိုကောင်ရောက်နေတယ် ထင်တယ်''

ဟူသော ဦးမြသီး၏ အသံကို ကြားလိုက်ရလေ၏။

အမွှန်မှာ အလွန်စိုးရိမ်သွားပြီး သိန်းအား အမြန်ထွက်သွားရန် လက်ဟန်ခြေဟန်နှင့် လုပ်ပြလေသည်။ သိန်းသည် သူမ၏ မျက်နှာကို တစ်ချက် စူးစိုက်ကြည့်ကာ ပြတင်းပေါက်မှ ခုန်ချကာ အမှောင်တွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားတော့၏။

အခန်းတံခါးကို ဖွင့်လိုက်သောအခါ အခန်းထဲတွင် တစ်ယောက်တည်းရပ်နေသော အမွှန်ကို တွေ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။

"ဘယ်မလဲ … ဟိုအကောင်၊ အမွန် … နင့်အခန်းထဲကို ဟိုကောင် လာသေးတယ် မဟုတ်လား"

"ဟင့်အင်း … ဘယ်သူမှ မလာဘူး"

"နင် ငါတို့ကို မညာနဲ့နော် မိမွန်"

"အဖေ … ဟိုမှာ ပြတင်းပေါက်ပွင့်နေတယ်၊ ဟိုကောင် ဒီတံခါးပေါက်က ဆင်းပြေးတာပဲ ဖြစ်မယ်"

ဟူသော ကျော်စွာ အသံအဆုံးတွင် ဦးမြသီးသည် အမွန်အား မျက်ထောင့်နီနှင့် ကြည့်ကာ -

"ဟော့ကောင်တွေ လိုက်ကြစမ်း၊အဲဒီနောက်ကို၊ နင် ကြပ်ကြပ်သတိထားနော် မိမွန်၊ ဟင်း…"

ဟု ကြိမ်းမောင်းကာ အခန်းထဲမှ ထွက်သွားကြလေတော့၏။ အမွန်မှာ တုတ်တွေ၊ ဓားတွေနှင့် သိခ်နောက်သို့ လိုက်သွားသောလူများကို ကြည့်ကာ အလွန်အမင်း စိုးရိမ်တုန်လှုပ်လျက် ရှိနေသည်။




"ဘုရား … ဘုရား၊ အမောင့်ကို သူတို့ မတွေ့ပါစေနဲ့၊ အမောင် ဘာမှ မဖြစ်ပါစေနဲ့ …"

[illegible]



www.burmeseclassic.com



ရွှေကရင်တော်ဝင်စောင်း

## [၁၈]

ခဏအကြာတွင် အိမ်ရှေ့မှ ဆူဆူညံညံ အသံများကို ကြားလိုက်ရသည်။

“ဟား ဟား ဟား ... အလကားကောင်
ပါကွာ၊ သူ့ကိုယ်သူ လူစွမ်းကောင်းလိုလို ဘာ
ကောင်လိုလိုနဲ့ ခုတော့ ငါတို့အားလုံး ဝိုင်းပြီး
ပညာပြလိုက်တော့ ဘာတတ်နိုင်သေးလဲ”

ဟူသော ကျော်စွာအသံကြောင့် အမွန့်ရင်ထဲ ထိတ်ခနဲ တုန်သွားသည်။ သူတို့ မောင့်ကို ဝိုင်းပြီး ရိုက်နှက်လိုက်တာလား။ ဒါမှမဟုတ် သူတို့၊ သူတို့ မောင့် ကို သတ်ပစ်လိုက်ကြပြီလား။ တွေးရင်း သူမ

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်း မှ မျက်ရည်များ ကျလာတော့၏။

“ဟင် … မင်းတို့၊ မောင်သိန်းကို ဘာလုပ်ခဲ့ကြသလဲ … ဟင် … သားငယ်၊ အမေ့ကို ပြောစမ်း”

ဒေါ်တင်မေ့အသံကြောင့် အမွှန် အသာလေး နားစွင့်နေလိုက်သည်။

“ဟော့ … မတင်မေ၊ မင်းက တစ်မျိုး … ဘာတွေ အယူသည်းနေတာလဲ၊ သူတို့ဟာ သူတို့ ဘာလုပ်ခဲ့ … လုပ်ခဲ့၊ သေသွားလည်း အေး တာပဲ”

ဦးမြသီးမှာ ဒေါ်တင်မေကို ငေါက်ငမ်းပစ်လိုက်သည်။

“ဟော့ကောင် … ကျော်စွာ၊ ငါတို့က အဲဒီကောင်ကို ဆေးဆရာကြီး ပြောတုန်းက တော်တော် ရှိန်နေခဲ့တာ၊ အခုကျတော့ ဘာမှလည်း အစွမ်းမရှိဘူး၊ ငါတို့ အဲဒီကောင်ကို နောက်တစ်ခါ ရွာနား မသီရဲအောင် ပညာပေးလိုက်



တာ၊ မင်းအစ်မသာသိရင် ရင်ကွဲနာကျမှာ မြင်ယောင်သေးတယ်”

ဟူသော ရွာသားတစ်ယောက်၏ အသံကြောင့် အမွှန် တံခါးကို မှီရပ်ရင်း ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်လိုက်သည်။ သိန်ကို မကောင်းမြင်နေကြသူများ၊ မုန်းတီးနေကြသူများအလယ်တွင် သံယောဇဉ်ကြောင့် ပူဆွေးနေရသူက အမွှန် တစ်ယောက်တည်းသာ။

ဘာတတ်နိုင်ဦးမှာလဲ။ ဆုတောင်းရုံက လွဲပြီး နှစ်ယောက်လုံးရဲ့ ကံကြမ္မာက ဒီအတိုင်းပဲ ရိုင်းခဲ့ပြီကိုး။

www.burmeseclassic.com

www.burmeseclassic.com



သဇင်ပန်းမ
နှံ့နှောင်းကွေးညွှတ်နေကန်အသွင်
သဇင်ခွေလတ်ရှုးတစ်စောင်း

# [၁၉]

"ကိုမြသီး ... ကိုမြသီး ... တော်ကလည်း ထစမ်းပါ၊ တကတည်း အိပ်နေလိုက်တာ"

"ဟာ ... ဘာတုန်းဟ မတင်မေ၊ ဘယ်လို ဖြစ်နေတာလဲ၊ စောစောစီးစီး၊ ငါ သွားက အိပ် မပျော်လို့ အခုမှ မှေးမယ်ကြံတာ ..."

"ရှင် ညက အိပ်မပျော်တာ အသာထား၊ ကျုပ် ညက အိပ်မက်မကောင်းဘူးတော့၊ ကျုပ်စိတ် တွေ လေးနေတယ်၊ ရှင် ... နေကောင်းရဲ့ လား"

"မင်းကလည်းကွာ ... အစွဲအလန်းက ကြီး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ အိပ်မက်ပဲ၊ စိတ်စွဲလွန်းတာပဲ ဖြစ်ဖြစ်၊ သွေးလေ ချောက်ချားလို့ပဲဖြစ်ဖြစ် မက်တတ်တာပဲ၊ နေပါဦး … မင်းအိပ်မက်နဲ့ ငါ နေကောင်းတာ၊ မကောင်းတာနဲ့ ဘာဆိုင်လဲ''

''ဘာဆိုင်ရမှာလဲ၊ ကျုပ် မောင်သိန်းကို အိပ်မက် မက်ပြန်ပြီ''

''လာပြန်ပြီ၊ ဒီကောင့်နာမည်ကို ငါ့ရှေ့မှာ လာ မပြောနဲ့''

''ရှင်က မကြားချင်တာ၊ ကျုပ်က အဲဒီနာမည် ကြားကို မကြားရဲတာ''

''တောက် … ဘာမဟုတ်တဲ့ လမ်းဘေးက သူတောင်းစားလို အကောင်ကို မင်းက ကြောက်သလို၊ ရွံ့သလိုနဲ့၊ ဟိုဆေးဆရာ ပြောတာနဲ့ပဲ ငါကတောင် ပြန်တောင်းပန်ရမလို''

''တောင်းပန်သင့်ရင် တောင်းပန်ရမှာပဲ၊ လောကမှာ ကိုယ်မမြင်နိုင်၊ မသိနိုင်တဲ့အရာတွေ တစ်ပုံကြီးပဲ၊ ရှင် မကြောက်ပေမယ့်



ကျုပ် ကတော့ ကြောက်တယ်၊ ရှင် အဲဒီလို အတွေ့တွေ များနေရင် ဒုက္ခရောက်လိမ့်မယ်''

''ဟော့ … မတင်မေ၊ တော် … တော်တော့၊ စောစောစီးစီး ရန်မဖြစ်ချင်ဘူး၊ ငါ မနက်ဖြန် မြို့ကို သွားမယ်၊ မောင်မောင်သော်နဲ့ သမီးကိစ္စကို အမြန်ဆုံး စီစဉ်ရမယ်၊ မင်း ငါ့ကို အရူးစကားတွေ ထပ်မပြောနဲ့တော့''

အဖေနဲ့ အမေ အချေအတင် ပြောနေသော စကားများကို နားထောင်ရင်း အမွန့်အနီးမှာရှိနေသည့် ဒေါ်အေးပုံ၏ မျက်နှာကို အားကိုးတကြီး ကြည့်လိုက်မိသည်။

''အဟင့် … အမွန်တော့ သေချင်တာပါပဲ အဒေါ်ကြီးရယ်၊ အမွန် စိတ်ညစ်တယ်''

''အို … မပြောကောင်း မဆိုကောင်း သမီးရယ်၊ ဘာဖြစ်လို့ သမီး အဲဒီစိတ်တွေ ဝင်နေရတာလဲ၊ တရားနဲ့ ဖြေမှပေါ့''

''မဖြေနိုင်ဘူး၊ အမွန် သူ့အတွက် ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com



ဖြေလို့မရဘူး အဒေါ်ကြီးရယ်''

''ခက်လိုက်တာကွယ်၊ အင်း ... ဒီအပူဆိုတာ ဘာနဲ့မှ မတူအောင် လူကို လောင်မြိုက်စေတာ ပါလား''

''အဒေါ်ကြီး အမွှန်ကို စိတ်ချမ်းသာစေချင်တယ်ဆိုရင် တစ်ခုလောက် ကူညီပါလား ..ှင်''

အမွှန့်စကားကြောင့် ဒေါ်အေးပုံမှာ လန့်ဖျပ်သွားသလို ထိတ်လန့်စွာ ကြည့်လိုက်ပြီး -

''မလုပ်ပါနဲ့ သမီးရယ်၊ အဒေါ်ကြီး သမီးကို ကိုယ့်သမီးလေးတစ်ယောက်လို ချစ်ပါတယ် ဒါပေမဲ့ အဒေါ်ကြီး ဒီအိမ်က ထွက်သွားအောင်တော့ မလုပ်ပါနဲ့၊ ဒီတစ်ခါဆို တကယ် နှင်ထုတ်ကြလိမ့်မယ်''

ဟု ပျာပျာသလဲ ငြင်းဆန်လေ၏။ အမွှန်မှာ ဒေါ်အေးပုံ စကားအဆုံးတွင် ရှိုက်ကြီးတငင် ငိုချလိုက်ပြီး ...



''ဒါ ... ဒါဆို အမွှန် ဘာလုပ်ရမလဲ၊ အမွှန့်ကို အဒေါ်ကြီးမှ မကယ်ရင် ဘယ်သူ ကယ်မှာလဲ၊ အမွှန့်ကို သနားပါ အဒေါ်ကြီးရယ်''

ဟု ပြောလိုက်လေသောအခါ ဒေါ်အေးပုံမှာ စိတ်ကို တင်းထားသည့်ကြားမှ မျက်ရည်များ ကျလာကာ အမွှန့်ကို ပွေ့ဖက်ရင်း ...

''သနားစရာကောင်းလိုက်တဲ့ အမွှန်ရယ်၊ အဒေါ်ကြီး ... အဒေါ်ကြီး နှင်ထုတ်ခံရရုံမက လို့ သေချင်လည်း သေပါစေတော့၊ ဘာလုပ်ပေးရမလဲ ပြော ... သမီးကို အဒေါ်ကြီး မကြည့်ရက်တော့ဘူး သမီးရဲ့''

ဟု ပြောလိုက်လေသည်။ အမွှန် မျက်ရည်များ ကြားမှ လှိုက်ခနဲ ဝမ်းသာသွားပြီး ...

''တကယ်လား၊ တကယ်လားအဒေါ်ကြီးရယ်၊ အဲဒါဆို ... သူ့ကို သွားရှာပေးပါနော်''

''ဘယ်သွားမှန်း မသိတဲ့လူကို အဒေါ်ကြီး ဘယ်ကို သွားရှာရမှာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"တခြားသွားမရှာပါနဲ့ အဒေါ်ကြီးရယ်၊ ဆုတောင်းပြည့်ဘုရားမှာပဲ သွားရှာပေးပါ"

"ဘယ်မှာ ... ဆုတောင်းပြည့်ဘုရား ဟုတ်လား"

ဒေါ်အေးပုံသည် တအံ့တသြဟန်ဖြင့် ပြန်မေးသည်။ သူမ ခေါင်းကို ခပ်သွက်သွက် ညိတ်ပြလိုက်သည်။

"အဲဒီမှာ အမောင့်ကို တွေ့အောင် ရှာပေးပါနော်၊ ပြီးတော့ အမွန် အခုမှာလိုက်ချင်တာလေး တွေ ဆက်ဆက်ပြောခဲ့ပေးပါ"

သူမ ဒေါ်အေးပုံကို တစ်ဆင့်မှာပြီး သိန်းကို ရှာရန် လွှတ်လိုက်တော့သည်။ ဒေါ်အေးပုံမှာ သူမကို ချစ်ခင်အလိုလိုက်ကာ သူမစကားကို မလွန်ဆန်နိုင်သူပီပီ တောစပ်ရှိ ဆုတောင်းပြည့်စေတီလေးသို့ ထွက်ခဲ့တော့သည်။

ဖော်ကာလော

[၂၀]

"ဘယ့်နှယ့်လဲ အဒေါ်ကြီး၊ သူ့ကို တွေ့ခဲ့တယ် မဟုတ်လားဟင်"

မျှော်လင့်တကြီး စောင့်မျှော်နေသော အမွန်မှာ ဒေါ်အေးပုံကို ဝမ်းသာအားရ ဆီးကြိုပြီး မေးလိုက်သည်။ ဒေါ်အေးပုံမှာ မတွေ့ခဲ့ရကြောင်းကို မည်သို့ စ၊ပြောရမည် မသိသောကြောင့် တိတ်ဆိတ်ဆွံ့အ၊ဖွဲ့၁ ငေးနေလေ တော့၏။

"အဒေါ်ကြီး ... တွေ့ခဲ့ရဲ့လားလို့"

"မ ... မတွေ့ခဲ့ပါဘူးကွယ်"

ဒေါ်အေးပုံ စကားအဆုံးတွင် သူမမျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com



မှာ နေလောင်ပန်းကဲ့သို့ ရှက်ချည်းပင် နွမ်းလျှသွားကာ-

"ဒါဆို ... အမွန့်ပြောသလိုရော ပြောခဲ့သေး လား"

"အဒေါ်ကြီး အဲဒီနားမှာ သမီးပြောခိုင်းတဲ့ အတိုင်း အော်ပြောခဲ့ပါတယ်ကွယ်၊ ဒါပေမဲ့ ဘာမှ တုံ့ပြန်သံ မကြားရဘူး၊ တိတ်ဆိတ်နေ တာပဲ"

ဒေါ်အေးပုံ၏ စကားက သူမ၏ မျှော်လင့်ချက် ကို အဆုံးစွန်ထိ ရောက်သွားစေလေသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ သမီးရယ်၊ အဒေါ် ကြီးလည်း သမီးပြောခိုင်းသလို ပြောခဲ့တာပါ ပဲ၊ တကယ်လို့ အဲဒီပတ်ဝန်းကျင်မှာ သူ ရှိနေ တယ်ဆိုရင် သမီးဆီကို ရောက်လာမှာပါ"

ဒေါ်အေးပုံ စကားကို သူမ တစ်ခွန်းမှ ပြန် မတုံ့ပြန်နိုင်တော့ဘဲ ရှိုက်ကာ ရှိုက်ကာ ငိုနေတော့၏။ ဒေါ်အေးပုံမှာ အမွန့်အတွက် စိတ်မကောင်းဖြစ်ကာ နှစ်သိမ့်ဖျောင်းဖျပေးချင်သော်လည်း ယင်းကိုယ်တိုင်စိတ်




ထိခိုက်ကာ ပြောစရာစကား ရှာမရတော့ဘဲ ယင်း၏ ရင်ခွင်တွင်း၌ တသိမ့်သိမ့် ရှိုက်ငိုနေသော အမွန့်ကျော ပြင်ကို လက်ဖြင့် ပွတ်သပ်ရင်း မျက်ရည်များ ဝဲစို့နေမိ လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မျောက်တစ်ကောင်
သောမိုက်ထိုင်နေစဥ်အသွင်
[illegible]

[၂၁]

"အ ... အ ... အ"

စိမ်းစိုနေသော သစ်ပင်အုပ်အုပ်များကြားမှာ ငှက်အော်မြည်သံကို ခေါင်းမော့ကာ နားထောင်ရင်း သစ်ပင်ထက်သို့ ရှာကြည့်လိုက်သည်။ ငှက်သံက တစ်နေရာမှ တစ်နေရာ ဟိုဒီဝဲပျံကာ အော်နေသံမျိုး ဖြစ်သောကြောင့် သူမ ထိုအသံနောက်သို့ တရွေ့ရွေ့ လျှောက်လိုက်နေမိ၏။ ထိုစဉ် ငှက်သံမှာ ပျောက်သွားပြီး သူမနားထဲတွင် -

"အမွှန် ... အမွှန်ရေ ..."

ဟူသော သိခ်၏ ခေါ်သံကို ကြားလိုက်ရသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဘေးပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်လိုက်သည်။ သူမ ရပ်နေရာ နေရာသည် ရောင်စုံပန်းပွင့်များ အများအပြား ပွင့်ဖူးနေကြပြီး ရောင်စုံကော်ဇောကြီး တစ်ချပ်ပေါ်တွင် ရောက်နေရသလို ဖြစ်နေသည်။

"အမောင် … အမောင် … ဘယ်မှာလဲ"

ရောင်စုံပန်းခင်းကြီးထဲ ပြေးလွှားရင်း ခေါ်သံသဲ့သဲ့နောက်သို့ အပြေးအလွှား လျှောက်လိုက်ရင်း အော်ခေါ်လိုက်မိသည်။

"အမွန်"

မြစိမ်းရောင် ကတ္တီပါစလို မြက်ခင်းပေါ်မှ တရွေ့ရွေ့ နင်းဖြတ်လာသော အမောင့်ကို ရုတ်တရက် တွေ့လိုက်ရသည့်ခဏတွင် သူမ အံ့ဩသွားရ၏။ အမောင့် နောက်ကျောဘက်မှ သစ်ပင်စိမ်းစိမ်းတွေနှင့် တဝေါဝေါ စီးဆင်းနေသော ရေတံခွန်ကြီးသည် ပန်းချီကားထဲမှ ရှုခင်းသဖွယ် ဖြစ်နေသည်။

အမောင် ဝတ်ထားသော အဝတ်အစားများသည် ယခင် မြင်နေကျလို နွမ်းဖတ်ဖျော့တော့သော



အသွင်မျိုး မဟုတ်ဘဲ သပ်ရပ်တောက်ပြောင်ကာ အလွန်ချောမော ခန့်ညားနေတော့၏။

တစ်ကိုယ်လုံးပင် ရွှေရောင်ငွေရောင်တွေ တဖျပ်ဖျပ်လက်ပလျက်။ ရှေးမင်းညီမင်းသားများနှယ် ပင် အမောင့်အသွင်က ကြွားရွားတောက်ပလွန်းချေ၏။

သူမထံသို့ ဖြည်းညင်းစွာ လျှောက်လှမ်းလာသော အမောင့်ခြေလှမ်းများသည် တိမ်တိုက်ပေါ်မှာ သွားနေသလို တလွင့်လွင့် ဖြစ်နေသည်။

"အမွန် …"

အမွန့်ဖက်သို့ လက်ကမ်းပေးရင်း လှမ်းခေါ်လိုက်သံက အဝေးတစ်နေရာမှ ပျံ့လွင့်လာသလို။

"အမောင် …"

အမောင့်ထံသို့ သူမ အပြေးကလေး လှမ်းသွားမိသည်။ သို့သော် အမွန့်ခြေလှမ်းတွေက တိမ်းသားထုထဲ လျှောက်လှမ်းရသလို အားမပါလှချေ။ လေးလံနေသော ခြေထောက်များကို အားကုန်ရုန်းရင်း အမောင့်ထံသို့ ပြေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အမွန် …"

အမောင့်ရင်ခွင်ထဲသို့ ပြေးဝင်လိုက်သည်နှင့် အေးစက်သော အမောင့်ရဲ့ လက်ဖျားက သူမကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်တော့၏။

"အမောင် … အမောင့်ကို အမွန် သတိရနေတာ၊ လွမ်းနေတာပါ၊ အမွန့်ကို ခွဲမသွားပါနဲ့တော့ နော်၊ အမွန် အမောင်နဲ့ မခွဲပါရစေနဲ့ …"

သူမ နှုတ်မှ တတွတ်တွတ် ပြောနေမိသည်။

အမောင်သည် သူမကို ရင်ခွင်ထဲတွင် တင်းကျပ်စွာ ပွေ့ဖက်ထားရင်းကပင် …

"အမွန့်ကို အမောင်လဲ မခွဲနိုင်ပါဘူးကွယ်၊ အမောင် ဆုံးဖြတ်လိုက်ပါပြီ၊ အမွန့်ကိုအမောင်တို့ဆီ ခေါ်တော့မယ်၊ အမွန် လိုက်မယ်မဟုတ်လား၊ လိုက်မှာလားဟင်"

ဟု ပြောလိုက်လေသည်။

"တကယ်လား … တကယ်လား အမောင်



ရယ်၊ အမွန် ဝမ်းသာလိုက်တာ၊ အမွန့်ကို လာခေါ်ပါနော်၊ အမွန် အမောင်နဲ့ဝေးလို့ မဖြစ်ဘူး"

"အမောင် လာခဲ့မယ်၊ အမွန် စောင့်နေသိလား"

"အမောင် ဘယ်တော့လာမှာလဲဟင်"

"အမွန့်ကို လာခေါ်ဖို့ အစီအစဉ်ရှိပြီးသား၊ အမောင်ပြောပြမယ်၊ နားထောင် … လာမယ့် လကွယ်ညမှာ …"

www.burmeseclassic.com

www.burmeseclassic.com



ငါးမြားချိတ်၏ ကွေးကောက်ပုံအသွင်
ငါးမြားချိတ်လက်ရိုးတစ်ချောင်း

[၂၂]

"တကယ်ပြောတာနော် အမောင် … အမွှန်းဝမ်းသာလိုက်တာ၊ အမောင် … အမောင်"

"ဟဲ့ … သမီး … အမွှန်၊ အမွှန်"

"အမောင် … အမောင် ဘယ်ရောက်သွားလဲ ဟင်"

ချွေးစေးများ စို့နေသော အမွှန်၏မျက်နှာလေးကို ကြည့်ရင်း ဒေါ်အေးပုံ နားမလည်နိုင်သလို မျက်မှောင်တွန့်လိုက်သည်။

"ဘာဖြစ်တာလဲ သမီး၊ အဒေါ်ကြီး အနားမှာ ရှိတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



အမွန် အိပ်ရာထက်တွင် လဲလျောင်းနေရင်းမှ ဘေးဘီကို ဝေ့ကြည့်ကာ တစ်ခုခုကို ငြိမ်သက်စဉ်းစား နေသည်။ ခဏကြာမှ ဒေါ်အေးပုံကို အားရဝမ်းသာ သိုင်းဖက်လိုက်ပြီး …

"အဒေါ်ကြီး … အဒေါ်ကြီးကို အမွန် ဝမ်းသာစရာ ပြောပြရဦးမယ်၊ ဟို … အမောင် အမောင်ကလေ… အမွန့်ကို လာခေါ်မယ်တဲ့"

"သမီးရယ် … ကိုယ့်စိတ်ကိုယ် ထိန်းဦးလေ၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ ခုန သမီး အော်သံကြားလို့ အဒေါ်ကြီး ဝင်လာတာ၊ သမီး အိပ်မက်တွေ မက်နေပြန်ပြီလား"

"တကယ်ပြောတာ အဒေါ်ကြီးရဲ့၊ အမွန် အိပ်မက် မက်တာ မှန်တယ်၊ ဒါပေမဲ့ အိပ်မက် ထဲမှာ အမောင်က အမွန့်ကို လာခေါ်မယ်လို့ ပြောသွားတယ်၊ အမွန်ကလည်း လိုက်မယ်လို့ ပြန်ပြောလိုက်တယ်"

အမွန့်စကားကို ကြားရသောအခါ ဒေါ်အေး



မျက်နှာသည် အဆိပ်ရှိသော သတ္တဝါကို ထိတွေ့ရသူ ပမာ အလွန်အမင်း ထိတ်လန့်စိုးရိမ်သွားတော့သည်။

"အို … မဟုတ်တာ သမီးရယ်၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"သော် … အဒေါ်ကြီးက အမွန်ပြောတာ မယုံဘူးကိုး၊ အိပ်မက်ထဲက အမောင့်ပုံစံကိုမြင် ရင် အဒေါ်ကြီး ရင်ဘတ်ဖိပြီး တအံ့တဩဖြစ် သွားမယ်၊ အမောင် ဝတ်ထားတဲ့ အဝတ်အစား တွေကလည်း သစ်လွင်တောက်ပြောင်နေ တာ ပဲ၊ အရမ်းကို ချောပြီး ခန့်ညားနေတာ၊ အမွန် လေ … အမောင့်ကို လုံးဝကိုကြည့်လို့ အား မရဘူး သိလား၊ အင်း … အမောင် အမြန် လာခေါ်ပါတော့၊ အမောင်နဲ့ အတူတူနေချင်လှ ပြီ"

ယခင်နေ့တွေက ညှိုးနွမ်းနေသော အမွန့်မျက်နှာ လေးသည် ယခုမှပင် ရေထိပန်းလေးပမာ တက်ကြွ လန်းဆန်းနေသည်။ သို့သော် သူမပြောသော စကားများ

www.burmeseclassic.com

www.burmeseclassic.com



ကို ယုံရအခက် မယုံရအခက်။ ဒေါ်အေးပုံမှာ အမွန့်ကို ကြည့်ပြီး တစ်ယောက်တည်း ခေါင်းခါနေမိတော့၏။

"သမီး ... အားရှိသွားအောင် တစ်ခုခုလေး စားလိုက်ပါလား၊ ပြီးတော့ လန်းလန်းဆန်းဆန်းလေး ဖြစ်အောင် ပြန်အိပ်လိုက်ဦးနော်"

"အင်းပါ ... အဒေါ်ကြီးရဲ့၊ အခုတော့ အမွန် စိတ်ချမ်းသာသွားပါပြီ၊ လာမယ့် လကွယ်ည ဆို အမောင်နဲ့ အတူလိုက်သွားတော့မှာ၊ အဲဒီ ကျရင် အဒေါ်ကြီးလက်ရာတွေ အမွန် ဘယ် စားရတော့မလဲ"

အမွန့်စကားကြောင့် ဒေါ်အေးပုံမှာ မျက်လုံးကြီး ပြူးပြီး ကြောင်သွားသည်။

"ဘာ ... ဘယ်လို၊ လာမယ့် လကွယ်ည၊ ဟုတ်လား"

ဒေါ်အေးပုံ၏ အထိတ်တလန့်အမေးကို အမွန် က ပြုံးရင်း ခေါင်းညိတ်ပြလေ၏။

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါ ဒီကိစ္စကို သူဌေးကို



အသိပေးမှ ဖြစ်မယ်၊ အဒေါ်ကြီးကို ခွင့်လွှတ် ပါ သမီးရယ်၊ အမြဲတမ်း သမီးအကျိုးကို ဆောင်ကြဉ်းပေးခဲ့ပေမယ့် ဒီတစ်ခါတော့ အဒေါ်ကြီး သိသိနဲ့ ဖုံးကွယ်မထားပါရစေနဲ့၊ဒါ သမီးကို မချစ်လို့ မဟုတ်ပါဘူး၊ သမီး ဒုက္ခ ရောက်မှာ၊ ပြီးတော့ သမီး မိဘတွေ စိတ် ဆင်းရဲမှာ စိုးလို့ပါကွယ် ..."

ဒေါ်အေးပုံ စိတ်တွင်းမှ တီးတိုးရေရွတ်ရင်း အခန်းထဲမှ ထွက်ခဲ့တော့သည်။ အမွန်ကတော့ သူ့ စိတ်ကူးနှင့်သူ တစ်ယောက်တည်း ပျော်ရွှင်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဥတေနမင်းတီးသောစောင်း

## [၂၃]

ဒေါ်တင်မေမှာ တစ်နေ့လုံး ပျာယာခတ်နေပြီး အမွှန်အခန်းထဲသို့ မကြာမကြာ ဝင်လာကာ အကဲခတ်လေသည်။

အမွှန်ကတော့ ပုံမှန်ပင် မနက်စောစော ရေချိုး၊ သနပ်ခါးလိမ်းပြီး စန္ဒရားခန်းထဲ ဝင်ကာ သီချင်းဆိုနေလေ၏။ သီချင်းတအေးအေးနှင့် ပျော်ရွှင်နေသော သမီးကို မြင်ရလေ သူ့စိတ်တို့ ဂဏှာမငြိမ် ဖြစ်ရလေ ဖြစ်နေသည်။

××× ချစ်သမျှကို ××× မြင့်မိုရ်ရွှေတောင်လုံး
သာပ ××× လေးဆူဒီပါ ××× သီတာရေမြ
ဆုံးစေတော့ ××× လေး။

www.burmeseclassic.com



စန္ဒရားခန်းထဲမှ ပျံ့လွင့်လာသော သီချင်းသံသည် တိုးသဲ့သဲ့နှင့် အလွန်နားထောင်ကောင်းလေသည်။

ဦးမြသီးနှင့် ဒေါ်တင်မေကတော့ ထိုသီချင်းသံကို ကြားနေရတာပင် မသာယာနိုင်ဘဲ တုန်လှုပ်ချောက်ချားကာ စိုးရိမ်နေကြသည်။

တဖြည်းဖြည်းနှင့် အားလုံး ထိတ်လန့်စိုးရိမ်နေသော လကွယ်ည၏ ညနေခင်းသို့ ရောက်လာတော့၏။ တစ်အိမ်လုံးရှိ လူများမှာ လှုပ်လှုပ်ရှရှနှင့် အလုပ်ရှုပ်နေကြသည်။ ခြံတံခါးကို သော့ခတ်ပြီး အစောင့်အကြပ်များ ချကာ မအိပ်ဘဲ စောင့်နေကြသည်။

အမွန်သည် ယခင်နေ့များနှင့် မတူ၊ ပိုမိုရွှင်ပျပြီး အခန်းထဲတွင် သီချင်းဆိုနေလေ၏။ ဦးမြသီးသည် အမွန့်အခန်းကို အပြင်မှ သော့ခတ်ပစ်လိုက်ပြီး သူ့သားနှင့် အလုပ်သမားများကို သတိဝီရိယရှိရန် လှည့်လည်မှာကြားပြီး သူကိုယ်တိုင်လည်း မအိပ်ဘဲ စောင့်နေလေသည်။

ညသည် တဖြည်းဖြည်း ပို၍ ပီပြင်နက်ရှိုင်း



လာသည်။

အပြင်ပတ်ဝန်းကျင်တွင် သိပ်သည်းသော အမှောင်ထုက ကြီးစိုးထားသည်။ ဦးမြသီးတို့ မိသားစုမှ လွဲ၍ တစ်ရွာလုံး အိပ်မောကျနေချေပြီ။

"အ ... အ ... အ"

တိတ်ဆိတ်သော ညအချိန်တွင် ရုတ်တရက် - အော်မြည်သော ငှက်သံကို အားလုံး ကြားလိုက်ရသည်။ သို့သော် အားလုံး အမှုမဲ့အမှတ်မဲ့ပင်။ အကြောင်းထူး တစ်စုံတစ်ရာ၏ ရှေ့ပြေးနိမိတ်ဖြစ်သည်ကို အားလုံးမသိလိုက်မိကြချေ။

အမွန်တစ်ယောက်သာ

ထိုငှက်သံကြောင့် အိပ်ရာမှ နိုးထလာခဲ့၏။

ထူးဆန်းစွာပင် ...

သော့များအထပ်ထပ် တင်းကြပ်စွာခတ်ထားခဲ့သော ...

သူမ၏ အခန်းတံခါးသည် မည်သို့ကြောင့်မှန်း မသိ။ ပွင့်ဟလျက်သား ရှိနေပြီး တစ်အိမ်လုံးရှိ တံခါး

www.burmeseclassic.com

www.burmeseclassic.com



များသည်လည်း ပွင့်နှင့်ပြီးသား ဖြစ်နေလေ၏။

ထိုအချိန်တွင် ခြံထဲတွင် စောင့်ကြပ်နေသော ဦးမြသီးတို့ သားအဖနှင့် အခြားလူများမှာ ထူးခြားသော မွှေးရနံ့တစ်မျိုးကို ရှူရှိုက်မိလိုက်ကြလေ၏။ သူတို့အားလုံး မျက်ခွံများ လေးလံလာကာ တဝါးဝါးနှင့် သမ်းဝေကြတော့သည်။

"ဝါး ... ဘာနံ့လဲကွာ၊ မွှေးလိုက်တာ"

"တောပန်းရနံ့က ဒီလောက်မွှေး ... ဝါး ... ဝါး ..."

အံ့ဩရင်းမှပင် တဖြည်းဖြည်း အိပ်ပျော်ခြင်းသို့ ရောက်ကုန်တော့သည်။

ဖြူလွှသော ညအိပ်ဝတ်စုံနှင့် ဆံနွယ်များကို ဖားလျားဖြန့်ချထားသော အမွှန်တစ်ယောက် အိမ်ပေါ်မှ တရွေ့ရွေ့ ဆင်းလာနေချိန်မှာတော့ တစ်ယောက်မှ တားဆီးမည့်သူ မရှိခဲ့ပါချေ။

သူမ၏ အသွင်သည် ခိုးကြောင်ခိုးဝှက် ဆင်းလာပုံ မဟုတ်ဘဲ အိပ်ပျော်ရင်း လမ်းထလျှောက်သူကဲ့သို့



တရွေ့ရွေ့ လွင့်မျောကာ လျှောက်လာလေသည်။

ပိန်းပိတ်အောင် မှောင်နေသော ညအမှောင်တွင် အဖြူရောင်အင်္ကျီ၊ လုံချည်နှင့် အမွှန့်အသွင်မှာ လဝန်းထဲမှ ထွက်လာသော မင်းသမီးလေးတစ်ယောက်နှယ် လှပလွန်းလှချေ၏။ ထိုအချိန်တွင် ကောင်းကင်ဆီမှ မည်းမည်းမှောင် တိမ်တိုက်တစ်အုပ်သည် တဖြည်းဖြည်းလွင့်မျောလာကာ အမွှန်တို့ အိမ်တည့်တည့်အရောက်တွင် ရုတ်တရက် ရပ်တန့်လျက် မြူငွေ့များ အုံ့ဆိုင်းလာပြီး ပတ်ဝန်းကျင်ကို ဖုံးလွှမ်းသွားတော့သည်။

ခြံဝအရောက်တွင် ...

ပွင့်နှင့်ပြီးသား ဖြစ် နေသော ခြံတံခါးမှ အမွှန်ထွက်ကာ အမှောင်ထုတွင်းသို့ ဝံ့ဝံ့စား စား တိုးဝင်သွားလေ၏။ သူမ ခြံပြင်သို့ ရောက်သည်နှင့် ပင် အခန်းတွင်းမှ စန္ဒရားသံသည်လည်း ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့လေတော့သည်။

ဦးမြသီးမှာ အိပ်မွေ့ချခံရခြင်းမှ နိုးထလာသူကဲ့သို့ သတိပြန်ဝင်လာပြီး စန္ဒရားသံကြောင့် ထိတ်လန့်

www.burmeseclassic.com



ကာ အမွှန့်အခန်းဆီ အပြေး သွားတက်ကြည့်လိုက်၏။

"ဟော့ … မတင်မေ၊ သမီးရော … သမီး ဘယ်မှာလဲ"

"ဟင် … စန္ဒရားခန်းထဲမှာမျှားလား"

"မရှိဘူး၊ မရှိဘူး၊ အမွှန် မရှိတော့ဘူး"

"တောက် … ခုန ငါ ဘယ်လိုဖြစ်သွားမှန်း မသိဘူး"

"အဖေ … ခြံတံခါးကြီး ပွင့်နေတယ်"

"ဟော … ဒါဆို သမီးထွက်သွားပြီ၊ လိုက်… လိုက်ကြ"

အားလုံး အိမ်ပေါ်ကဆင်း၊ ခြံထဲက ထွက်နှင့် တစ်အိမ်လုံး ဝရုန်းသုန်းကား ဖြစ်ကုန်ကြသည်။

"ဟိုမှာ … ဟိုမှာ … သမီးလေး"

အမှောင်ထဲတွင် တရွေ့ရွေ့ လျှောက်သွားသော အမွှန်မှာ အနောက်မှ ရုတ်ရုတ်သဲသဲ ဆူဆူညံညံ အသံများကြောင့် တစ်ချက်လှည့်ကြည့်ကာ ဂရုမစိုက်ဘဲဆက် သွားမြဲ သွားလေ၏။



"သမီး … မသွားနဲ့ … အမေတို့ဆီကို ပြန်ခဲ့ …"

"ဟာ … လိုက်ကွာ … မိတ်နေရာက ဆွဲ ခေါ်ခဲ့ …"

ကျော်စွာနှင့် အလုပ်သမားများမှာ အမွှန့် နောက် သို့ အတင်း ပြေးလိုက်ကြတော့သည်။ အမွှန်မှာ နောက် သို့ တချက်လှည့်ကြည့်ရင်း အတင်းစွပ်ပြေးလေတော့ သည်။

"ကိုမြသိန်း … ဆက်မလိုက်စေနဲ့တော့၊ သမီး ပြေးတဲ့ဘက်မှာ ချောက်ကြီးရှိတယ်"

ဒေါ်တင်မေမှာ သမီးအတွက် စိုးရိမ်သွားကာ ယောက်ျားကို သတိပေးလိုက်သည်။ ဦးမြသိန်းက -

"ဟော့ကောင်တွေ … တော် … တော် … ဆက်မလိုက်နဲ့တော့၊ အရှေ့မှာ ချောက်ရှိတယ်၊ ဆက်မလိုက်နဲ့၊ ငါ့သမီး ချောက်ထဲကျလိမ့် မယ်"

ဟု အော်လိုက်ရာ အားလုံး တုံ့ခနဲ ရပ်လိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ အမွှန်မှာ ကြောက်လန့်တကြား ဆက်ပြေးမြဲပင်။

"သမီး … ဆက်မပြေးနဲ့၊ ရှေ့မှာ ချောက်ကြီး၊ သမီးလေးရယ် … ပြန်ခဲ့ပါ၊ အဖေတို့ဆီ ပြန် ခဲ့ပါ"

ဦးမြသီးအသံကြောင့် အမွှန် ပြေးနေရာမှ ရပ်လိုက်ပြီး နောက်သို့ တစ်ချက်လှည့်ကြည့်သည်။ ထိုစဉ်-

"အ … အ … အ"

အထက်မှ ငှက်သံကိုကြားလိုက်ရသောကြောင့် အားလုံး တိတ်ဆိတ်သွားပြီး မော့ကြည့်လိုက်ကြသည်။

မည်သည့်ငှက်ကိုမှ မတွေ့ရချေ။

ထို့နောက် သူတို့နှင့် ဆယ့်ငါးကိုက် အကွာလောက်တွင် ရပ်နေသော အမွှန်ကို လှမ်းကြည့်လိုက်သောအခါ …

သူတို့ရှေ့တွင် ဓာပဝါတစ်လွှာ ကာလိုက်သလို မြူငွေ့များ ဆီးကာသွားပြီး အမွှန်တစ်ယောက် မြင်ကွင်းမှ ပျောက်ကွယ်သွားပါ လေတော့သည်။



"သမီး … သမီးလေးကို မတွေ့တော့ဘူး"

"သမီးရေ … အမေတို့နဲ့ ပြန်လိုက်ခဲ့ပါ၊ သမီး တို့ ချစ်ခြင်းကို မခွဲပါဘူး၊ ပြန်ခဲ့ပါ သမီးရယ်"

"ကိုမြသီး … သမီးလေး မပြောကောင်း မဆိုကောင်း ချောက်ထဲများ ကျသွားပြီလား"

"ဟာ … ချောက်က ရှေ့နည်းနည်း ဝေးသေးတယ်၊ သမီး တစ်နေရာမှာ ပုန်းနေတာ ဖြစ်လိမ့်မယ်"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ အဖေ"

"နေ … နေတော့ သား၊ ဆက်မလိုက်နဲ့၊ တော်ကြာ ကြောက်လန့်တကြားဆက်ပြေးနေမှဖြင့် မင်းအစ်မ ချောက်ထဲ ပြုတ်ကျနေပါ့မယ်၊ လာ လာ ပြန်ကြမယ်"

"ဖြစ်ပါ့မလားရှင်"

"ဖြစ်ပါတယ်ကွာ၊ ကဲ … သမီးရေ၊ အမွှန် … အဖေတို့ ပြန်တော့မယ်၊ သမီးတို့ ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို မခွဲတော့ဘူးနော်၊အဖေတို့လည်း ပြန်ပါပြီ၊ သမီးလေးလဲ ပြန်လိုက်ခဲ့ပါကွယ်၊ အဖေတို့ဆီ ပြန်လာပါနော်''

[၂၄]

နောက်တစ်နေ့နံနက် မိုးလင်းလင်းချင်းပင် ဦးမြသိးတို့ မိသားစုနှင့် ရွာထဲမှ လူများမှာ အမွန့်ကို ရှာရန် တောစပ်သို့ ထွက်ခဲ့ကြရ၏။ ညက တွေ့ခဲ့ရသော နေရာတွင် အမွန့်ကို မတွေ့ရတော့ချေ။ အားလုံး အလွန် အမင်း ထိတ်လန့်စိုးရိမ်သွားကြသည်။

နောက်ဆုံး ချောက်ထဲသို့ ဟာစ်ဖက်လမ်းမှလှည့်ကာ ခက်ခက်ခဲခဲ ဆင်းရှာရတော့သည်။ချောက်ကမ်းပါးမှ ပြုတ်ကျလျှင် ရောက်နိုင်သော လမ်းကြောင်းအတိုင်း ရှာသော်လည်း အမွန့်ကို မတွေ့ရတော့ချေ။

အားလုံး နေရာအနှံ့အပြားသို့ လိုက်လံရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အမွန်မှာ ပျောက်ခြင်းမလှ ပျောက်နေတော့၏။ သို့သော် အားလုံး လက်မလျှော့ဘဲ ဆက်ရှာရင်း တစ်နေရာအရောက်တွင် မလှမပ မြင်ကွင်းကို ဘွားခနဲ တွေ့လိုက်ရတော့သည်။

ချောက်အောက်ခြေတစ်နေရာတွင် အမွန်မှာ အသက် ဝိညာဉ် ကင်းမဲ့နေချေပြီ။ သို့သော် သူမ တစ်ယောက်တည်းတော့ မဟုတ်ခဲ့။

သူမ လက်တစ်ဖက် ဆန့်တန်းထိစပ်ရာတွင် အခြားအလောင်းတစ်လောင်း ရှိနေသည်။

ထိုအလောင်းမှာ သိန်း၏ အလောင်းပင် ဖြစ်ပြီး သူတို့နှစ်ဦး၏ လက်များသည် တစ်ယောက်ဆီ တစ်ယောက် မမှီတမီလှမ်းကိုင်ထားသော အနေအထားနှင့်ဖြစ်ကာ လက်ဖျားကလေးချင်းပင် ထိစပ်နေကြလေ၏။

သိန်းမှာ မည်သည့်အချိန်ကတည်းက သေဆုံးခဲ့မှန်း မသိကြရသော်လည်း အလောင်း၏အသွင် အပြင်အရ ကြာမြင့်နေလောက်ပြီဆိုသည်ကိုတော့ ခန့်မှန်းလို့ရ



လေ၏။

အမွန်မှာ ချောက်ကမ်းပါးမှ သူမကိုယ်တိုင် ခုန်ချခြင်းလား၊ မတော်တဆ ပြုတ်ကျခြင်းလား မသိနိုင်သလို သိန်းကိုလည်း မည်သူသတ်ခဲ့မှန်း မသိကြချေ။

တစ်ချို့ကတော့ အမွန့်ဆီ သိန်းလာတွေ့သောညက ဦးမြသီးတို့ပဲ သိန်းနောက် လိုက်ရင်းပြုရင်း ခြေလွန်လက်လွန်လုပ်ခဲ့မိကြသလို ပြောကြသေး၏။

သို့သော် မည်သည့်အကြောင်းကြောင့် သေဆုံးနေသည်ဖြစ်စေ သိန်းသေဆုံးနေသော နေရာတည့်တည့်သို့ အမွန်ရောက်ရှိသေဆုံးနေသည်ကတော့ အလွန်ထူးဆန်းလှချေတော့၏။

တစ်ချိန်တည်းတစ်ပြိုင်တည်း သေဆုံးသည်လည်း မဟုတ်ဘဲ သူတို့အလောင်းနှစ်ခု ဘယ်လိုများ လက်တစ်ကမ်းအကွာ ရောက်နေရတာလဲ။

ပြီးတော့ အမွန်နောက်ဆုံး အိမ်ကထွက်ပြေးသည့်ညက အဖြစ်အပျက်များမှာကော။

ဒီလောက်တင်းတင်းကြပ်ကြပ် စောင့်ပိတ်ထား

www.burmeseclassic.com

www.burmeseclassic.com



သည့် တံခါးများမှာ သော့တွေအကုန်ပွင့်နေတာကတော့ ခေါင်းချောက်စရာကောင်းလွန်းလှချေ၏။

သူတို့တစ်အိမ်လုံးမှာ အမွှန်တို့ကို စာနာသနားသူဆို၍ ဒေါ်အေးပုံသာရှိ၏။ ဒေါ်အေးပုံကလည်း ဒီလောက်တော့လုပ်ဝံ့မည်မထင်။ တကယ်လို့လုပ်သည်ထားဦး အတော်ခက်ခဲလွန်းမည့်ကိစ္စပေပဲ။

မည်သို့ဆိုစေ အဖြေရှာမရသောကိစ္စများစွာအကြားတွင် ချစ်သူနှစ်ဦးကတော့ ဆန်းပြားစွာ သေဆုံးခဲ့ရချေပြီ။

✸

ထိုချောက်အတွင်းမှ လှမ်းမျှော်ကြည့်လျှင် ထင်ထင်ရှားရှားဖူး၍ရသောနေရာတွင် ဆုတောင်းပြည့်ဘုရားတည်ရှိ၏။ အမွှန်တို့ ဇာတ်လမ်းအား အစပြုခဲ့စေသော ဘုရားလေး။ ပြန်ပြောလေတိုင်း ကြေကွဲစရာ၊ တသသမမေ့နိုင်စရာ ဖြစ်ခဲ့ကြရသော နေရာလေးပင်တည်း။

မည်သို့ဆိုစေ အမွှန်တို့ ဇာတ်လမ်းလေး အကျည်းတန်စွာ ပြီးဆုံးသွားခဲ့သော်လည်း သူတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အား အကြောင်းပြုပေါ်ပေါက်လာခဲ့သော ဒဏ္ဍာရီဆန်ဆန် အဖြစ်အပျက်များမှာတော့ သိုပတ်ဝန်းကျင်ရှိ ရွာသူ ရွာသားတို့င်း၏ နှလုံးသားများတွင် လှပစွာ ဆက်လက် ပွားစီးရှင်သန်နေလိမ့်မည် သာတည်း။



ဒဿကျော်စွာ

၂၀၀၉၊ မေလ။

# ဒဿကျော်စွာရဲ့ စကား

ကျွန်တော့်မှာ တူဆိုးဆိုးလေးတစ်ယောက်ရှိပါတယ်။ သူ့နာမည် ချစ်စနိုးနဲ့ခေါ်ကြတာက …

'ကောင်ကလေး' တဲ့။

အားလုံးဝိုင်းပြီး အလိုလိုက်ထားတော့ ကောင်လေးက နည်းနည်း ဆိုးချင်တယ်။

ဦးလေးဆိုတော့လည်း ကျွန်တော်ထိန်းရတာပေါ့လေ။ ကျွန်တော်တို့ဆီ ပြန်လာတုန်း (ကောင်လေးက စင်္ကာပူမှာ ကျောင်းတက်နေတာပါ) ဆုံးမရတယ်။

ကိုယ့်ဦးလေးက ဗမာ့ရှေးဟောင်း ထူးဆန်းအံ့ချီးဖွယ်ရာတွေကို ရေးသားပြီး အသက်မွေးနေတဲ့ဟာ ကောင်ကလေးကိုလည်း ဒီအကြောင်းတွေ စိတ်ပါစေ ချင်မိတာပေါ့။

သူ ကျွန်တော်ပေးတဲ့ စာအုပ်တွေဘာတွေ ယူတော့ ဖတ်တယ်။ ဘာမှတော့ မပြောဘူး။

တစ်နေ့ကျတော့ ရုတ်တရက်ကြီး ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com

နှုန်းဆက်တယ်။

"ဦးယယ် သား စာအုပ်ထုတ်ချင်လို့"

တဲ့။ ကျွန်တော်မှာ သူနောက်နေတာလားတောင် ထင်လိုက်မိပါတယ်။ နောက်တစ်ပတ်လောက်အကြာမှာ မနက်အစောကြီး ကောင်လေးပေါက်ချလာတယ်။

သူ စက်ဘီးနဲ့ ကောလိပ်က ခဏခိုးပြန်လာတာ တဲ့။ သူ့အမေတောင် အသိမပေးဘူး။

ပြီးတော့ ကျွန်တော့်လက်ထဲ ဝုန်းကနဲ စာအုပ် ထုပ်ကြီးတစ်ထုပ် အပ်တယ်။

"ဘာတွေလဲကွ"

ဆိုတော့ ...

"ဝတ္ထုတွေလေ"

တဲ့။ ဟုတ်မှ ဟုတ်ရဲ့လား၊ ကျွန်တော် ယူဖတ် ကြည့်လိုက်တယ်။

အရမ်းပဲ ကျွန်တော် အံ့သြသွားရပါတယ်။

အရေးအသားက (သူ့စကားအတိုင်း ပြောရရင်) လုံးဝဂေါ်လီပဲ။ ကျွန်တော်တောင် သူ့ ဝတ္ထုတွေဖတ်ပြီး

ချက်ချင်း ၁၆နှစ်သားလောက် ဖြစ်သွားသလိုပါပဲ။

သူဟာက အချစ်ဝတ္ထုလိုင်းပါပဲ။

ဒါပေမယ့် လောကမှာ ဒီလို အချစ်ဝတ္ထုမျိုးရှိ နေလိမ့်မယ်လို့တောင် ကျွန်တော်မထင်မိဘူး။

တစ်အုပ်ပြီး တစ်အုပ် ဖတ်လို့ပြီးသွားတာနဲ့ ကျွန်တော့် ထုတ်ဝေသူဆီ ဖုန်းဆက်ပေးတယ်။

ထုတ်ဝေသူ ရောက်လာတယ်။

တစ်အုပ်တောင် ဆုံးအောင် မဖတ်ရသေးဘူး။ ထုတ်ဝေသူမျက်နှာက ပြုံးနေပြီ။

နောက်ထပ် တစ်အုပ်ပြီး တစ်အုပ်။

ကောင်ကလေးရဲ့ စာအုပ်တွေကို အငမ်းမရ တာရစပ် ဖတ်တော့တယ်။

ပြီးတော့ ကောင်ကလေးဘက်လှည့်ကြည့်ပြီး

"ကြိုက်တယ် ညီလေးရာ ကိုယ်ထုတ်ပေး မယ်"

တဲ့။ အဲဒီမှာ ကျွန်တော့်တူရဲ့ ဝသီစတော့တာပဲ။

ပထမဆုံး သူ့စာအုပ်ကို သိန်း၂ဝဖိုးလောက်

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာပေးရမယ်တဲ့။ အုပ်ရေရိုက်နိုင်းလိုက်တာက လည်း အများကြီး။ စာအုပ်အဆင်အပြင်ကိုလည်း သူယူ လာတဲ့ စက်ပူက စာအုပ်တွေပြရင်း အဲဒီအတိုင်းလုပ် ပေးပါတဲ့။

ထုတ်ဝေသူ တစ်ခါတည်း ချွေးပြန်တော့တာ ပဲ။ ပြီးတော့ အသံယဲ့ယဲ့နဲ့ ပြောရှာတယ်။

"ညီလေး ပြောတာတွေသာလိုက်လုပ်ပေးရရင် အစ်ကို အိမ်ပါ ပေါင်ရလိမ့်မယ်"

တဲ့။ ကျွန်တော့်တူက လုပ်နေသေးတယ်။

"ဒါဆို ကျွန်တော့် ဦးငယ်အိမ်ကို ပေါင်ပြီး လုပ်ဗျာ"

တဲ့။ ကျွန်တော်မှာ ကိုယ်ကျိုးစီးပွားထိခိုက်လာ မှာကြောင့် ဝင်တားရပါတော့တယ်။

သူ့ကို ကျွန်တော့်ထုတ်ဝေသူ သုံးယောက်လုံးနဲ့ ဆက်သွယ်ပေးပါတယ်။

ကျွန်တော့်တူ အကောင်းစားလေးက အဲဒီလို အချိုးချည်းပဲ။

နောက်ဆုံး ...

ကျွန်တော် အပြတ်ပြောရတယ်။

"ကဲ မင်း ကျောင်းကို ပြန်စရာရှိတာ ပြန်၊ ကျန်တဲ့ကိစ္စ အားလုံး ငါလုပ်ထားလိုက်မယ်"

"ကျွန်တော့် စာအုပ်လေးတွေ ဘယ်သူထုတ် ပေးမှာလဲဗျ"

"ငါထုတ်ပေးပါ့မယ်ကွာ၊ ငါကိုယ်တိုင် ငါ့ ပိုက်ဆံနဲ့"

ကျွန်တော်ကလုပ်မယ်ဆိုတော့လည်း သူမပြော သာတော့ဘူး။ ဒါတောင် ထပ်ထွန့်တက်ခဲ့သေးတယ်။

"ဦးငယ် ကောင်းကောင်းလေးတော့လုပ်နော်၊ သားက ပရိသတ်ကို အကောင်းစား တွေချည်း ပေးချင်တာ"

တဲ့။

"အေးပါကွာ၊ မင်း ကျောင်းမှာသာ ပညာ ဖြောင့်အောင်သင်ပါ၊ ကျန်တာ ငါ စီစဉ်ပါ့ မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ပါပဲ …

စီးပွားရေးမလုပ်တတ်တဲ့ ကျွန်တော်ဟာ ကောင်လေးရဲ့ စာအုပ်တွေ ထုတ်ပေးဖို့ ဖြစ်လာရပါတယ်။

ဒါပေမယ့် ကျွန်တော်က ပိုက်ဆံစိုက်ပေး၊ နာမည်သာခံတာပါ။ ကျွန်တော့် ထုတ်ဝေသူပဲ အကုန် လုပ်ပေးပါလေရဲ့။

ဒါကြောင့် …

ဒီစာဟာ ပရိသတ်ကြီးကို အကြောင်းကြားတဲ့ စာလည်း ဖြစ်ပါတယ်။

ပန်ကြားတဲ့ စာလည်း ဖြစ်ပါတယ်။

မကြာခင် ကျွန်တော့်တူ **ကောင်ကလေး** ရဲ့ လုံးချင်းဝတ္ထုလေးတွေ ကျွန်တော်ထုတ်ပေးပါတော့မယ်။

ကောင်းမကောင်း အကြောင်းချင်းရာတွေကို တော့ ပရိသတ်ကြီးသာ ဆုံးဖြတ်ပေးကြပါ။

ကျွန်တော့်တူ မလိမ်မိုး မလိမ္မာလေးကိုလည်း တစ်လက်စတည်း ပရိသာတ်ကြီးဆီ အပ်ပါတယ်။

ကောင်လေးက ချာတိတ်သာသာလေးမို့ ချစ်သောမျက်စိနဲ့ ကြည့်ပြီး ဝေဖန် လမ်းညွှန်ပေးကြပါ။

သူ့စာလေးတွေကတော့ လတ်ဆတ်ဆန်းသစ်ပါတယ်။ ပရိသတ်အတွက် တော်တော်စေတနာထားပြီး အပင်ပန်းခံအားထုတ်ထားမှန်းလည်း ပေါ်လွင်ပါလေရဲ့။

အဲဒါလေးတစ်ခုတော့ ကျွန်တော် အာမခံနိုင်ပါတယ်။

ဒဿကျော်စွာ

www.burmeseclassic.com

## ကောင်ကလေးရဲ့ မှုဝါဒ

ရင်ခုန်တိမ်းမူးစဖွယ် ဇာတ်လမ်းလေးတွေကို ရေးမယ်။
ဒါပေမယ့် ဇာတ်လမ်းတွေဟာ သမားရိုးကျ လုံးဝမဟုတ်ဘဲ
ဆန်းသစ်နေရမယ်။ လတ်ဆတ်နေရမယ်။

အချစ်ဝတ္ထုလှလှလေးတွေကို ရေးမယ်။
ဒါပေမယ့် စိတ်ရှုပ်စရာ အိမ်ထောင်ရေးဇာတ်လမ်းကြီးတွေ
မရေးဘူး။ အပျိုလူပျိုတွေအကြောင်းပဲ ရေးမယ်။

ဇာတ်ကောင် နာမည်လှလှလေးတွေပေးတာ ကြိုက်တယ်။
ဒါပေမယ့် လူတွေမှည့်လေ့မရှိတဲ့ အူကြောင်ကြောင်
နာမည်ကြီးတွေပေးတာ မကြိုက်ဘူး။

ကောင်ကလေးကိုယ်တိုင်က ခေတ်လူငယ်ဖြစ်တယ်။
လုံးဝခေတ်ဆန်ဆန် အကြောင်းတွေပဲ ရေးမယ်။ စာရေး
ဆရာဆိုရင် ပုံတုံးတုံးကြီးတွေ များတယ်။ ကောင်ကလေးက
အဲဒါမျိုး မကြိုက်ဘူး။ အဲဗား ... ဟော့ရှော့။

# ကောင်ကလေး

(ရဲ့)

လုံးချင်းဝတ္ထုသစ်တွေ
ရှုလိုင်လကစပြီး လစဉ် ထွက်ပါတော့မ

## ပရိသတ်ကြီးသို့ ...

ကျွန်တော့် ဝတ္ထုတွေကို နှစ်သက်အားပေးကြတဲ့အတွက်
အထူးပဲ ကျေးဇူးတင်မိပါတယ်။
ဒီနေရာမှာ သတင်းလေးတစ်ခု ပေးချင်လို့ပါ။
ကျွန်တော် ကလောင်ခွဲတွေနဲ့လဲ ရေးပါတယ်၊
မတူညီတဲ့ရသကို ပေးချင်လို့ ဖြစ်ပါတယ်။
အများသိတဲ့ ပင်ရင်းကလောင် **ဒေသကျော်စွာ** ကတော့
ဘယာနကရသကို အဓိကပေါ်လွင်အောင် ရေးတာပါ။

**ဒီမွကျော်စွာ** ဆိုပြီးလည်း ရေးပါသေးတယ်။
တကယ့်အဖြစ်မှန် ဂမ္ဘီရနဲ့ လျှို့ဝှက်သဲဖိုလိုင်းပေါ့။

**ဒဏ္ဍကျော်စွာ** ဆိုပြီးတော့
သမိုင်းဒဏ္ဍာရီဆန်ဆန်ဇာတ်လမ်းမျိုးတွေရေးပါတယ်။
ထူးခြားအံ့ဩဖွယ်နဲ့ စွန့်စားခန်းကို ရောမွှေထားပါတယ်။

**သိဒ္ဓိကျော်စွာ** ဆိုတဲ့ ကလောင်အမည်နဲ့တော့
ဗေဒင်စာအုပ်တွေ အဓိကရေးပါတယ်။ လောကီပညာအကြောင်း
ဝတ္ထုတွေလည်းအဲဒီနာမည်နဲ့ တစ်ခါတလေ ရေးပါမယ် ခင်ဗျား။

အဲဒီနာမည်တွေကလွဲရင် <u>လုံးဝ တခြားနာမည်မသုံး</u>
တော့ကြောင်းပါ။ ဆင်တူယိုးမှားရှိရင်လည်း သတိပြုပေးပါနော်။

www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီမြေပေါ်မှာ
ဘာပင်မှ မပေါက်ဘူး။

အဲ့ဒီမြေပေါ်မှာ
ဘာမှ ဆောက်လို့ မရဘူး။

အဲဒီမြေပေါ်မှာ
တော်လဲသလို အသံကြီးတွေ
ကြားရပြီးစဉ်တိုင်း
လူတွေ သောက်သော်လဲ သေတတ်တယ်။
လူတိုင်း ကြောက်ကြတဲ့ အဲဒီမြေရဲ့နာမည်က ...

မြေကြွမ်း

# ဒသကျော်ရှာ

BURMESE CLASSIC .com

www.burmeseclassic.com